
PDF Compressor Free Version

သစ်ထောင်ကြီးမှူး

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၁/၂၀၂၂ လအတွင်း
ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ (၄)ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ(၁)ခု
ဧရိယာ (၆၉၉၃) ဧက သတ်မှတ်နိုင်ခဲ့ခြင်း



မှုန်တောင်ဒေသခံအစုအဖွဲ့. သဘာဝထိန်းသိမ်းရေးနယ်မြေ

PDF Compressor Free Version

မာတိကာ

မျက်နှာမုံး

✧ ကြီးပိုင်းကြီးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်နိုင်ခဲ့ခြင်း — မျက်နှာဖုံး၊ ၄–၆

ဒေါင်းကြီး

✧ ဝန်ထမ်းကောင်းများဖြစ်စေရေး စွမ်းဆောင်ရည်များမြှင့်တင်ပေး — ၁

သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂–၆

သစ်တောလုပ်ငန်းကဏ္ဍ

✧ သစ်အခြေခံစက်မှုလက်မှုအချောထည်ပစ္စည်းများတိုးတက်ရေး - ဦးစိန်သက် — ၁၀–၁၃

✧ LCC နှင့် UTM မြေပုံများအကြောင်းသိကောင်းစရာ - စိမ်းကိန်းနှင့် စာရင်းအင်းဌာန — ၁၄–၁၅၊ ၂၇

✧ မြန်မာ့ဝါးမျိုးအချို့တို့အား ကြာရှည်ခံအောင် ပြုပြင်ခြင်းနည်းလမ်းများ - လွင်လွင်အောင်-လ/ထသုတေသနအရာရှိ — ၂၈–၂၉၊ ၄၂

✧ စိုက်ခင်းကျွန်းနှင့် ကမ္ဘာ့စျေးကွက် - မောင်ကြာလှ — ၃၃–၃၅

✧ သစ်တောစိုက်ခင်းများ ပေါင်းသင်ရှင်းလင်းခြင်းနှင့် အတူ ..... - ဦးဆင်မောင်လှိုင်၊ ဒု-ညွှန်ကြီး — ၄၃–၄၅

✧ သတိထားရမယ့် ကျွန်းပင်ညှိုးရောဂါ ..... - ဒေါ်ဂျူးဂျူးသူ၊ ဒေါက်တာသက်ရည်ခိုင်၊ ဒေါက်တာသန်ရွှင်း — ၄၆–၄၇

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

✧ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေးနှင့် သဘာဝကိုအခြေခံသော ..... - ဒေါက်တာသောင်းနိုင်ဦး — ၁၆–၁၉

✧ ချင်းတွင်းဌာနေ သဘာဝထိန်းသိမ်းရေးနယ်မြေ - စိန်ထွန်း (ဝန်းကျင်/သားငှက်) — ၃၉–၄၂

အခြားသောသတင်းစဉ်းကဏ္ဍ

✧ စိမ်းကိန်းဆိုင်ရာအချက်အလက် -လေ့ကျင့်/သုတေ — ၄၉

✧ ဝန်ထမ်းမှတ်တမ်းပြုစုထိန်းသိမ်းခြင်း -ဇော်မင်းထွဋ် -ဥ၃ — ၅–၉

ရုသကဏ္ဍ

✧ အတုံအလုည်(၂) - တင်ဝင်း — ၂၅–၂၆

✧ သံယောဇဉ်ဆူး - တင်စိုး — ၃၀–၃၂

ဘာဝတရားငယ်ကဏ္ဍ

✧ အမှတ်တရ (၄) - ကိုနွဲ့ပြိုးဦး (မြောင်) — ၂၀–၂၄

ကဗျာ / ကာတွန်းကဏ္ဍ

✧ တို့အညာ တို့ရွာ တို့တော (ကဗျာ) - မင်းကန့်ယ် (အောင်လံ) — ၂၄

✧ ကာတွန်း - အော်ပီကျယ် — ၄၅

အင်္ဂလိပ်ကဏ္ဍ

✧ An Old Forester Looks Back. Eight--Integral Agro-Forestry in Myanmar - U Sein Thet — ၃၆–၃၈

နောက်ကျောပုံး

✧ ကောရဇပင် - ဦးဟုတ်လင်း — ၄၈ နောက်ကျောပုံး

စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ

ဦးလှဦး

ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

ထုတ်ဝေခွင့်အမှတ် - (မြို-၀၀၄၀၀)

စာတည်း

ဦးမောင်မောင်အေး -၃ -

လက်ထောက်ညွှန်ကြားရေးမှူး

စာတည်းအဖွဲ့ဝင်များ

ဦးအောင်ကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး

ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)

ပုံနှိပ်သူ

ဦးရဲလွင်ဌေး(မြို-၀၁၁၅၅)

ဝေါပြူလာမီဒီးယားစုပုံနှိပ်တိုက်

(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈျော၊ စမ္ဘူသီရိမြို့နယ်၊

နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၀၃၄၄

fdextension39@gmail.com

PDF Compressor Free Version

ဝန်ထမ်းကောင်းများဖြစ်စေရေး စွမ်းဆောင်ရည်များ မြှင့်တင်ပေး

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ မိမိတို့၏လုပ်ငန်းတာဝန်များကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန်အရေးကြီးလှပေသည်။

စိတ်ဓာတ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်သောလုပ်ငန်းစွမ်းဆောင်မှုအရည်အသွေးပြည့်ဝသောဝန်ထမ်းများဖြစ်မှသာလျှင် မိမိဌာနနှင့် နိုင်ငံတော် တစ်နည်းအားဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတော်မှ စီမံချက်ချမှတ်ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာနသည် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (မော်ဘီ၊ပုသိမ်ကြီး) တို့တွင် တောအုပ်ကြီး၊ တောအုပ်၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ အငယ်တန်းစာရေး၊ အမှုတွဲထိန်းနှင့်ရုံးအကူများအား ဌာနအတွင်းရှိ သစ်တောလုပ်ငန်းများနှင့် ရုံးလုပ်ထုံးလုပ်နည်းများ မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်ဆောင်ရွက်ပေးနေသလို ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းတွင်လည်း တောခေါင်းအဆင့် သင်တန်းသားများအား အခြေခံသစ်တောပညာ(၂) နှစ်သင်တန်းကို နှစ်စဉ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ထို့အပြင် သစ်တောများရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် သစ်တောမြေများ စနစ်တကျစီမံအုပ်ချုပ်နိုင်ရေးအတွက် သစ်တောသုတေသနဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဦးစီးအရာရှိအဆင့်ရှိဝန်ထမ်းများကို စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်၊ ပြောင်းလဲလာသော ခေတ်နှင့်အညီလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လာနိုင်စေရန် သစ်တောလုပ်ငန်းဆိုင်ရာဘာသာရပ်များ၊ ငွေစာရင်းသုံးစွဲမှု၊ စီမံခန့်ခွဲမှုအတတ်ပညာနှင့် တိုးချဲ့ပညာပေးရေး ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိပါသည်။

ဝန်ထမ်းများအနေဖြင့် ဉာဏ်ရည်ဉာဏ်သွေးသဘောအရ တစ်ဦးနှင့်တစ်ဦး ကွာခြားမှုရှိနိုင်သော်လည်း မိမိအလုပ်အပေါ် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုသော စိတ်ဓာတ်နှင့်ခံယူချက်ကို လေ့ကျင့်မွေးမြူရမည်ဖြစ်ပါသည်။ ဝန်ထမ်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများစွာရှိသည့်အထဲမှ နိုင်ငံ့ဝန်ထမ်းဘဝကို ရွေးချယ်လျှောက်လှမ်းကြသူများဖြစ်သဖြင့် မိမိဌာန၏အကျိုးကို တက်အားရှိသ၍ စွမ်းစွမ်းတမံဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သစ်တောဦးစီးဌာန၏ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် ဝန်ထမ်းများအနေဖြင့် ဌာနမှဖွင့်လှစ်သော စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများမှ စာတွေ့လက်တွေ့ ပို့ချပေးခဲ့သည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ကြားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများအနေဖြင့် ပါဝင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သစ်တောမူဝါဒ (၆)ချက်

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနှာနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နီးကြားထကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နီးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

သတင်းကဏ္ဍ

ပြည်ထောင်စုဝန်ကြီး မကွေးတိုင်းဒေသကြီး ခရီးစဉ်





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ၁၁-၁၁-၂၀၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ငမင်ကြိုးပိုင်းအတွင်း တည်ထောင်ထားသော သစ်မျိုးစုံစိုက်ခင်း (၁၀၀) ကောကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သစ်မျိုး(၅၁)မျိုးဖြင့် စိုက်ပျိုးထားမှုအခြေအနေနှင့် သုတေသနဆောင်ရွက်မှုကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

၁၂-၁၁-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ သာစည်ကြိုးပြင်ကာကွယ်တောရှိ ၃/၂၀၂၁ အထူးစိမ်းတစ်အုပ်တစ်မအပင် ၃၀၀၀ ၊ သဘာဝတောထိန်း ဇော ၁၀၀၀ အတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးထားသော ၄/၂၀၂၁ အထူးစိမ်းကွက်လပ်ဖြည့် အပင် ၄၀၀၀ ၊ ၅/၂၀၂၁ အထူးစိမ်းအပင်ကြီးစိုက်ပျိုးမှု အပင် ၉၃၆၀ တို့၏ ရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ တောပုန်းကြိုးပြင်ကာကွယ်တောရှိ ၂/၂၀၂၂ ကျေးရွာထင်းစိုက်ခင်း ၅၅ ဇောနှင့် ၃/၂၀၂၂ အခြားစိုက်ခင်း ဇော ၃၀ ဧက၏ ရှင်သန်အောင်မြင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီးအိုင်ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးသော ၂/၂၀၂၁ တောင်တန်းစိုက်ခင်း ဇော ၁၀၀၊ ၅/၂၀၂၁ အထူးစိမ်းအပင်ကြီး တစ်အုပ်တစ်မအပင် ၃၂၄၀၊ ၃/၂၀၂၂ အထူးစိမ်း တစ်အုပ်တစ်မ အပင် ၁၅၀၀၊ ၃/၂၀၂၁ အထူးစိမ်း တစ်အုပ်တစ်မ အပင် ၁၅၀၀၊ ၁/၂၀၂၁ အထူးစိမ်းစိုက်ခင်းအပင် ၆၂၀၀ နှင့် ပုဂံကြိုးပိုင်းအတွင်း စိုက်ပျိုးထားသော ၁/၂၀၂၂ ကျေးရွာထင်းစိုက်ခင်း ၅၀ ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝတောကျန်များကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ပြီး သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေး အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်၊ သဘာဝတောကျန်များရှိ ကွက်လပ်နေရာများတွင် ဒေသနှင့်ကိုက်ညီသောသစ်မျိုးများဖြင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းအား ထိထိရောက်ရောက်ဆောင်ရွက်သွားရန်၊ ကျေးရွာသုံးထင်းစိုက်ခင်းများ ပိုမိုတိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအသုံးပြုနိုင်ပြီး ထင်းလောင်စာသုံးစွဲမှု ၄၀ ရာခိုင်နှုန်းလျှော့တာနိုင်သော စွမ်းအားမြင့်မီးဖိုများအား ဒေသခံပြည်သူများထံ ဆက်လက်ဖြန့်ဝေသွားရန်မှာကြားသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မိုးရေစုကန်များ ဆောင်ရွက်ပေးထားသော မင်းဘူးမြို့နယ်၊ ဇီးအိုင်အုပ်စု၊ တဲကုန်းရွာရှိ ရွာသူ၊ ရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မင်းဘူးမြို့နယ် ရွှေတပင် အမြဲတမ်းပျိုးဥယျာဉ်အတွင်း ၂၀၂၃ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးပင် ၈၈၀၀၀ နှင့် အထူးစိမ်းပျိုးပင် ၂၉၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(၁၃-၁၁-၂၀၂၂)ရက်နေ့ နံနက်ပိုင်းတွင် မကွေးမြို့ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသစ် တည်ဆောက်ပြီးစီးမှုနှင့် ၂၀၂၃ မိုးရာသီတွင် စိုက်ပျိုးရန်ပျိုး ထောင်ထားသော တမာပျိုးပင် ၈၅၀၀၀ နှင့် အပူပိုင်း သစ်မျိုးပျိုးပင် ၃၃၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မကွေးမြို့နယ် ဒေါင်းနေ တိုးချဲ့ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင် စိုက်ပျိုးထားသော ၁/၂၀၂၀ ကျေးရွာထင်းစိုက်ခင်း ယူကလစ် ဇော ၂၀ ၏ ရှင်သန်အောင်မြင်မှုနှင့် ဒေါင်းနေ အမြဲတမ်းပျိုးဥယျာဉ်အတွင်း ယူကလစ်၊ ရှား၊ ဒဟတ်၊ ကုက္ကိုနှင့်ဖျောက်ဆိပ် အပါအဝင် အပူပိုင်းသစ်မျိုးပျိုးပင် ၁၂၀,၀၀၀ ကျော်ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

PDF Compressor Free Version

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ်၊ နတ်ကန်ဦး ကြိုးပြင်ကာကွယ်တောရှိ ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းရေးစိုပြည်ရေးဇုန်စီမံကိန်းသို့ရောက်ရှိပြီး ၂၀၂၀ ဖြည့်စွက်အထူးစိမ်းစိုက်ခင်း အပင် ၁၂၀၀၀၏ ရှင်သန်ကြီးထွားမှု၊ ၂/၂၀၂၂ ဖြည့်စွက်အထူးစိမ်းစိုက်ခင်း အပင် ၁၁၀၀၀ ၏ အောင်မြင်ဖြစ်ထွန်းနေမှု၊ နတ်ကန်ဦးနှင့် ယင်းမာချောင်း သဘာဝတောကျန် ဧက ၂၀၀၀ ထိန်းသိမ်းကာကွယ်ထားမှုနှင့် သဘာဝတောကျန်များ တိုးတက် ကောင်းမွန်လာမှု၊ ၂၀၂၂ စံပြတမာစိုက်ခင်းဧက ၂၀ ၏ အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေနံချောင်း အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ပြီး သဘာဝတောကျန်များအား ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူများအား သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန်အသိပညာပေးခြင်း၊ တောကျန်ကွက်လပ်နေရာများ၌ ဖြည့်စွက်စိုက်ပျိုးခြင်း၊ သစ်မျိုးအလိုက် ရှင်သန်ကြီးထွားမှုနှင့် ဒေသနှင့်ကိုက်ညီမှုသုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သစ်တောတိုင်းတာခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



သစ်တောတိုင်းတာခြင်းသင်တန်းကို (၁၆–၁၁–၂၀၂၂)ရက်နေ့၊ နံနက်(၀၉း၃၀)နာရီတွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ၊ ရေဆင်းနေပြည်တော်တွင် ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဌေးအောင်တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် သစ်တောဦးစီးဌာနနှင့် သစ်တောကဏ္ဍ၏ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် သစ်တောတိုင်းတာခြင်းလုပ်ငန်းကို ခေတ်မီပစ္စည်းကိရိယာများအသုံးပြုပြီး လုပ်ဆောင်လာနိုင်စေရန် တိကျ သေချာသည့်အချက်အလက်များရရှိလာနိုင်စေရေးနှင့် စွမ်းဆောင်ရည်ပြည့်မီသည့်ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊

သစ်တောဦးစီးဌာနနှင့် ကိုရီးယားသစ်တောဌာန (KFS)တို့ ပူးပေါင်းအကောင်အထည်ဖော်နေသည့် REDD+ စီမံကိန်းသည် ၂၀၁၆ ခုနှစ်မှစတင်ပြီး ပဲခူးတိုင်းဒေသကြီး၊ မြောက်စာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ သစ်တောကာဗွန်တိုင်းတာခြင်း၊ သစ်တောပြန်တီးမှုလျော့ချနိုင်ရေးနှင့် သစ်တောဇရိယာတိုးပွားလာစေရေးအတွက် သရုပ်ပြသစ်တောထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးမှုလျော့ချခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

သင်တန်းသို့တက်ရောက်လာသည့် တောခေါင်းနှင့် တောကြပ်အဆင့်ဝန်ထမ်းများသည် မြေပြင်တွင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အခြေခံကျကျ ဆောင်ရွက်နေရသည့်ဝန်ထမ်းများဖြစ်သည့်အပြင် ဒေသခံပြည်သူများနှင့် နေ့စဉ် ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများဖြစ်ကြ၍ သစ်တောဦးစီးဌာန၏စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရေးအခြေခံကျသည့် သစ်တောတိုင်းတာခြင်း လုပ်ငန်းကိုစာတွေ့၊ လက်တွေ့ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊

သင်တန်းမှပို့ချပေးမည့်အသိပညာ၊ အတတ်ပညာများသည် လက်တွေ့နယ်ပယ်တွင် အသုံးချနေရသည့် ပညာရပ်များဖြစ်သဖြင့် ကြိုးစားလေ့လာသင်ယူကြရန်နှင့် ပို့ချလိုက်သည့်ပညာရပ်များဖြင့် ဌာနအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူအကျိုး ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ/ဆရာမများ နှင့် သင်တန်းသား တောခေါင်း(၁၅)ဦး၊ တောကြပ်(၅)ဦး၊ ပေါင်း(၂၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

PDF Compressor Free Version

မျက်နှာဖုံးသတင်း

ဇီးပြားကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (c)အရ အပ်နှင်းထားသောအခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းကျရောက်နေသည့်ဇရိယာအကျယ်အဝန်း (၂,၂၀၀)ကေရှိသော နယ်မြေကို **'ဇီးပြားကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၁ /၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၀၂၂ခုနှစ်၊ နိုဝင်ဘာ(၁၄) ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဇီးပြားကြိုးပြင်ကာကွယ်တောဇရိယာအား ကာကွယ်တော ပတ်ဝန်းကျင်တွင်ရှိသော ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် စိုက်ပျိုးမြေများ အတွက် ရေရရှိနိုင်မည့် ရေဝေရေလဲဒေသတို့အားထိန်းသိမ်းရန်တို့ကို ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဇီးပြားကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဇရိယာအတွင်းပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတို၊ အင်၊ အင်ကြင်းနှင့် ထောက်ကြပင်များအား ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ တောကြောင်၊ တောကြက်၊ တောဝက်၊ မျောက်များနှင့် ငုံး၊ ခါ၊ သစ်တောက်ငှက်၊ ချိုး၊ စွန် စသည့်တိရစ္ဆာန်များအတွက် ကျက်စားရာဒေသတိုးပွားလာခြင်း၊ တောင်ခြောင်းမကြီးနှင့် ကျောက်ထရံချောင်းတို့ပေါင်းဆုံ၍ ပုလောချောင်းအတွင်းသို့ စီးဆင်းသည့် အဓိကရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်အတွင်းကျရောက်နေသည့် ဇရိယာအကျယ်အဝန်း(၁,၈၂၀)ကေရှိသောနယ်မြေကို **'ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တော'** အဖြစ်အမိန့်ကြော်ငြာစာအမှတ်(၁၆၃ /၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက် (၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောဇရိယာအား ကျိုင်းတုံမြို့ရေပေးဝေရေးဆောင်ရွက်ရာတွင် သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောရေကို အဓိကထောက်ပံ့ပေးနေသည့်နမ့်ခင်ချောင်းရေဝေရေလဲဒေသ၏ ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုညီညွတ်မှုတစေရန်၊ မြေဆီမြေသားကောင်းမွန်လာစေရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် သဘာဝတောများကို အမွန်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။



ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် သဘာဝပေါက်ပင်များဖြစ်သည့် တောရှောက်၊ တပင်တိုင်မြနန်း၊ ဝံအူ၊ ကျားမနိုင်ဖြစ်၊ တောဂျင်းနက်နှင့် တောနွင်း စသည့် ဆေးဖက်ဝင်အပင်များအပြင် တားမြစ်ရာပါသစ်ဖြစ်သည့် ထင်းရှူးပင်နှင့် အခြားသစ်မျိုးများဖြစ်သည့် ပရူတ်၊ လောက်ယား၊ စွယ်တော်၊ သစ်ခွ၊ သစ်အယ်၊ နဘဲ၊ ရေနဲပင်များ ပေါများစွာ ပေါက်ရောက်လာနိုင်ခြင်း၊ တောဝက်၊ ဂျီ၊ ဒေါင်း၊ တော

PDF Compressor Free Version

ကြက်၊ တောကြောင်၊ မျောက် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသ တိုးပွားလာနိုင်ခြင်းနှင့် မဲခေါင်မြစ်အတွင်း စီးဝင်သည့်နမ့်လွေချောင်း ရေဝေရေလဲဇရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဇရိယာအကျယ်အဝန်း (၈၅၀)ဧကရှိသောနယ်မြေကို **'မုတ်ဝ(၂) ကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၁၆၄ /၂၀၂၂)အရ ၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၈) ရက်(၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တောဇရိယာသည် ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတော ရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ခြင်းဖြစ်ပါသည်။

မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဇရိယာအတွင်းပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ယာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် သစ်ဖြူ၊ သရဲကြီး၊ သစ်မန်ကျည်း စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ တောင်ဆိတ်၊ တောကြက်နှင့် မျောက်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသ တိုးပွားလာခြင်း၊ မူးမြစ်အတွင်းစီးဝင်သော သော်ချောင်း၏ ရေဝေရေလဲဇရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

ကျောက္ကာအနောက်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်အတွင်းကျရောက်နေသည့် ဇရိယာအကျယ်အဝန်း (၇၁၇) ဧကရှိသောနယ်မြေကို **'ကျောက္ကာအနောက်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၆၅ /၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်(၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျောက္ကာအနောက်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောဇရိယာအား သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှကာကွယ်ရန်၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသများ၏ မြေပြိုတိုက်စားမှုမှ ကာကွယ်ရန်နှင့် ဒီရေတောများသည် လိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန် ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။

ကျောက္ကာအနောက်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဗြူးခြေထောက်၊ ဗြူး



အုပ်ဆောင်း၊ လမု၊ ကန့်ပလာ၊ ကနစိုး၊ ပင်လယ်အုန်း၊ မဓမ စသည့် ဒီရေတောသစ်မျိုးများ၊ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းစသည့်ရေနေသတ္တဝါများ၊ တောကျီးကန်း၊ ချိုး၊ ဘုတ်၊ ရေကြက်၊ ဟိုင်းစသည့် ငှက်မျိုးများနှင့် မျောက်၊ ဖွတ်၊ ဖျံ၊ မြွေ၊ အင်းကျား စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားပေါက်ရောက်ရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက်အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

PDF Compressor Free Version

မူနိုတောင်ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ ဇရီယာ (၁,၄၀၆) ဧကကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အတွက် **'မူနိုတောင် ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေ'** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) မှစ၍ သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။

မူနိုတောင်ဒေသသည် ဟားခါး-မှန်တောလမ်းဟားခါးမြို့မှ အရှေ့ဘက်(၁၂)မိုင်ခန့်အကွာ မူနိုတောင်ကြောအတွင်းတည်ရှိပြီး ဟားခါးမြို့နှင့်နီးစပ်သဖြင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာအပန်းဖြေနိုင်သောနေရာဖြစ်ခြင်း၊ တောဆိတ်နှင့် တောင်ဆိတ်များစွာကျက်စားသည့် ထူးခြားထင်ရှားသည့် ကျောက်ကမ်းပါးယံကြီးတစ်ခုတည်ရှိခြင်းကြောင့် ဘူမိရုပ်သွင်ထူးခြားသော ဒေသဖြစ်ခြင်း ၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ၊ တောင်ဇလပ်နီနှင့် ချယ်ရီပင်များနှင့်သစ်ခွမျိုးစုံပေါက်ရောက်ပြီး သဘာဝတောအနေအထားများကောင်းမွန်ခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များ စုံလင်စွာကျက်စားသည့် ဒေသဖြစ်သည့်အပြင် ဒါအိုချိန်း၊ အိုင်ဗဲ၊ မြိုင်ခ၊ ဗန်ဟာ၊ ကျင်ခွာ၊ ဖာရ်ရွန်းနှင့် ဖီးရ်သီး ကျေးရွာတို့မှ အဓိကအားထားရာဒေသတစ်ခုဖြစ်ခြင်း၊ ဘူမိရုပသွင်ပြင်ထူးခြားသည့် သဘာဝကျောက်ကမ်းပါးယံကြီးတစ်ခုတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် တောဆိတ်နှင့် တောင်ဆိတ်တို့အများအပြား ထူးခြားစွာကျက်စားနေထိုင်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်သဖြင့် မူနိုတောင်ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၇-၁၁-၂၀၂၂) ရက်မှ (၁၃-၁၁-၂၀၂၂) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၄၄. ၃၁၁၆)တန်၊ သစ်မာ (၇.၄၆၆၈)တန်၊ အခြား(၄၂.၉၂၉၆)တန်၊ စုစုပေါင်း (၁၉၄.၇၀၈၀)တန်၊ ယာဉ်/ယန္တရား (၁၆)စီး၊ တရားခံ(၃၄)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၉-၁၁-၂၀၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ခပေါင်းကြိုးဝိုင်း၊ အကွက်အမှတ် (၈၀၊၈၂)အတွင်းမှ တရားမဝင်ကျွန်းသစ်/ ခွဲသား/ခွဲခြမ်း (၁၈၇)လုံး/ချောင်း/ခြမ်း (၃၃. ၂၈၃၈) တန် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။





PDF Compressor Free Version



ဝန်ထမ်းမှတ်တမ်း ပြုစုထိန်းသိမ်းခြင်း

ကော်မင်းထွဋ် (ဧဂ)

'ဝန်ထမ်း' ဟူသော စကားသည် သက္ကရာဇ် ၉၀၀ ကျော်ခန့် တွင် ပေါ်ပေါက်လာသည်ဟု ဝေါဟာရ လိနတ္ထဒီပနီတွင် အဆိုရှိခဲ့ပြီး အကြီးအကဲနေရာ၌ ရွေးချယ် တင်မြောက်ခြင်းခံရသူကို 'မင်း' ခေါ်သည်ဟူ၍ ယူသင့် ကြောင်း။ 'ဝန်ထမ်း' ဟူသော ဝေါဟာရသည် 'တာဝန်' ဟူသော ဝေါဟာရကလာကြောင်း တိုင်းဝန် ပြည်ဝန် တာဝန်ခံ၍ စီမံအုပ်ချုပ်ရသောသူတို့အနက် တာဝန်ကြီး ကြပ်ထမ်းရွက်ရသူကို 'ဝန်ကြီး' ဟုခေါ်ကြောင်း၊ မြန်မာ မင်းအုပ်ချုပ်ပုံ စာတမ်းတွင် ဖော်ပြထားပါသည်။ ဗြိတိသျှ အုပ်ချုပ်ရေးသမိုင်းတွင် နိုင်ငံဝန်ထမ်း (မြို့ပြ ဝန်ထမ်း) Civil Servant ဟူသော ဝေါဟာရကို ဆယ့်ရှစ်ရာစုနှစ် တွင်မှ စတင်တွေ့ရှိခဲ့ရပါသည်။

အင်္ဂလိပ်အုပ်ချုပ်စဉ်ကလည်း အစိုးရအတွက် အမှုတော်ထမ်းရသည့် လူပုဂ္ဂိုလ်များရှိခဲ့ရာ ထိုသူတို့ကို 'ဝန်ထမ်း' ဟုပင် ခေါ်ဆိုခဲ့ကြပါသည်။ မြန်မာဘုရင်များ လက်ထက်က ဝန်ထမ်းများခန့်ထားအုပ်ချုပ်မှုများကို မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတို့တွင်တွေ့ရှိခဲ့ပြီး အင်္ဂလိပ် လက်ထက်တွင် ဝန်ထမ်းခန့်ထားအုပ်ချုပ်ရာတွင် မူလ အခြေခံနည်းဥပဒေများ (Fundamental Rules)၊ နောက် ဆက်တွဲနည်းဥပဒေများ (Supplementary Rules)နှင့် မြို့ပြ ဝန်ထမ်း၊ စည်းမျဉ်းများ(Civil Service Regulations)၊ ယင်းနည်းဥဒေများနှင့် ပတ်သက်၍ ဖြည့်စွက်ချက်၊ ညွှန်ကြားချက်များကို မြန်မာဘာသာသို့ပြန်ဆို၍ ခေတ်နှင့် လျော်ညီအောင်ပြုစုကာ ၁၉၈၄ ခုနှစ်တွင် 'ဝန်ထမ်းစည်း မျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင်' ၊ ၁၉၈၅ ခုနှစ် တွင် 'ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲစာစောင်' နှင့် ၁၉၉၁ ခုနှစ်တွင် ဝန်ထမ်းကျင့်ဝတ်စာစောင်ကို ထုတ် ဝေပြဋ္ဌာန်းခဲ့ပါသည်။ ထိုသို့ ဝန်ထမ်းစည်းကမ်းထိန်းသိမ်း ရေးဆိုင်ရာလက်စွဲစာစောင်များသည်လည်း ပြောင်းလဲလာ သည့် ခေတ်အခြေအနေနှင့်လိုက်လျောကိုက်ညီမှုရှိရန် လို အပ်ချက်အရ ၂၀၁၃ ခုနှစ်၊ မတ်လ(၈) ရက်၊ ပြည်ထောင် စုလွှတ်တော်၊ ဥပဒေ အမှတ်–၅ ဖြင့် နိုင်ငံဝန်ထမ်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံဝန်ထမ်းဥဒေပြဋ္ဌာန်းပြီးနောက် ၎င်းဥပဒေ၊ ပုဒ်မ–၎၆၊ အပိုဒ်ခွဲ(က)အရ အပ်နှင်းထားသည့် လုပ်ပိုင် ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည့် ၂၀၁၄ ခုနှစ်၊ မတ်လ(၁၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၄ ဖြင့် နိုင်ငံဝန်ထမ်းနည်းဥပဒေများကို ထုတ်ပြန် ကြေညာခဲ့ပါသည်။ ထိုသို့ နိုင်ငံဝန်ထမ်းဥပဒေ၊ နိုင်ငံ ဝန်ထမ်းနည်းဥပဒေများ ပြဋ္ဌာန်းပြီးနောက်ပိုင်း လိုအပ်သည့် ဥပဒေ၊ ပုဒ်မနှင့် နည်းဥပဒေအပိုဒ်များကိုလည်း ပြင်ဆင် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံဝန်ထမ်းဥပဒေနှင့် နိုင်ငံဝန်ထမ်း နည်းဥပဒေ တို့တွင် ဝန်ထမ်းစတင်ခန့်ထားသည်မှ ပင်စင်ယူသည် အထိ ဆောင်ရွက်ဖွယ်ရာများကို စည်းစနစ်တကျဆောင် ရွက်စေရန်လည်း ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါ သည်။ နိုင်ငံဝန်ထမ်းတစ်ဦး စတင်ခန့်ထားသည်မှ ပင်စင် ယူသည့်အချိန်အထိ ၎င်းဝန်ထမ်းနှင့်ပတ်သက်၍ ဝန်ထမ်း ကာလတစ်သက်တာမှတ်တမ်းကို မလွဲမသွေဖွင့်လှစ် ဆောင် ရွက်ရပါသည်။ သို့မှသာ ဝန်ထမ်းလုပ်သက်တစ်လျှောက် အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ၁၉၈၄ ခုနှစ်၊ ဝန်ထမ်း စည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်၊ အခန်း (၁၈)တွင် အမှုထမ်းသက်မှတ်တမ်းထိန်းသိမ်းခြင်းနှင့် ပတ် သက်၍ မူလအခြေခံနည်းဥပဒေ(FR)၊ အပိုဒ် ၎၄ (က) (၄)နှင့် နောက်ဆက်တွဲနည်းဥပဒေ (SR) ပါ ပြဋ္ဌာန်းချက် များ သတ်မှတ်ထားရှိခဲ့ပါသည်။

ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ကောက်နုတ်ချက်စာ စောင်တွင် အမှုထမ်းသက် မှတ်တမ်းထိန်းသိမ်းခြင်းကိစ္စ နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အခြေအနေတို့ ကိုပြည့်စုံစွာဖော်ပြထားခဲ့ပါသည်။ အဆိုပါ ဝန်ထမ်း စည်း မျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင်၊ ဝန်ထမ်းစည်း ကမ်းထိန်းသိမ်းရေးလက်စွဲစာစောင်နှင့် ဝန်ထမ်းကျင့်ဝတ် စာစောင်တို့ကို အမှီပြုရေးဆွဲခဲ့သည်။ နိုင်ငံဝန်ထမ်း ဥပဒေ နှင့် နိုင်ငံဝန်ထမ်းနည်းဥပဒေတို့တွင်လည်း ဝန်ထမ်းမှတ် တမ်းစာအုပ်ပြုစုထိန်းသိမ်းရန် ရေးဆွဲဆောင်ရွက်ထားရှိ ပါသည်။

နိုင်ငံဝန်ထမ်းဥပဒေ၊ နိုင်ငံဝန်ထမ်းနည်းဥပဒေတို့ တွင်ဖော်ပြထားသည့် ဝန်ထမ်းမှတ်တမ်းစာအုပ်နှင့် ဝန်ထမ်း စည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်တွင် ဖော် ပြထားသည့် အမှုထမ်းသက် မှတ်တမ်းစာအုပ်တို့သည် ဝေါဟာရအားဖြင့် ကွာခြားသော်လည်း အနှစ်သာရအား ဖြင့် တူညီမှုရှိပါသည်။ နိုင်ငံဝန်ထမ်းနည်းဥပဒေ ၂၉၀

PDF Compressor Free Version

တွင် ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားပြီးဖြစ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လက်စွဲစာစောင်များ၊ ကောက်နုတ်ချက်များ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များသည် ဤနည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ဖော်ပြချက်အရ ဝန်ထမ်းမှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရသည့်အခြေအနေတို့ကို လေ့လာသိရှိသမျှ စုစည်းဖော်ပြအပ်ပါသည်။ ဝန်ထမ်းမှတ်တမ်းစာအုပ်သည် ဝန်ထမ်းတိုင်းအတွက် အရေးအကြီးဆုံးလုပ်သက်မှတ်တမ်းစာအုပ်ဖြစ်သောကြောင့် ကာယကံရှင် ဝန်ထမ်းကိုယ်တိုင်နှင့် အထက်အရာရှိများကပါ ဂရုတစိုက်ဆောင်ရွက်ရမည့် မှတ်တမ်းစာအုပ်ဖြစ်ပါသည်။ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ဖော်ပြချက်များသည် အရေးကြီးပြီး ဝန်ထမ်းတစ်ဦး၏ တစ်သက်တာမှတ်တမ်းဖြစ်သောကြောင့် အချက်အလက်များ ထည့်သွင်းခြင်းကို ကာယကံရှင်ဝန်ထမ်းကိုယ်တိုင်လည်း သိရှိရမှာဖြစ်ပါသည်။ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင်လည်း အမှုထမ်းများအတွက် သတ်မှတ်ထားသည့်စာအုပ်နှင့် အရာထမ်းများအတွက် သတ်မှတ်ထားသည့်စာအုပ်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ဌာနအများစုတွင် ဝင်ပေါက်ရာထူးသတ်မှတ်ချက်တွင် အမှုထမ်းအများစုဖြစ်သောကြောင့် အမှုထမ်းများအတွက် သတ်မှတ်ထားသည့် မှတ်တမ်းကို ဖြည့်စွက်ပြုစုပြီး အရာထမ်းဖြစ်လာမှသာ အရာထမ်းအတွက် သတ်မှတ်ထားသည့်မှတ်တမ်းကိုဆက်လက်ပြုစုရပါသည်။ အရာထမ်းအဆင့်မှစ၍ ခန့်ထားခြင်းခံရသည့်ဝန်ထမ်းများကိုတော့ အရာထမ်းအဆင့်များအတွက် သတ်မှတ်ထားသည့် မှတ်တမ်းစာအုပ်ကို စတင်ဖြည့်စွက်ပြုစုရပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အခန်း(၁၃)၊ ပုဒ်မ(၇၁)တွင် 'ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည်မှ အစပြု၍ အငြိမ်းစားယူသည်အထိ ဝန်ထမ်းဖြစ်စဉ်ဖော်ပြသည့် ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည်' ဟု ဖော်ပြထားပါသည်။ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာကောက်နုတ်ချက်စာစောင် အပိုဒ်(၂၁၃)တွင် အမှုထမ်းအဆင့်များအတွက် ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရသူတိုင်းအတွက် အမှုထမ်းသက်မှတ်တမ်းစာအုပ်ထားရှိရမည်။ အမှုထမ်းသက်မှတ်တမ်းစာအုပ်ကို ဝန်ထမ်းက မိမိငွေဖြင့်ဝယ်ယူရမည်။ အဆိုပါ သတ်မှတ်ဖော်ပြချက်များအရ ဝန်ထမ်းတစ်ဦးဖြစ်လာပြီးဆိုကတည်းက မိမိနှင့်သက်ဆိုင်သော မှတ်တမ်းစာအုပ်ကို မိမိပိုင်ငွေကြေးဖြင့် ဝယ်ယူရန်မှာ ဝန်ထမ်း၏ တာဝန်ပင်ဖြစ်ပြီး အချက်အလက်များ စတင်ဖြည့်စွက်ရန်မှာ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၇၅ တွင်လည်း 'ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရသူတိုင်းအတွက် ဝန်ထမ်းမှတ်တမ်းစာအုပ်ထားရှိရမည်။ ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ဝန်ထမ်းက မိမိငွေဖြင့် ဝယ်ယူရမည်။ အရာထမ်းအဆင့်၊ အမှုထမ်းအဆင့် ဝန်ထမ်းအားလုံးအတွက် အကျုံးဝင်သည်' ဟု လည်း ဖော်ပြထားပါသည်။

နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၇၆ တွင် 'ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် အိမ်ထောင်သည်ဖြစ်ပါက ဝန်ထမ်း၏ ဇနီး၊ ခင်ပွန်း၊ မိဘနှစ်ဦး၊ သား၊ သမီး၊ ညီအစ်ကို၊ မောင်နှမတို့ကို ပြည့်စုံစွာရေးသွင်းရမည်။ အိမ်ထောင်မရှိသူ အပျို၊ လူပျိုဖြစ်ပါက ယင်းဝန်ထမ်း၏ မိဘနှစ်ဦး၊ ညီအစ်ကို၊ မောင်နှမ၊ တူ၊ တူမ အရင်းအခြားများ ယင်းတို့မရှိပါက တရားဝင်မွေးစားထားသည့် သားသမီးများ အကျုံးဝင်သည်' ဟုဖော်ပြထားပါသည်။ အဆိုပါဖော်ပြချက်သည် ဝန်ထမ်းတစ်ဦးသည် ပင်စင်ယူသည့်အခါ မိသားစု ပင်စင် သို့မဟုတ် အခြားမျှော်လင့်မထားသည့် ကိစ္စရပ်များပေါ်ပေါက်လာသည့်အခါ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၇၈ တွင် ဝန်ထမ်းတစ်ဦးစတင်ခန့်ထားရာတွင် မွေးသက္ကရာဇ်နှင့်ပတ်သက်၍ မှတ်တမ်းဖြည့်သွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့်အခြေအနေကို အောက်ဖော်ပြပါအတိုင်းဖော်ပြထားပါသည်–

ဝန်ထမ်း၏ မွေးသက္ကရာဇ်ကို ဝန်ထမ်းမှတ်တမ်းစာအုပ်တွင်ရေးသွင်းရာ၌–

(က)မွေးသက္ကရာဇ်ကို အောက်ပါစာရွက်စာတမ်း အထောက်အထားတစ်ခုခုဖြင့်တိုက်ဆိုင်စိစစ်ပြီးမှသာရေးသွင်းရမည်–

(၁)မွေးစာရင်းလက်မှတ်

(၂)ကျောင်းဝင်မှတ်ပုံတင် ထောက်ခံချက်

(၃)တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်

(ခ)မွေးဖွားသည့် ခုနှစ်နှင့် လကိုသိ၍ မွေးဖွားသည့် ရက်စွဲကို မသိသည့် ဝန်ထမ်း၏ ကိစ္စတွင် ထိုမွေးဖွားသည့် လ၏ ၁၆ ရက်နေ့ကို မွေးဖွားသည့် ရက်စွဲအဖြစ် မှတ်ယူရမည်။

(ဂ)မွေးဖွားသည့် ခုနှစ်ကိုသာသိ၍ မွေးဖွားသည့် လနှင့် ရက်စွဲကိုမသိသည့် ဝန်ထမ်း၏ကိစ္စ၌ မွေးဖွားသည့် နှစ်၏ ဇူလိုင်လ ၁ ရက်နေ့ကို မွေးဖွားသည့် ရက်စွဲအဖြစ် မှတ်ယူရမည်။

(ဃ)မွေးဖွားသည့်ခုနှစ်၊ လနှင့် နေ့ရက်အတွက် မည်သည့်အထောက်အထားမှ မတင်ပြနိုင်ပါက ကျန်းမာကြောင်း ဆေးလက်မှတ်တွင်ဖော်ပြထားသည့် အသက်ကို အသက်မှန်ဟု မှတ်ယူရမည်။ သို့ရာတွင် ဝန်ထမ်း၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးစစ်သည့်နေ့ရက်

PDF Compressor Free Version

ကိုဝန်ထမ်း၏ဆေးစာပါ ခန့်မှန်းသတ်မှတ်သည့် အသက်ပြည့်သည့်နေ့ရက်အဖြစ်မှတ်ယူရမည်။ သို့ဖြစ်၍ ဝန်ထမ်းမွေးနေ့သည် ယင်းဝန်ထမ်း၏ဆေးစစ်သည့်နေ့ရက်မှ ယင်း၏ အသက်ကိုနှုတ်၍ရသော နေ့ရက်ဖြစ်သည်။

ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ကနဦးဖြည့်စွက်ရေးသွင်းရာတွင် အထူးသတိပြုလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခြေအနေအမျိုးမျိုးတွင်ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို ခြုံငုံမိအောင် အားနည်းချက်၊ ချို့ယွင်းချက်မရှိအောင် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၀၉ တွင် ဝန်ထမ်း၏ အမှတ်အသားများကို မှတ်တမ်းတင်ခြင်းနှင့် စပ်လျဉ်း၍–

(က)ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ဝန်ထမ်းလက်ဝဲ လက်မွေများကိုနှိပ်ယူမှတ်တမ်းတင်ထားရမည်။ လက်မွေများကို သီးခြားစာရွက်ပေါ်တွင်နှိပ်ယူ၍ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ကပ်ထားခြင်းမပြုရ၊

(ခ) ကိုယ်တွင်ထင်ရှားသည့် အမှတ်အသားကို မှတ်တမ်းရေးသွင်းရာ၌ မဲ့များ၊ အမာရွတ်ဟောင်းများကဲ့သို့ သောအမြဲတစေရှိနေပြီး ထူးခြား၍ ထင်ရှားသိသာသည့် အမှတ်အသားများ သို့မဟုတ် မြင်လွယ်မှတ်လွယ်သည့် ထူးခြားချက်များကိုသာ ရေးသွင်းရမည်။ အသားအရောင်၊ မျက်နှာအသွင်အနေအထား သဲကွဲမှုမရှိသော မှတ်သားချက်များကို ရေးသွင်းခြင်းမပြုရ၊

ဝန်ထမ်းတစ်ဦး၏ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသားကိုမှတ်တမ်းရေးသွင်းရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဖော်ပြထားသည့် ထင်ရှားသည့်အမှတ်အသားဖော်ပြချက်ကို ရေးသားမှတ်တမ်းတင်သင့်ကြောင်း အကြံပြုတင်ပြလိုပါသည်။

နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၈၀ တွင် ဝန်ထမ်းမှတ်တမ်းတွင် ဖြည့်သွင်းရမည့်အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်–

အောက်ပါအချက်အလက်များကို သက်ဆိုင်ရာရုံးမိန့်များ၊ လစာတောင်းခံလွှာများ၊ ခွင့်စာရင်းများနှင့် စိစစ်ပြီး ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် နေ့ရက်ကာလအပိုင်းအခြားနှင့်တကွ မှတ်တမ်းတင်ရမည် –

(က) ရာထူးတိုးမြှင့်ခြင်း
(ခ) နှစ်တိုးခွင့်ပြုခြင်း
(ဂ) ပြောင်းရွှေ့ခြင်း
(ဃ) ခွင့်ခံစားခြင်း
(င) ဆုချီးမြှင့်ခံရခြင်း
(စ) ဘွဲ့ထူး၊ ဂုဏ်ထူးများရရှိခြင်း
(ဆ) ပညာရည်တိုးတက်မှုရရှိခြင်း
(ဇ) သင်တန်းထူးချွန်မှုရရှိခြင်း

နိုင်ငံဝန်ထမ်းနည်းဥပဒေ–၂၈၀ တွင် ဝန်ထမ်းမှတ်တမ်း၌ ဖြည့်သွင်းရမည့် အချက်များနှင့်ပတ်သက်၍ 'ခွင့်ခံစားခြင်း' ကိစ္စအား ဖြည့်သွင်းရာတွင် ရှောင်တခင် မှအပ ကျန်ခွင့်များကို မှတ်တမ်းတင်ရပါမည်။ ဝန်ထမ်းလစာနှုန်းထားတိုးသည့် အခြေအနေများကိုလည်း ဖြည့်သွင်းရပါမည်။ သို့မှသာ ပြည့်စုံနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ အပိုဒ်–၂၈၁ တွင် ဥပဒေပုဒ်မ ၅၃ ပါ ပြစ်ဒဏ်များချမှတ်ခြင်းနှင့် ဝန်ထမ်းအမှုထမ်းသက်ပြတ်တောက်ခြင်းများတွင် ရက်စွဲနှင့်ကာလကို အသေးစိတ်ဖော်ပြ၍ သက်ဆိုင်ရာအမိန့်စာအမှတ်၊ ရက်စွဲတို့နှင့် အတူ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားရမည်။ ပြစ်ဒဏ်ချမှတ်ရသည့် အကြောင်းရင်းကိုလည်း အကျဉ်းချုပ်ဖော်ပြရမည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ အခန်း (၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ပုဒ်မ(၅၃)တွင် ပြစ် ဒဏ်(၉)မျိုး ဖော်ပြထားပါသည်။ ၎င်းပြစ်ဒဏ်များမှ ပြစ်ဒဏ်တစ်မျိုးမျိုးချမှတ်ခံရသည့်ဝန်ထမ်း၏မှတ်တမ်းတွင် ချမှတ်ခံရသည့် ပြစ်ဒဏ်နှင့်ပတ်သက်၍ အမိန့်စာတွင် ပါရှိသည့်အတိုင်း ဖော်ပြမှတ်တမ်းတင်ပြီး ပြစ်ဒဏ်ချမှတ်ခံရသည့် အကြောင်းရင်းကိုလည်း ဖော်ပြရပါမည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ–၂၈၂ တွင် ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ရေးသွင်းချက်အားလုံးကို ဝန်ထမ်းကိုယ်တိုင်အတည်ပြုလက်မှတ်ရေးထိုးထားရမည်။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူက မှန်ကန်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးထားရမည်။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသူသည် ရေးသွင်းရမည့်အချက်များကို တိကျမှန်ကန်စွာ ရေးသွင်းရန်လည်းကောင်း၊ မှန်ကန်ကြောင်းကို လက်မှတ်ရေးထိုး၍ အတည်ပြုထားရန်လည်းကောင်း၊ ဖျက်ထားခြင်းများ ထပ်ရေးခြင်းများမရှိစေရန်လည်းကောင်း ပြင်ဆင်ရေးသွင်းချက်များကို သေသပ်ရှင်းလင်းစွာ ပြင်ဆင်ရေးသားစေ၍ ယင်းသို့ ပြင်ဆင်ခြင်းကို အတည်ပြုလက်မှတ်ရေးထိုးထားရန်လည်းကောင်း တာဝန်ရှိသည်။ ဝန်ထမ်းတစ်ဦးအား စတင်ခန့်ထားသည့်အချိန်တွင် မိမိ၏ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ကြည့်ရှုစိစစ် ဆောင်ရွက်ကြသော်လည်း နှစ်ကာလကြာလာသည်နှင့်အမျှ ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ကြည့်ရှုရန်ပင် မေ့နေတတ်ကြပါသည်။ မိမိနှင့်သက်ဆိုင်သည့် ဝန်ထမ်းမှတ်တမ်းစာအုပ်ကို စစ်ဆေးရန်မှာ ဝန်ထမ်းတိုင်းတွင် တာဝန်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည် ➤

PDF Compressor Free Version

ဦးစိန်သက် ၊ ညွှန်ကြားရေးမှူး(ငြိမ်း)

သစ်အခြေခံ စက်မှုလက်မှုအချောထည်ပစ္စည်းများ တိုးတက်ရေး

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများဖြင့် ကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာပေါ်တွင် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်လျက်ရှိပါသည်။ လွန်ခဲ့သောရာစုနှစ်တစ်ဝက်ခန့်ကာလအတွင်း တရားမဝင်သစ်တောများခုတ်လုပ်ထုတ်ယူခဲ့မှုများပေါများခဲ့သော်လည်း ယနေ့တိုင် နိုင်ငံတော်ဧရိယာ ၄၀ ရာခိုင်နှုန်းကျော်ခန့်ကို အဖိုးတန်သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိနေခြင်းက အထင်ဖော်ပြပါအချက်ကို ခိုင်မာစေပါသည်။

မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ FAO ၏ FRA 2015 စာရင်းအရ နိုင်ငံတော်ဧရိယာ၏ (၄၂. ၉၂) % ရှိပြီး ရွက်အုပ်ပိတ်သော (Closed Forest) (၂၁ .၅၆) % နှင့် ရွက်အုပ်ပွင့်တော (Open Forest) (၂၁. ၃၆) % ရှိပါသည်။ နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုသည် နိုင်ငံတော်ဧရိယာ၏ (၁ . ၆၂) % သို့မဟုတ် (၁,၃၄၈, ၆၂၀)ဧကရှိနေပါသည်။ တောနီမှ် တောပျက်များအနေဖြင့် (၃၆, ၂၅၀, ၀၀၀) ဧကရှိပြီး နိုင်ငံတော်ဧရိယာ၏ (၂၂. ၂၉)% ရှိပါသည်။ သစ်တောဦးစီးဌာနသည် သဘာဝသစ်တောများကို သိပ္ပံနည်းကျစီမံအုပ်ချုပ်ခဲ့ပြီး မြန်မာ့ရွေးချယ်စနစ်ကို (Myanmar Selection System-MSS) ကို (၁၈၈၁)ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ကာ ယနေ့တိုင် ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ခရိုင်အလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (District Forest Management Plan) များရေးဆွဲ၍ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဧရိယာများ ပြောင်းလဲလာသည်နှင့်အမျှ နှစ်စဉ်ခုတ်လှဲနိုင်သည့်ပမာဏသည်လည်း ပြောင်းလဲလာပါသည်။ ၁၉၉၄-၁၉၉၅ ခုနှစ်နောက်ပိုင်း သစ်တောသယံဇာတစာရင်းကောက်ယူခဲ့သည့် ကိန်းဂဏန်းများအပေါ် မူတည်၍ နှစ်စဉ်တောထွက်ကို ပြန်လည်တွက်ချက်ရာ ကျွန်းသည် ယခင် ၁၇၈,၇၅၀ ပင် (၃၃၉,၆၂၅ ကုဗတန်) မှ ၁၂၄,၀၀၀ ပင် (၂၁၀,၀၀၀ ကုဗတန်) သို့လည်းကောင်း၊ သစ်မာသည် ယခင်ပင်ရေ ၁၃ သိန်းမှ ၁၈ သိန်း (ကုဗတန် ၁၃သိန်း မှ ၁၈ သိန်း)သို့လည်းကောင်း ပြောင်းလဲခဲ့သည်ကို တွေ့ရသည်။ သစ်မာသည် ကုဗတန်အားဖြင့် တစ်ပင်တစ်တန်နှုန်း သတ်မှတ်ထားပါသည်။ ယခင်သစ်မာနှစ်စဉ်တောထွက်ပင်ရေ ၁၃ သိန်းသည် မြန်မာ့သစ်လုပ်ငန်းမှ ရောင်းတန်းဝင်အဖြစ်သတ်မှတ်ထားသည့် သစ်မျိုးအနည်းငယ်အတွက်သာ တွက်ချက်ထားခြင်းဖြစ်ပြီး တွက်ချက်သည့်နေရာမှာလည်း သွားလာရေးလွယ်ကူ၍ လုံခြုံရေးကောင်းမွန်သောနေရာများသာ ဖြစ်ပါသည်။ ၁၉၉၄-၁၉၉၅ ခုနှစ် နောက်ပိုင်း ပြန်လည်ဆန်းစစ်သည့် အခါ သစ်မာနှစ်စဉ်တောထွက်ကို သစ်မျိုးအားလုံးနေရာဒေသအားလုံးအတွက် တွက်ချက်ခြင်းဖြစ်ရာ ပင်ရေ ၁၃ သိန်း မှ ၁၈ သိန်းထိ နှစ်စဉ် တောထွက်မြင့်တက်လာခြင်းဖြစ်ပါသည်။ သစ်တောဧရိယာတိုးမြင့်လာသောကြောင့် ပြောင်းလဲခြင်းမဟုတ်ပါ။ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် ပမာဏအောင်အတွင်းမှ ထုတ်လုပ်သွားရမည်ဖြစ်ပါသည်။

မြန်မာ့သစ်တောများမှ အဖိုးတန်သစ်များကို ၁၈၅၆ ခုနှစ်မှစ၍ ယခုတိုင် ထုတ်လုပ်ခဲ့ရာ နှစ်ပေါင်း ၁၆၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ ထုတ်လုပ်ခဲ့သောစနစ်မှာ သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောပြုစုပျိုးထောင်ခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်သည့် မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းနည်းစနစ်ဖြစ်ပါသည်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်တွင် ခုတ်ပတ်နှစ်(၃၀)သတ်မှတ်၍ သတ်မှတ် အရွယ်ရောက်ကျွန်းနှင့်သစ်မာများအား သင်းသတ်ခြင်း၊ မှတ်ရိုက်ခြင်းများပြုလုပ်လျက်ခုတ်လှဲထုတ်လုပ်ခြင်း၊ တစ်ချိန်တည်းမှာပင် အဖိုးတန်သစ်များကို အနှောင့်အယှက်ဖြစ်စေသည့် အမျိုးညံ့သစ်ပင်များ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ ပင်ကျပ်များခုတ်လှဲရှင်းလင်းခြင်း၊ အဖိုးတန်သစ်ပင်များတွင် ငြိတွယ်ပေါက်ရောက်လျက်ရှိသော ညောင်ပင်များကို





PDF Compressor Free Version

ရှင်းလင်းဖယ်ရှားခြင်း၊ နောင်တွင် ကြီးထွားလာမည့် ချုန်ပင်များကို ရေတွက်စာရင်းကောက်ခြင်းနှင့် နှစ်စဉ် မြန်မာ့သစ်တောများမှ ထုတ်လုပ်နိုင်မည့်ကျွန်းနှင့် သစ်မာပင်ထောင်ပမာဏကို တွက်ဆသတ်မှတ်ခြင်းတို့ပါဝင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်နှင့်အညီ အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုများ အားလုံးပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံပထဝီအနေအထားအရ တောင်တန်း၊ တောင်စွယ်၊ ချိုင့်ဝှမ်း၊ မြေပြန့်၊ လွင်ပြင်များမှာ ကြီးမား ကျယ်ပြန့်ပြီး မြစ်ချောင်းအင်းအိုင်ချောက်ကမ်းပါးများ ထူထပ်သည်။ ထိုမြေသဘာဝပေါ်တွင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှုမှာလည်း အနည်းအများကွာဟချက် ကြီးမားသည်။ လမ်းပမ်းဆက်သွယ်ရေးခက်ခဲမှု၊ လူမျိုးများ စုစည်းနေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုမှုအနေအထားများအရ ဖွံ့ဖြိုးတိုးတက်မှုမျှတမှုရှိအောင် ပြုလုပ်နိုင်ရန်မှာ လွယ်ကူသောအနေအထားမရှိချေ။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ ရေမြေသဘာဝအထူးကောင်းမွန်သောနိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရေမြေသဘာဝအခြေအနေကောင်းများ မရှိလျှင် အတတ်ပညာနှင့်နည်းပညာများကို အသုံးချကာ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှုမရှိဘဲ ရေမြေသဘာဝအခြေအနေကောင်းများ ရှိမှသာလျှင် အတတ်ပညာနှင့်နည်းပညာများပေါင်းစပ်ကာ အကောင်အထည်ဖော်တည်ဆောက်ပါက အတိုင်းထက်အလွန် သာလွန်တိုးတက်ကောင်းမွန်လာမည်မှာ အမှန်ဖြစ်ပါသည်။

အမျိုးသားပင်မသစ်တောစိမ်းကိန်းအရ သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ထွန်းပေါ်ပေါက်လာမည့် စက်ရုံအဟောင်း/အသစ်များ အဆက်မပြတ်ကုန်ကြမ်းရရှိရေးအတွက် လူသုံးနည်းသစ်များ၊ စိုက်ခင်းများမှ ထွက်ရှိလာမည့်သစ်များဖြင့် အားဖြည့်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သစ်မှာ သဘာဝထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်ရာ ပိုးမွှားဖျက်စီးမှုဒဏ်နှင့်တကွ အပြစ်အနာအဆာများ သဘာဝအလျောက် ပါရှိတတ်စမြဲဖြစ်သည့်အပြင် သစ်တစ်မျိုးအတွင်း၌ပင် စိုက်ပျိုးပေါက်ရောက်ရာ ဒေသအလိုက် အရောင်အသွေးအနုအရင့် ကွဲပြားခြင်း၊ သစ်အကြောအဆင်း အကွက်အကွင်းများ တစ်မျိုးတစ်စားတည်းမဖြစ်နိုင်ခြင်း စသည့်ချို့ယွင်းမှုများ ရှိတတ်ပါသည်။ အဆိုပါ သဘာဝရှိသောသစ်ကုန်ကြမ်းများအား လူသုံးကုန်ပစ္စည်းကုန်ချောများ ထုတ်လုပ်ရာတွင် ဝယ်သူများလက်ခံသုံးစွဲမှုရှိလာစေရေးအတွက် အမျိုးမျိုး သောနည်းပညာသစ်များဖြင့် ပြုပြင်ဖန်တီးတီထွင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သော မြန်မာ့သစ်လုပ်ငန်းက တောတွင်းကျွန်းနှင့်သစ်မာများကို တာဝန်ယူခုတ်လှဲထုတ်လုပ်သည်။ သစ်တောဦးစီးဌာနက ထုတ်လုပ်ခွင့်ပြုထားသည့်ဒေသအလိုက် သင်းသတ်၊ ပင်ထောင်တံဆိပ်ရိုက်သတ်မှတ်ပေးသည့် ကျွန်းနှင့်သစ်မာများကို ခုတ်လှဲခြင်းဖြစ်၍ ၎င်းနှစ်စဉ် ကျွန်းသစ်တန် ၃၀၀၀၀၀ (သုံးသိန်း)၊ သစ်မာတန် ၁၂၀၀၀၀၀ (တစ်ဆယ့်နှစ်သိန်း)ခန့် ခုတ်လှဲထုတ်လုပ်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်နှင့်သစ်အခြေခံပစ္စည်းများ ရောင်းချခြင်းမှ ပြည်ပဝင်ငွေ နှစ်စဉ်ပျှမ်းမျှဒေါ်လာ ၅၀၈ သန်းခန့်နှင့် ပြည်တွင်းဝင်ငွေ ပျှမ်းမျှကျပ်သန်း ၂၉၅၀၀ ခန့် ရှာဖွေနိုင်ခဲ့ပြီး သစ်တောဦးစီးဌာနသို့ သစ်တောအခွန်ငွေ (၂၀၀၆–၂၀၀၇ မှ ၂၀၁၁–၂၀၁၂) အတွင်း နှစ်စဉ် ပျှမ်းမျှကျပ်သန်း ၁၅၀၀၀ခန့် သွင်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒများနှင့်အညီ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်သွားရန် လုပ်ငန်းစဉ်များချမှတ်ထားရှိခဲ့သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သော ယေဘုယျပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

(က) သစ်ထုတ်လုပ်မှုတန်ပမာဏအား နှစ်အလိုက် အဆင့်ဆင့်လျှော့ချပြီး ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ် တောထွက် (AAC) ဖြစ်သော ကျွန်းသစ်တန် ၆၀၀၀၀ နှင့် သစ်မာတန် ၆၅၀၀၀၀ အတွင်း သာထိန်းသိမ်းထုတ်လုပ်ခြင်း။

(ခ) ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချခြင်း ရပ်ဆိုင်းပြီး ပြည်တွင်း၌ သစ်အလုံးလိုက်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်းဖြင့် နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုများ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုဖွံ့ဖြိုးလာပြီး သစ်အခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမို တိုးမြှင့်ထုတ်လုပ်တင်ပို့ခြင်း။

(ဂ) နိုင်ငံတော်သစ်တောသယံဇာတအရင်းအမြစ်များမှ ထုတ်ယူနိုင်စွမ်းရှိသောပမာဏအနက် ပြည်တွင်းသုံးလိုအပ်ချက်နှင့် ပြည်ပမှဝယ်လိုအားတို့အပေါ် မူတည်၍ထုတ်လုပ်မှုကို စနစ်တကျစီမံဆောင်ရွက်ခြင်း။

PDF Compressor Free Version

(ဃ)နိုင်ငံတော်ပိုင်သစ်စက်နှင့်သစ်အခြေခံစက်ရုံများ၏ တည်နေရာစက်စွမ်းအား စျေးကွက်အခြေအနေ စသည့်အချက်များအပေါ် မူတည်၍ စီးပွားရေးအရ တွက်ခြေကိုက်အောင်ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိက နှင့်ဖက်စပ်လုပ်ကိုင်ခြင်း၊ ငှါးရမ်းခြင်း သို့မဟုတ် အပြီးအပိုင်ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း။

(င) မြန်မာ့သစ်လုပ်ငန်းအား လွတ်လပ်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်း၍ စီးပွားရေးအကျိုးအမြတ်ပိုမိုရရှိပြီး သစ်အခြေခံ ထုတ်ကုန်စျေးကွက် စနစ်တကျတည်ငြိမ်စွာ ဖွံ့ဖြိုး တိုးတက်လာစေရန် အကောင်အထည်ဖော်ခြင်း။

(စ) သစ်အခြေခံထုတ်ကုန်စျေးကွက် တည်ငြိမ်စွာ ဖွံ့ဖြိုး တိုးတက်ပြီး ပုဂ္ဂလိကကဏ္ဍသည်လည်း လိုက် လျောညီထွေစွာ ပြောင်းလဲဖွံ့ဖြိုးလာချိန်တွင်ငွေကြေး အရင်းအနှီး စျေးကွက်ဖြစ်ပေါ်တိုးတက်မှုအခြေအ နေပေါ် မူတည်၍ မြန်မာ့သစ်လုပ်ငန်းအား အစိုးရနှင့် ချိတ်ဆက်ထားသော အများပိုင်ကုမ္ပဏီအဖြစ်ထူ ထောင်ခြင်းစသောလုပ်ငန်းစဉ်များ ဖြစ်ပါသည်။

နိုင်ငံတော်အတွက် အမြတ်မိုး အားထားရသည့် စီးပွားရေးအရင်းအမြစ်တစ်ခုအဖြစ် တည်ရှိအောင် သစ်တောများကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်ရေးနှင့်ရောင်းချရေးတို့ကို စနစ်တကျဆောင်ရွက် ရန် သစ်တောကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များတွင် ပါရှိ ပါသည်။ အလားတူပင် ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒနှင့် မြန်မာနိုင်ငံတော်ပါဝင်သော အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသစ်နှင့်ပတ်သက်သော အဖွဲ့အစည်း၏ လုပ်ငန်းစီမံချက်တွင်လည်း ဦးတည်ချက် များထားရှိပါသည်။ ထို့အပြင် သစ်တောကဏ္ဍပင်မစီမံ ကိန်းနှင့် မြန်မာ့စက်မှုလက်မှုကဏ္ဍတိုးတက်ရေးစီမံကိန်း များတွင်လည်း ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အနှစ်သုံးဆယ်ကာလအတွင်း စက်မှုအခြေခံသော သစ် လုပ်ငန်းများအတွက် စီမံလျာထားချက်များ ပါရှိပါသည်။ လိုရာပန်းတိုင်သို့အရောက်လှမ်းနိုင်ရန် အမျိုးသားရေးတစ် ရပ်အနေဖြင့် နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍလုပ်ငန်း များလက်တွဲဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် အစီအစဉ်များစနစ်တကျ ချမှတ်ဆောင် ရွက်သွားရန်လိုအပ်ပါသည်။ လာမည့်ကာလအတွင်း သစ် အခြေခံစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အ တွက် အဆက်မပြတ်လိုအပ်မည့် ကုန်ကြမ်းဖြည့်ဆည်းရေး ကိစ္စရပ်ကို တစ်ဖက်တစ်လမ်းမှ ဝင်ရောက် ဖြည့်စွက်နိုင် ရန်လည်းကောင်း၊ အလေအလွင့်လျော့နည်း ပပျောက် ရေးအတွက်လည်းကောင်း၊ ရှားပါးသည့်သဘာဝထွက်ကုန် ပစ္စည်းတစ်မျိုးဖြစ်သော ကျွန်းနှင့်အခြားသစ်မာပင်များအား သစ်တစ်ပင်လုံးအသုံးချနိုင်ရေးအတွက် Downstream Processing Industries အဖြစ် လိုအပ်မည့်စက်ရုံ အလုပ် ရုံများ ထူထောင်သွားရပါမည်။ ၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ် အထိ အနှစ် ၃၀ ကာလအတွင်း သစ်အခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ကြိုးပမ်းဆောင် ရွက်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လာသည်နှင့်အမျှ အောက်ပါအကျိုးသက်ရောက်မှုရှိကြောင်း နှစ် ၃၀ စီမံ ကိန်းတွင် ဖော်ပြထားပါသည်။

(က)သဘာဝတောများမှလည်းကောင်း၊ သစ်တော စိုက် ခင်းများမှလည်းကောင်း၊ သစ်တောသယံဇာတ ကုန်ကြမ်းကို အကျိုးရှိစွာဖော်ထုတ်သုံးစွဲပြီး သစ် အခြေခံထွက်ကုန်ပစ္စည်းများထုတ်လုပ်ကာ နိုင်ငံ တော်အတွက် တစ်မျိုးသားလုံးထုတ်လုပ်မှု တိုးတက် မှုရရှိစေနိုင်ခြင်း။

(ခ) ကုန်ကြမ်းအာမခံချက်ပေးနိုင်သည်နှင့်အမျှ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုရရှိကာ သစ်အခြေခံစက်မှုလုပ်ငန်းနှင့် ပတ်သက်၍ ထွက်ကုန်အမည်သစ် (ဥပမာ–သစ်ပါး လွှာဖုံးအုပ်ထားသောသစ်သားပြားများ၊ သစ်မျှင် ပြား၊ ကြိတ်သား) စသည်များ ထုတ်လုပ်မည့်စက်ရုံ အလုပ်ရုံအများအပြားပေါ်ထွန်းလာနိုင်ပြီး ပြည်သူ လူထုအတွက် အလုပ်အကိုင် အခွင့်အရေးသစ်များ ပေါ်ပေါက်လာစေနိုင်ခြင်း။

(ဂ)ယင်းသို့ သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည် သစ်များထုတ်လုပ်မည့် စက်ရုံအလုပ်ရုံသစ်များ ပေါ် ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမား များအတွက် ခေတ်မီကျွမ်းကျင်မှုနည်းပညာသစ်များ ရရှိလာနိုင်ခြင်း။

(ဃ) သဘာဝသစ်တောများမှ လူသုံးနည်းသစ်များ ဖော် ထုတ်သုံးစွဲလာနိုင်ခြင်း၊ နည်းပညာသစ်များဖြင့် တီထွင်ဖန်တီးထုတ်လုပ်လာနိုင်ကာ ပြည်ပစျေး ကွက်သို့ တင်ပို့ရောင်းချမှုလုပ်ငန်းများ တိုးချဲ့ဆောင် ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် နိုင်ငံ ခြားငွေပိုမိုရရှာဖွေရရှိလာနိုင်ခြင်း။

(င) ပြည်တွင်းတွင်လည်း စျေးနှုန်းချိုသာပြီး အဆင့်မီ ပရိဘောဂစသည့် လူသုံးကုန်ပစ္စည်းများ တွင်ကျယ် စွာ အသုံးပြုလာနိုင်ကြပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာနိုင်ခြင်း။

(စ) သစ်အခြေခံစက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ထွက်

PDF Compressor Free Version

ကုန်အမျိုး အစားအလိုက် လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဆိုပါက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လိုအပ်မည့်စာရင်း ကိန်းဂဏန်း အချက်အလက်များ အလွယ်တကူစုစည်းရရှိလာနိုင်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ထိတွေ့ဆက်သွယ်ရာတွင်လည်း ဂုဏ်သိက္ခာရှိရှိခိုင်မာစွာဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်ရန် လိုအပ်သကဲ့သို့ နိုင်ငံပိုင်သစ်အခြေခံစက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအား မြင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်သောလုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရာတွင် တရားမဝင်သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုအပ်ပါသည်။

ဒေသခံပြည်သူများအတွက် လိုအပ်သော သစ်တောဆိုင်ရာထွက်ကုန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရေးတို့အတွက် သစ်တောသယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များဖြစ်ပါသည်။ ဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ်အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍမြှင့်တင်မှုဆောင်ရွက်ခြင်းသည် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (Privatization) နှင့် စည်းမျဉ်းစည်းကမ်းများဖြေလျှော့ပေးခြင်း (Deregulation) များအပြင် အစိုးရနှင့်ပုဂ္ဂလိကတို့အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Private Public Partnership PPP) ပုံစံဖြင့်ဆောင်ရွက်ခြင်းများကို သစ်အခြေခံစက်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အစီအစဉ်များ စနစ်တကျ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ လာမည့်နှစ်ကာလအတွင်း သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆက်မပြတ်လိုအပ်မည့် ကုန်ကြမ်းဖြည့်ဆည်းရေးကိစ္စရပ်ကိုလည်းကောင်း၊ အလေအလွင့်လျော့နည်းပပျောက်ရေးအတွက်လည်းကောင်း၊ ရှားပါးလာပြီဖြစ်သည့် သဘာဝထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သော ကျွန်းနှင့် အခြားအဖိုးတန်သစ်မာသစ်ပင်များအား သစ်တစ်ပင်လုံး အသုံးချနိုင်ရေးအတွက် Downstream Processing Industries အဖြစ် လိုအပ်မည့်စက်ရုံအလုပ်ရုံများ ထူထောင်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စားဝတ်နေရေးအခြေအနေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအခွင့်အလမ်းများ ပိုမိုတိုးတက်အောင်ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးအရင်းအနှီးများ၊ နည်းပညာနှင့်လူစွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းဖြင့် မလုံလောက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာ အသိုက်အဝန်းမှ ငွေကြေးအကူအညီအထောက်အပံ့များ ရယူရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ တာဝန်ယူပြီးနောက် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာအသိုက်အဝန်းမှ များစွာစိတ်ဝင်စားမှုရှိပြီး မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ အကူအညီနှင့်ချေးငွေများ ပိုမိုပေးအပ်ရန်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတွင် သစ်အခြေခံစက်မှုလက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးဆောင်ရွက်နိုင်ရေးများနှင့်ပတ်သက်၍ တာဝန်ရှိတာဝန်သိအစိုးရဌာနများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်းသူပြည်သားများ အကျိုးကျေးဇူး သင့်တင့်စွာရရှိနိုင်ရေး အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။



PDF Compressor Free Version

LCC နှင့် UTM မြေပုံများအကြောင်း သိကောင်းစရာ

စိမ်ကိန်းနှင့် စာရင်းအင်းဌာန

ယခင်လမှအဆက် ➤

(စျ) ဘေးပတ်လည်ရှိ မြေပုံနံပါတ်များ (Adjoining Sheets)

မိမိအသုံးပြုနေသော မြေပုံနှင့်စကေးတူ ဘေးပတ်လည်ရှိ မြေပုံနံပါတ်များကို မြေပုံ၏အောက်ခြေတွင် (Adjoining Sheets) ဘေးပတ်လည်ရှိ မြေပုံနံပါတ်များခေါင်းစဉ်ဖြင့် အကွက်ချဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

(ည) ထုတ်လုပ်သည့်နှစ် (Printing Note)

UTM မြေပုံများကို ကောင်းကင်ဓာတ်ပုံ (Aerial Photographs) များမှ ရေးဆွဲထားသည်ဖြစ်၍ မြေပုံပေါ်ရှိပထဝီအချက်အလက်များသည် ကောင်းကင်ဓာတ်ပုံရိုက်ကူးခဲ့သော နှစ်ကာလအပိုင်းအခြားမှ အခြေအနေများအတိုင်းသာ တွေ့ရှိရမည်ဖြစ်သည်။ ကောင်းကင်ဓာတ်ပုံ ရိုက်ကူးသောနှစ်၊ လ အပိုင်းအခြားကို မြေပုံအောက်ခြေတွင် တွေ့ရှိဖတ်ရှုနိုင်ပါသည်။

(ဋ) သင်္ကေတအဓိပ္ပာယ်များ (Legends)

မြေပုံပေါ်တွင် ရေးဆွဲထားသော ပထဝီအချက်အလက်များ၏ အရောင်ဖော်ဆောင်မှု (Color)၊ မျဉ်းကြောင်းများ၏ အထူအပါး (Tick)နှင့် ဖွဲ့စည်းမှု (Pattern) များအလိုက် မြေပုံ၏အောက်ခြေတွင် သင်္ကေတအဓိပ္ပာယ် (Legend) ဟူသော ခေါင်းစဉ်ဖြင့် တွဲဖက်၍ လွယ်ကူစွာကြည့်ရှုနိုင်ပါသည်။

LCC နှင့် UTM မြေပုံများအသုံးပြုရာတွင် သတိပြုရမည့်အချက်များ

သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသောအခါ LCC နှင့် UTM မြေပုံများကို မဖြစ်မနေအသုံးပြုကြရပါသည်။ ထိုသို့ LCC နှင့် UTM မြေပုံများကို အသုံးပြုရာတွင် သစ်တောဝန်ထမ်းများအနေဖြင့် မကြာခဏလွဲမှားမှုများ ကြုံတွေ့ရပြီး အမှန်ကို သိရှိလိုသော အကြောင်းအရာများ ရှိခဲ့ပါသည်။ ၎င်းအကြောင်းအရာများမှာ–

(က) UTM ဇုန် ၄၆ တွင် GPS/Google Earth/ GIS Software တို့၌ ဖော်ပြထားသော MGRS Letter Code များနှင့် UTM မြေပုံ (Hard Copy) ၌ ဖော်ပြထားသော MGRS Letter Code များ ကွဲလွဲနေခြင်း

(ခ) GPS အမှတ်အသားများအား LCC နှင့် UTM မြေပုံပေါ်သို့ နေရာချသောအခါ နေရာလွဲမှားစွာ ဖော်ပြနေခြင်း

(၁) UTM ဇုန် ၄၆ တွင် MGRS Letter Code အကွရာ အညွှန်းများ ကွဲလွဲနေခြင်း

MGRS အကွရာအညွှန်းများကို LCC မြေပုံပေါ်တွင် ကိုက် ၁၀၀,၀၀၀ ပတ်လည်စတုရန်းကွက်၊ UTM မြေပုံပေါ်တွင် မီတာ ၁၀၀,၀၀၀ ပတ်လည်စတုရန်းကွက်များဖြင့် ညွှန်းဆို သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။ LCC အညွှန်းကို နယ်မြေအပိုင်းအခြားလိုက်သာ သတ်မှတ်ထားသော်လည်း UTM အညွှန်းများကို တစ်ကမ္ဘာလုံး၌ သတ်မှတ်ထားရှိပါသည်။ UTM MGRS Letter Code များကို GIS Software, Google Earth နှင့် GPS တို့တွင် အလွယ်တကူတွေ့ရှိနိုင်ပါသည်။

LCC မြေပုံ (လေးလက်မတစ်မိုင်၊ တစ်လက်မတစ်မိုင်) များနှင့် UTM မြေပုံ (၁း၅၀,၀၀၀၊ ၁း၂၅၀,၀၀၀) မြေပုံတို့တွင် ညွှန်းဆိုထားသော MGRS Letter Code နမူနာအညွှန်းများကိုအောက်ပါဇယားတွင် တွေ့ရှိနိုင်ပါသည်။

LCC		UTM	
Quarter Inch	One Inch	၁း၅၀,၀၀၀	၁း၂၅၀,၀၀၀
QA	A	KC	KC
QB	B	LE	LE
QC	C	MH	MH
QD	D	GU	GU

ယနေ့အသုံးပြုနေသော GPS များတွင် LCC MGRS အညွှန်းအကွရာများကို ဖော်ပြနိုင်ခြင်းမရှိဘဲ UTM MGRS အညွှန်းများကိုမူ မည်သည့် GPS တွင်မဆို လွယ်ကူစွာကြည့်ရှုနိုင်ပါသည်။ UTM မြေပုံများကို (Hard Copy) ရိုက်နှိပ်သောအခါ UTM ဇုန် ၄၆ အတွက် ရိုက်နှိပ်ထားသော အညွှန်းအကွရာများမှာ ကွဲလွဲမှု မရှိ

PDF Compressor Free Version

သော်လည်း UTM ဇုန် ၄၆ အတွက် ရိုက်နှိပ်ထားသော အညွှန်းအကွာရာများမှာ GPS, GIS Software နှင့် Google Earth တို့တွင် ဖော်ပြထားသော အညွှန်းအကွာရာ များနှင့် နေရာအနှံ့ကွဲလွဲနေသည်ကို တွေ့ရှိရပါသည်။ နောက်ပိုင်း ပြန်လည်ရိုက်နှိပ်ထားသော UTM မြေပုံများတွင် ပြန်လည် ပြင်ဆင်ရိုက်နှိပ်ထားသည်ဟု သိရှိရပါသည်။ သစ်တော ဦးစီးဌာနရှိ သစ်တောဝန်ထမ်းများသည် ကနဦး ရိုက်နှိပ် ထားသော မြေပုံများ (Soft Copy, Hard Copy) ကိုသာ အသုံးပြုနေကြသဖြင့် MGRS စနစ်ဖြင့် ဖော်ပြရန် လိုအပ်သော ကိစ္စရပ်များတွင် UTM ဇုန် ၄၆ အတွင်း ကျရောက်နေသောအမှတ်များအတွက် ကွဲလွဲမှုများကြုံတွေ့ နိုင်သဖြင့် သတိပြုအသုံးပြုသင့်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် Google Earth, GPS နှင့် GIS Software တို့တွင် ဖော်ပြထားသောအညွှန်းအကွာရာများ နှင့်တိုက်ဆိုင်စစ်ဆေး၍ အညွှန်းအကွာရာအမှန်ကို ဖော်ပြရ မည်ဖြစ်ပါသည်။ UTM ဇုန် ၄၆ အတွင်း ကွဲလွဲနေသော နမူနာအကွာရာအညွှန်းတစ်ချို့ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်	UTM မြေပုံပေါ်ရှိ အညွှန်းအကွာရာ	GPS, Google Earth, GIS Software တို့၌ ဖော်ပြသော အညွှန်းအကွာရာ
စစ်ကိုင်းတိုင်းဒေသကြီး	ခန္တီး	GD	GP
မန္တလေးတိုင်းဒေသကြီး	ညောင်ဦး	GU	GJ
ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	FP	FD
ရခိုင်ပြည်နယ်	ဓ	FQ	FE

(၂) GPS အမှတ်များ မြေပုံပေါ်တွင် နေရာကွဲလွဲနေခြင်း

သစ်တောဝန်ထမ်းများ နောက်ထပ်ကြုံတွေ့နေရ သော လွဲမှားမှုတစ်ခုမှာ နယ်မြေကွင်းဆင်း၍ သစ်တော လုပ်ငန်းများဆောင်ရွက်ပြီးတည်နေရာများအား GPS အသုံးပြု၍ မှတ်သားလာခဲ့ပြီး LCC နှင့် UTM မြေပုံချပ် ပေါ်နေရာချသောအခါ မြေပြင်တွင် မှတ်သားလာခဲ့သော အမှတ်နှင့် မြေပုံပေါ်တွင်ကျရောက်နေသောအမှတ်တို့ လွဲ မှားနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုသို့ လွဲမှားရ ခြင်းမှာ GPS တွင် အသုံးပြုသော Projection နှင့် LCC/ UTM မြေပုံများတွင် အသုံးပြုထားသော Projection များ မတူညီခြင်းကြောင့် ဖြစ်ပါသည်။ ဥပမာ– GPS ကို အသုံး ပြု၍ N 20° 0' E 96° 0' အမှတ်အား မြေပြင်ကွင်းဆင်း၍ မှတ်သားပြီး မြေပုံ (LCC/UTM) ပေါ်သို့ နေရာချကြည့် သောအခါ အောက်ဖော်ပြပါပုံအတိုင်း လွဲမှားနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။




ပုံ (၂၀) GPS အမှတ်နှင့် မြေပုံပေါ်ရှိ အမှတ်တို့ ကွဲလွဲမှုပြပုံ

သို့ဖြစ်ပါ၍ သစ်တောဝန်ထမ်းများအနေဖြင့် မြေ ပြင်ကွင်းဆင်း၍ သစ်တောလုပ်ငန်းများကို ဆောင်ရွက်ရာ၌ GPS ကို အသုံးပြု၍ နေရာ/အမှတ်များကို မှတ်သားခဲ့ပြီး မြေပုံပေါ်သို့ (LCC/UTM hard Copy) သို့ နေရာချထား ရာတွင် မှန်ကန်သောတည်နေရာဖြစ်စေရန်အတွက် အောက်ပါအတိုင်းပြုလုပ်ရန် လိုအပ်ပါသည်။

(၁) GPS မှ ရရှိသော လတ္တီတွဒ်၊ လောင်ဂျီတွဒ် (သို့) ဂရစ်မျဉ်း (အရှေ့အညွှန်း၊ မြောက်အညွှန်း) တို့ကို Hard Copy မြေပုံပေါ်သို့ တတ်နိုင်သမျှတည်နေရာ မှန် ကန်အောင်နေရာချရပါမည်။

(၂) ထိုနေရာချထားသော အမှတ်မှ အရှေ့တောင် ဘက်သို့ (၃၀°) ချိုး၍ မူလအမှတ်မှ ဂရစ်ကွက် တစ်ကွက် ၏ အကွာအဝေး သုံးပုံတစ်ပုံ (LCC တွင် ဂရစ်ကွက် တစ်ကွက် အကွာအဝေး ကိုက် ၁၀၀၀ ၏ သုံးပုံ တစ်ပုံ ဖြစ်သော ကိုက် ၃၃၀ ခန့်၊ UTM တွင် ဂရစ်ကွက် တစ် ကွက် အကွာအဝေး မီတာ ၁၀၀၀ ၏ သုံးပုံ တစ်ပုံဖြစ် သော မီတာ ၃၃၀ ခန့်) နေရာတွင် တည်နေရာအသစ်ကို မှတ်သားရပါမည်။ ထိုတည်နေရာသည် GPS ဖြင့် တိုင်း တာမှတ်သားခဲ့သော နေရာအမှန်ဖြစ်ပါသည်။



ပုံ (၂၁) တည်နေရာကွဲလွဲနေမှုအား အနီးစပ်ဆုံး မှန်ကန်အောင် ပြုလုပ်ပုံ

စာမျက်နှာ (၂၇) သို့

PDF Compressor Free Version



သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေးနှင့် သဘာဝကို အခြေခံသော ဖြေရှင်းခြင်း နည်းလမ်းများ (Nature-based Solutions-Nbs) ၏ အခန်းကဏ္ဍ

ဒေါက်တာ သောင်းနိုင်ဦး

သဘာဝဘေးအန္တရာယ်များ

ယခုအခါတွင် ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတု ပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်အမျိုးမျိုး မကြာခဏဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များဆိုသည်မှာ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း၊ ရေခဲများအရည်ပျော်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ အစားအစာနှင့်သောက်သုံးရေရှားပါးလာခြင်းနှင့်ရောဂါဘယများထူပြောလာခြင်း စသည်တို့ပါဝင်ပါသည်။ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့် ဖြစ်စေဖြစ်ပေါ်လာသော ဘေးအန္တရာယ်များဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများ

လူဦးရေတိုးပွားလာမှုနှင့်အတူ လူသားများ၏ ပယောဂကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ဖြစ်ပေါ်ကာ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်များသည် သဘာဝမျချေ အခြေအနေများ ပျက်စီးခြင်း၊ မူလဂေဟစနစ်များတည်ငြိမ်မှုပျက်ပြားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ၅ နှစ်လျှင် တစ်ကြိမ်ထုတ်ပြန်သောကမ္ဘာလုံးဆိုင်ရာ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းအစီရင်ခံစာအရ ကမ္ဘာသစ်တောများ အသားတင် ပျက်စီးဆုံးရှုံးမှုနှုန်းသည် ၁၉၉၀–၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဟက်တာ ၇.၈သန်း၊ ၂၀၀၀–၂၀၁၀ အတွင်း တစ်နှစ်လျှင် ဟက်တာ ၅.၂သန်း နှင့် ၂၀၁၀–၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဟက်တာ ၄.၇ သန်း အထိ ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၉.၄ သန်းကျော်ပြုန်းတီးခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံသည်လည်း အခြား ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သစ်တောပြုန်းတီးမှုများရင်ဆိုင်ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁.၅၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် နိုင်ငံ ဧရိယာ၏ ၄၂.၁၉ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်း ၁.၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းသည် ၀.၉ ရာခိုင်နှုန်းပြုန်းတီးခဲ့ပါသည်။

လူဦးရေလျင်မြန်စွာတိုးပွားလာခြင်းနှင့် ဒေသတွင်းစက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်လာခြင်းတို့သည် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုမှ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ပြဿနာများအဖြစ်သို့ ဆင့်ကဲပြောင်းလဲမှုဖြစ်ပေါ်စေပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP)မှ ထုတ်ပြန်ခဲ့သည့် Global Environment Outlook-6 (GEO-6) အစီရင်ခံစာအရ ကမ္ဘာ့အပူချိန်တိုးတက်မှုနှုန်းမှာ လက်ရှိတွင် ၁.၁ ဒီဂရီဆဲလ်စီးယပ်စ်ရှိပြီး ၂၀၅၀ ခုနှစ်တွင် ၂ ဒီဂရီဆဲလ်စီးယပ်စ်နှင့် ၂၁၀၀ ခုနှစ်တွင် ၄ ဒီဂရီဆဲလ်စီးယပ်စ်ထိ ပျမ်းမျှအပူချိန်တိုးလာနိုင်သဖြင့် ရာသီဥတုပြောင်းလဲမှု

PDF Compressor Free Version

ဒဏ်ကိုပိုမိုခံစားရနိုင်ပြီး သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာနိုင်ကြောင်း ဖော်ပြထားပါသည်။

ပလတ်စတစ်စွန့်ပစ်မှုဆိုင်ရာ စနစ်တကျ စီမံခန့်ခွဲမှုမရှိခြင်းကြောင့် သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်စွန့်ပစ်မှုပမာဏ နှစ်စဉ် တန်ချိန်(၈)သန်းခန့် ရောက်ရှိနေကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာလူဦးရေ ၎ သန်းနီးပါးမှာ နှစ်စဉ် အရွယ်မတိုင်မီသေဆုံးမှုများနှင့် ကြုံတွေ့နေရကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုများတိုးပွားဖြစ်ပေါ်လျက်ရှိပြီး ကုန်းနေကျောရိုးမဲ့ သတ္တဝါ ၄၂ ရာခိုင်နှုန်း၊ ရေချိုနေကျောရိုးမဲ့သတ္တဝါ ၃၄ ရာခိုင်နှုန်းနှင့် ပင်လယ်နေကျောရိုးမဲ့သတ္တဝါ ၂၅ ရာခိုင်နှုန်း တို့မှာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၅၀ ပြည့်နှစ်၌ ကမ္ဘာလူဦးရေမှာ ၁၀ ဘီလီယံအထိ တိုးပွားလာနိုင်သဖြင့် စားနပ်ရိက္ခာလိုအပ်ချက်များမှာလည်း လက်ရှိထက် ၅၀ ရာခိုင်နှုန်း ပိုမိုလာနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ပိုမိုများပြားလာနိုင်ကြောင်းဖော်ထုတ်ထားပါသည်။

ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများသည် ဒေသန္တရအဆင့်၊ မြို့ပြအဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာအဆင့် အထိကျယ်ပြန့်စွာ ရှိနေပါသည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ဂေဟစနစ်များယိုယွင်းပျက်စီးမှု၊ စက်မှု လုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းနှင့် မြို့ပြများရှိ အမှိုက်ညစ်ညမ်းမှု၊ ရေနှင့် မြေဆီလွှာတိုက်စားခြင်း၊ သဲကန္တာရ ဖြစ်ထွန်းခြင်းနှင့် စွမ်းအင်နှင့်ရေသယံဇာတရှားပါး ပြတ်လပ်မှုများကို ဒေသန္တရအဆင့်မှသည် နိုင်ငံအဆင့်အထိ ကြုံတွေ့ရနိုင်ပါသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေကြီးခြင်းနှင့်မိုးခေါင်ခြင်း၊ အက်ဆစ်မိုးရွာသွန်းခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများလျင်မြန်စွာပျက်စီးဆုံးရှုံးလာခြင်းတို့သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးအကြီးဆုံး ပတ်ဝန်းကျင် ပြဿနာများအဖြစ်ရင်ဆိုင်ရလျက်ရှိပါသည်။

နှောက်ဆက်တွဲအကျိုးဆက်များ

၂၀၂၁ ခုနှစ် Emergency Event Database (EM-DAT) ဖော်ပြချက်အရ ကမ္ဘာတစ်ဝှမ်းရှိ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သည့် ဆိုးရွားသောဖြစ်ရပ်ပေါင်း ၄၃၂ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ယေဘုယျအားဖြင့် သေဆုံးသူ ၁၀,၄၉၂ ဦးရှိခဲ့ပြီး လူ ၁၀၁.၈ သန်းကို ထိခိုက်ခဲ့ကာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၂.၁ ဘီလီယံခန့် စီးပွားရေး ဆုံးရှုံးခဲ့ရပါသည်။ အာရှတိုက်သည် အပြင်းထန်ဆုံး ထိခိုက်မှုဖြစ်ပြီး သဘာဝဘေးအန္တရာယ်အားလုံး၏ ၄၀ ရာခိုင်နှုန်းကို ခံစားနေရပြီး စုစုပေါင်းသေဆုံးသူဦးရေ၏ ၄၉ ရာခိုင်နှုန်းနှင့် ထိခိုက်ခံစားရသူ စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်းရှိသည်။

ဒေသတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များအနက် ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာတွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီ ဒီရေလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် စုစုပေါင်း ၂၂၆,၀၀၀ ကျော် သေဆုံးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀, ၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပါသည်။ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄ သိန်းခန့်နှင့် လူဦးရေ ၁၆ သိန်းကျော် ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရပြီး ဆုံးရှုံးမှုပမာဏအလွန်များပြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင်လည်း ကမ္ဘာနှင့်တစ်ဝှမ်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အသက်အိုးအိမ်စည်းစိမ် များစွာပျက်စီးဆုံးရှုံးခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပေါ်ခဲ့သော ပါကစ္စတန်နိုင်ငံ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁,၁၀၀ ကျော်သေဆုံးခဲ့ပြီး အိမ်ပေါင်း ၂၈၇,၀၀၀ ကျော် အလုံးစုံဆုံးရှုံးပျက်စီးခဲ့ပြီး ၆၆၂,၀၀၀ ကျော် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပါသည်။ ရေကြီး ရေလျှံမှုများကြောင့် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ် သြဂုတ်လအတွင်း ကိုရီးယားနိုင်ငံ ဂန်နမ်ခရိုင်နှင့် အနီးပတ်ဝန်းကျင်တွင် ရွာသွန်းခဲ့သောမိုးရွာသွန်းမှုသည် နှစ်ပေါင်း ၈၀ အတွင်းအများဆုံးဖြစ်ခဲ့ပြီး အဆောက်အဦးပေါင်း ၂,၈၀၀ ပျက်စီးခဲ့ပြီး ၉ ဦးသေဆုံးခဲ့ပါသည်။ အလားတူပင် ထိုင်းနိုင်ငံတွင်တိုက်ခတ်ခဲ့သော မုန်တိုင်းနှင့်ရေကြီးရေလျှံမှုများကြောင့် ခရိုင် ၂၁ ခုတွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပြီး အိမ်ခြေ ၁၉,၆၃၀ ထိခိုက်ပျက်စီးခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနှင့် သြဂုတ်လများအတွင်း မြင်ဦးလွင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ ရန်ကုန်မြို့များတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများသည် ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများထက် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားကြရသည်။ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက် အချိန်မီ ရရှိနိုင်မှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန်

PDF Compressor Free Version

ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းခြင်း၊ အခြေခံအဆောက်အအုံများ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရည် နည်းပါးခြင်း၊ ပြည်သူများအကြား ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ အသိပညာ၊ ဗဟုသုတနည်းပါးခြင်း၊ သဘာဝဘေး အန္တရာယ်ဖြစ်ပွားပါက ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်း များနှောင့်နှေးခြင်း စသည်တို့ကြောင့် သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာပါက သေကြေပျက်စီး ဆုံးရှုံးမှုနှုန်း မြင့်မားပြီး ထိခိုက်ဆုံးရှုံးမှုများပြားကာ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီး သီးအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ရာသီ ဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များသည် လာမည့်ဆယ်စုနှစ်များတွင် ပိုမိုဆိုးရွားလာနိုင်သဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီ ဥတုကိုမှီခိုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဂေဟစနစ်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မှီခိုနေကြရ သည့် ပြည်သူများအတွက် စိန်ခေါ်မှုများ ဖြစ်ပါသည်။

သဘာဝကိုအခြေပြုသော ဖြေရှင်းခြင်းနည်းလမ်းများ
(Nature-based Solutions-Nbs)

သဘာဝကို အခြေခံသောဖြေရှင်းခြင်းနည်းလမ်း များသည် ဂေဟစနစ်ပြန်လည်ကောင်းမွန်လာစေပြီး ရာသီ ဥတုပြောင်းလဲမှုနှင့် မြေအသုံးချမှုပြောင်းလဲခြင်းများ၊ ပတ် ဝန်းကျင် ယိုယွင်းပျက်စီးမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ၊ သက်ရောက်မှုများကို လိုက်လျောညီထွေ ဖြစ်စေရန် ထိန်းညှိပေးသော ယန္တရားလုပ်ငန်းစဉ် ဖြစ်ပါ သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့်ပတ် သက်သည့် လူ့အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ထိ ရောက်၍ လိုက်လျောညီထွေစွာ ရင်ဆိုင်နိုင်ပြီး လူသားများ ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲအကျိုးကျေးဇူးများကို တစ် ပြိုင်နက်တည်း ထောက်ပံ့ပေးစွမ်းသည့် သဘာဝဂေဟ စနစ်များကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်း ကာကွယ်စီမံအုပ်ချုပ်ရန်နှင့် ပြန်လည်ထူထောင်ရန်လုပ်ငန်း စဉ်များဖြစ်ပါသည်။

သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းအယူအဆ မူဘောင်သည် အလွန်ကျယ်ပြန့်ပြီး ဂေဟစနစ်ကို အခြေခံ သောချဉ်းကပ်မှုအားလုံးနှင့်အကျုံးဝင်ပါသည်။ အင်ဂျင် နီယာလုပ်ငန်းများ၊ အဆောက်အဦးတည်ဆောက်ရေး လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက် လျောညီထွေဖြစ်စေရေးလုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်ကာကွယ်လျော့ချခြင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေသယံဇာတထိန်း သိမ်းခြင်းနည်းလမ်းများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်မှု လုပ်ငန်းနယ်ပယ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ တိုး မှားရေးအတွက် အခြေခံသောဖြေရှင်းခြင်း သဘောတရား ကိုအခြေခံပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။

ယခုအချိန်ကာလတွင် ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝ ဘေးအန္တရာယ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိရာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တော များထိန်းသိမ်းခြင်းလုပ်ငန်းများသည် အကောင်းဆုံးနှင့် အရိုးရှင်းဆုံး သဘာဝအခြေခံသော ဖြေရှင်းခြင်းနည်းလမ်း များ (Nature-based Solutions-Nbs) လုပ်ငန်းများ ဖြစ် ပါသည်။ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း၊ ရေအရင်းအမြစ်များနှင့် ရေ ဝေရေလဲဒေသများပျက်စီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း စသည့် ပြဿ နာများကို သစ်တောပြန်လည်တည်ထောင်ခြင်း၊ သစ်တော ထိန်းသိမ်းခြင်း နည်းစနစ်အမျိုးမျိုးဖြင့် ဂေဟစနစ်များ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

သဘာဝကိုအခြေခံသောဖြေရှင်းခြင်း လုပ်ငန်းစဉ် များသည် အဓိကအားဖြင့် သဘာဝထိန်းသိမ်းရေးစံနှုန်း များနှင့်အညီဆောင်ရွက်ခြင်းဖြစ်ပြီး သီးသန့်အကောင်အ ထည်ဖော်ဆောင်ရွက်နိုင်သကဲ့သို့ လူ့အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းမှုများနှင့်အတူပေါင်းစပ်ပြီး အ ကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။ ဥပမာအား ဖြင့် အောက်ဖေါ်ပြပါ လုပ်ငန်းနယ်ပယ်များတွင် ရင်ဆိုင်ရ သော စိန်ခေါ်မှုများကို သဘာဝကို အခြေခံသော ဖြေရှင်း ခြင်းနည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်ပါသည်–

- ✧ ကျွန်းစုများနှင့်ကမ်းရိုးတန်းနေ ဒေသခံပြည်သူများကို လေမုန်တိုင်းဒဏ်နှင့် ရေကြီးရေလျှံခြင်းမှ ကာကွယ် ပေးနိုင်ရန်နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု သက်ရောက်မှုများကို လျော့ချနိုင်ရန် ဒီရေတောများ၊ လေကာတန်းသစ်ပင်များ စိုက်ပျိုးပြီး သဘာဝတံတိုင်း ကြီးများအဖြစ် ထိန်းသိမ်းကာကွယ်ခြင်း၊
- ✧ ရေကြီးရေလျှံနိုင်မှုအန္တရာယ်များကို လျော့ချရန်၊ အစား အစာနှင့်စွမ်းအင်လုံခြုံစိတ်ချစေရန်၊ ရာသီဥတုပြောင်း လဲမှုလျော့ချရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန် အတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်း၊
- ✧ အပူပိုင်းဒေသများတွင် ရေသယံဇာတလုံခြုံစိတ်ချရမှု၊ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းများနှင့်

PDF Compressor Free Version

ရာသီဥတုပြောင်းလဲမှုသက်ရောက်မှုများကို တုံ့ပြန်နိုင်စွမ်း ပိုမိုတိုးမှားကြံခိုင်စေရန်၊ မိုးခေါင်ရေရှားခြင်းနှင့် သဲကန္တာရဖြစ်ထွန်းမှု ကာကွယ်နိုင်ရန်အတွက် သစ်တောများ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း၊

- ✧ လေအရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊ စွန့်ပစ်ရေများ ပြန်လည်သန့်စင်နိုင်ရန်နှင့် မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသောရေဘေးကြောင်းများနှင့် ရေဆည်ဆည်မံမှုများလျော့ချရန် မြို့ပြပတ်ဝန်းကျင်တွင် မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ ဥယျာဉ်များ၊ ပန်းခြံများ၊ လမ်းဘေးသစ်ပင်များစိုက်ပျိုးခြင်းအပါအဝင် အစိမ်းရောင်အဆောက်အအုံများ (Green Infrastructure) တည်ဆောက်ခြင်း၊
- ✧ သဘာဝရေထွက်များ ထိန်းသိမ်းခြင်း၊ ရေဝေ ရေလဲဒေသများတွင် ကွန်တိုစိုက်ပျိုးခြင်းနှင့် သက်ရှိသစ်ကိုင်းစည်းမြဲပ်ခြင်း၊ သက်ရှိစည်းရိုးငယ်များ ပြုလုပ်ခြင်း၊ ကွန်တိုစည်းရိုး တန်းပြုလုပ်ခြင်း၊ သစ်ကိုင်းဖျားသုံး နုန်းထိန်းတမံပြုလုပ်ခြင်း စသည့် ဇီဝအင်ဂျင်နီယာနည်းများဖြင့် ရေဝေရေလဲထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများ ပါဝင်ပါသည်။

သဘာဝကိုအခြေခံသောဖြေရှင်းခြင်းလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်း

သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းရာတွင် ကာကွယ်တားဆီးခြင်း ၊ ရှာဖွေကယ်ဆယ်ခြင်း၊ လျော့ပေါ့သက်သာစေခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့သည် အဓိကကျသည့်အချက်များ ဖြစ်ပါသည်။ 'ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်' ဆိုသည်နှင့်အညီ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ခြင်းလုပ်ငန်းများအတွက် သဘာဝကို အခြေခံသောဖြေရှင်းခြင်းလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုထက် များစွာသက်သာမည်ဖြစ်ပြီး ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အောက်ပါလုပ်ငန်းနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် အကျိုးကျေးဇူးများပိုမိုရရှိနိုင်ပါသည် –

(က)စားနပ်ရိက္ခာဖူလုံရေးအတွက် ရာသီဥတုနှင့်သဟဇာတဖြစ်သောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၊

(ခ) ကြံ့ခိုင်သန့်စွမ်းသည့်ဂေဟစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီရေတောများ၊ သစ်တောများ၊ သဘာဝသယံဇာတများအား ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲမှုလုပ်ငန်းများ၊

(ဂ) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော ရေရှည်တည်တံ့သည့် ကျေးရွာများနှင့် မြို့များ၊ အခြေခံ အဆောက်အုံများ တည်ဆောက်ခြင်း လုပ်ငန်းများ၊

(ဃ)ပြည်သူလူထုကျန်းမာရေးနှင့် ချမ်းမြေ့သာယာရေး အတွက် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း လုပ်ငန်းများ၊

(င) ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် ပညာရေး၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် အမျိုးသားလုံခြုံရေးမူဝါဒများကိုချမှတ်ရာတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်လာလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း ကျယ်ပြန့်သည့် မူဝါဒများကိုချမှတ်၍ စနစ်တကျအစီအစဉ်များချမှတ်ကာ သတ်မှတ်ထားသောစံနှုန်းများနှင့်အညီ မှန်ကန်စွာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမူဝါဒနှင့်ဆက်စပ်သော ကျယ်ပြန့်သည့်အမြင်ဖြင့် ဆောင်ရွက်ခြင်း၊ ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်း၊ နည်းဥပဒေများနှင့်အညီ ထိန်းကျောင်း ဆောင်ရွက်ခြင်း၊ အမျိုးသားဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကိုချိတ်ဆက်ပါဝင်စေခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ပိုမိုခိုင်မာအားကောင်းလာစေခြင်း၊ ပြည်တွင်း/ပြည်ပ၊ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝကိုအခြေခံသောဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ပိုမိုကျယ်ပြန့်လာနိုင်မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့် နောက်ဆက်တွဲအကျိုးဆက်များလျော့ချနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။



PDF Compressor Free Version

အမှတ်တရ (၄) (သို့) ကျွန်တော်ချစ်တဲ့ မောင်ရှမ်းမြေ



ကိုနေဖြိုးဦး (မြောင်)

လာရှိုးအဝင် ....

၂၀၁၀ ဧပြီ မှာ
မြင်းမူမြို့နယ် စိမ်း/စို မှသည်...

လားရှိုးမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ မှတ်မှတ်ရရ ...

ထိုနှစ်က မြင်းမူမြို့နယ်၏ အပူခိုန်သည် ၄၆ –၄၇ ဒီဂရီ စင်တီဂရိတ်အထိရှိခဲ့ပြီး မြန်မာပြည်တွင် အပူဆုံးမြို့စာရင်းဝင်ခဲ့သည်။ အဲ့လို အပူဆုံးအခိုန်မှာ အေးမြသည့် လားရှိုးမြို့သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရခြင်းသည် ဘဝတွင် မေ့မရသည့် အမှတ်တရများစွာထဲက မှတ်မှတ်ရရတစ်ခုပါပဲ။

ဦးဝင်းထိုက် –တောအုပ်ကြီး (ယခု – ဦး/ရှိ၊ ပုသိမ်ကြီး)၏ စီစဉ်မှုဖြင့် တောခေါင်း ဦးအောင်ဝင်းနိုင် မြင်းမူအထိ လာကြိုပေးသည့်အတွက် သွားရေးလာရေး ကိစ္စအဆင်ပြေခဲ့သည်။

ပူပြင်းခြောက်သွေ့သည့် အညာဒေသမှသည် ရှမ်းပြည်နယ်သို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းပေမို့ မြင်မြင်သမျှ မြင်းကွင်းတို့သည် သစ်ချုင်တိုင်းသစ် ဆန်းချုင်တိုင်းဆန်းကာ ရင်ထဲမှာလန်းဆန်းတက်ကြွလျက် ခွန်အားအသစ်များတိုးပွားရရှိလာခဲ့သည်။

ပြင်ဦးလွင်ကျော်ပြီ ဆိုကတည်းက အညာနှင့် ရှမ်းပြည်သည် လုံးဝ ခြားနားသွားတော့သည်။

ဂုတ်တွင်းကြီးကို ဆင်းရမယ်ဆိုတော့ စိုးထိတ်သလိုလိုရှိနေခဲ့ရာက ဂုတ်ထိပ်တံတားကြီးကို မြင်လိုက်ရချိန်တွင်မူ အားအင်တွေ အလိုလိုဖြစ်ထွန်းလာခဲ့သည်။ ပြန့်ပြူးညီညာသည့် ယာခင်းပြင်ကျယ်ကြီးများနှင့် ရှမ်းကုန်းပြင်မြင့်၏အလှသည် ရုပ်ရှင်တွေထဲက မြင်ကွင်းထက်ပင် ပိုရှုလှသည်ထင်မိ၏။

ကျောက်မဲမြို့ကိုကျော်တော့ အောက်ဖက်ကို နိမ့်ဆင်းသွားကာ ချိုင့်ဝှမ်းကြီးသဖွယ် မြင်ကွင်းအလယ်တွင် အပျိုချောချောများ အလွန်ပေါသည့် သီပေါမြို့ကို ရောက်ခဲ့သည်။ အနည်းငယ် ပူသရောင်ခံစားရသော်လည်း ပတ်ဝန်းကျင်ရှုခင်းများကြောင့် သိသာလောက်အောင် မပူလှပါ။

ပူနွေးစွတ်စိုး ရာသီဥတု ရရှိသည်ကြောင့်ထင်၏။ လမ်းဘေးတွင် ကျွန်းပင်ကြီးများ တွေ့လာရသည်။ ဖြောင့်တန်းသည့် ကတ္တရာလမ်းတွင် မောင်းနှင်စီးမျောနေခိုက် 'ရွှေကျွန်းတော' ဆိုသည့် ဆိုင်းဘုတ်နှင့်အတူ လှပစွာ ရှင်သန်ကြီးထွားနေသည့် မြန်မာ့ကျွန်းစိုက်ခင်း တမျှော်တခေါ်ကို မြင်တွေ့လိုက်ရစဉ်...

ရင်ထဲတွင် ကြည်နူးခြင်း ကျေနပ်ခြင်းကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

PDF Compressor Free Version

စဉ့်အင်၊ ပုန်းထွန်၊ နောင်ကွဲ ရွာစဉ်တစ်လျှောက် နှင့် ကျွန်းစိုက်ခင်းများ တင့်တယ်လှပစွာ လမ်းဘေး တစ်လျှောက် စီတန်းမြင်တွေ့လိုက်ရသည့် မြင်ကွင်းသည် လားရှိုး ဦးစီး ဖြစ်ခွင့်ရခြင်း၏ ဂုဏ်ယူစရာများအနက် အဦးဆုံးဂုဏ်ယူရခြင်းပါပဲ။

ပေပြစ်သည့် တောင်ကုန်းတောင်တန်းတွေ ကျော် လွန်မောင်းနှင်ပြီးနောက် တောင်ကုန်းထိပ်က လွင်ပြင် တစ်ခုသို့အရောက်...

ကားလမ်းဘေးက ချိုင့်ဝှမ်းအလွန် တောင်ကုန်း ပေါ်တွင်သပ်ပြီယ်စွာတည်ထားသည့် 'ရန်တိုင်းအောင်' စေတီတော်ကြီးအား ကားပေါ်ကပဲကန်တော့၍ ခရီးဆက် ခဲ့ရာ...

'ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ လှိုက်လဲစွာ ကြိုဆိုပါ၏' ဆိုသည့် ဆိုင်းဘုတ်နှင့်အတူ ဘယ်/ညာတွင် ရှမ်းအိုးစည် ၂ လုံး မြင်တွေ့လိုက်ရစဉ် ကျွန်တော့်ရင်ထဲ နောင့်ဗိန်နောင် နောင့်ဗိန်နောင် ဆိုသည့် ရှမ်းအိုးစည် သံများ ညံ သွားပါလေတော့သည်။

ချစ်တဲ့ရှမ်းရိုးမ နှင့်
မြောက်ပိုင်းလမ်း က ရှမ်းတို့ဌာနေ ...
ရှမ်းအိုးစည်သံ မကြားရခင်ကတည်းက
လမုန်း အက က ချင်နေသည့် မြေပြန့်သားတစ်
ယောက် ရှမ်းစကားလေးတွေ သင်ဖို့ ရောက်လို့ လာခဲ့ သည်။

သက်ကြီးကျွန်းစိုက်ခင်းများနှင့်ကျွန်တော် ...

သီပေါ နှင့် လားရှိုး ၂ မြို့နယ် လမ်းမကြီး ဝဲ/ယာ တစ်လျှောက်လုံး ကျွန်းခင်းများတွေ့ရပြီး သီပေါ ဖက်ခြမ်းက ကျွန်းခင်းများသည် ပြုစုထိန်းသိမ်းမှု အလွန် ကောင်းမွန်သလောက် လားရှိုးဖက်ခြမ်း က အခင်းများ သည် ဝါး ပေါင်းများဖုံးလွှမ်းကာ ချုံပုတ်တောသဖွယ် မလှမပ ဖြစ်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ... လားရှိုးမြို့နယ်တွင် ပထမဆုံး လုပ် သင့်သည့်အလုပ်အဖြစ် ကျွန်းစိုက်ခင်းများ ပြုစုထိန်းသိမ်း ခြင်းလုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရမည်ဟု သန္ဋိဌာန် ချလိုက်ပါသည်။

နှစ်အလိုက် ကျွန်းစိုက်ခင်းများအား ဘိနယ်တစ်ခု ချင်းစီ တာဝန်ခွဲဝေပေးအပ်ကာ ဦးစွာ ပေါင်းရှင်း၊ နွယ် ဖြတ်လုပ်ငန်းနှင့်အတူ ပါဝင်ပင်စာရင်းကောက်ပါသည်။ အပင်တစ်ပင်ချင်းစီတွင် နံပါတ်စဉ်သံပြားများ ရိုက်မှတ်၍ မှတ်တမ်းတင်ခြင်း၊ ဆိုင်းဘုတ်ဘုတ်တိုင်များ အသစ်ပြန် လည် မွမ်းမံခြင်း၊ တည်နေရာပြမြေပုံ၊ ပါဝင်ပင်ပြမြေပုံများ စိုက်ထူခြင်း၊ အသိပညာပေးဆိုင်းဘုတ်များ၊ သတိပေး ဆိုင်းဘုတ်များစိုက်ထူခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက် အပင်များပျောက်ဆုံးသွားလျှင် ရုတ်တရက် သိသာနိုင်ရန် အပင်တစ်ပင်ချင်းစီတိုင်းတွင် အဖြူရောင် ဆေးများရေးမှတ်ခြင်း စသဖြင့် ဆောင်ရွက်သည်။

ပင်ကျပ်နုတ်ရန် အချိန်စေ့ရောက်နေသော်လည်း ပင်ကျပ်မနုတ်ရသေးသည့် အခင်းများ ပင်ကျပ်နုတ်သည်။ ဝါးပေါင်းများ၊ အခြားအပင်ကြီးများ ဖုံးနေသည့် အခင်းများ ကို အုပ်မိုးပင်များလှဲခြင်း၊ ပေါင်းပင်များ ရှင်းလင်းခြင်းလုပ် သည်။ နွယ်ဖြတ်သည်။

ပြည်ထောင်စုလမ်းမကြီး ဝဲ/ယာ တွင်ကျွန်းစိုက် ခင်းကြီးများ နေ့ချင်းညချင်း ပေါ်လာလေသည်။

လမ်းဆုံလမ်းမ မြင်သာသည့်နေရာများတွင် –

'နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေ ရမည်' ဆောင်ပုဒ်ကို ၁၆ ပေ × ၃ ပေ အရွယ် ဆိုင်း ဘုတ်ကြီးများပြုလုပ်ကာ နေရာအတော်များများ ထောင် ထားခဲ့ပါသည်။

ထိုစဉ်က သီပေါဦးစီးမှာ ဦးစိုးသန့်ကြည် (ယခု၊ လက်/ညွှန် – သစ်တောကျောင်း) ဖြစ်ပြီး လားရှိုးသို့ အစည်းအဝေးလာရင်း သူ ပြောသည့်စကားကို မှတ်မိ သေးသည်။ 'လားရှိုး ကျွန်းခင်းတွေ အတော်တက်လာ တယ်... သီပေါအခင်းတွေလောက်နီးနီး ကောင်းလာတယ်' တဲ့နာသာခံခက်သည့် စကားဖြစ်သော်လည်း တကယ် လည်း အမှန်တရားဖြစ်နေ၍ 'ဟုတ်ပါတယ် သူငယ်ချင်း ရယ် ထပ်ပြီး ကြိုးစားပါဦးမယ်' လို့သာ ပြောလိုက်ရ ပါသည်။

ဦးစိုးသန့်ကြည် ပြောသည်ကို ကြားသည့် ဘိနယ် ဝန်ထမ်းများရင်ထဲတွင် ကျလိကျလိဖြစ်ကာ 'ဆရာ ကျွန်တော်တို့ ကျွန်းခင်းတွေကို သီပေါထက်သာအောင် လုပ်မယ်' လို့ မခံချင်စိတ်နဲ့ ပြောသံကြားရတော့ရင်ထဲမှာ ကြိတ်၍ ကျေနပ်သွားကာ သူငယ်ချင်းကိုလည်း ကျေးဇူး တင်လိုက်မိသည်။

ကောင်းသောပြိုင်ဆိုင်ခြင်း တစ်ခု စတင်လိုက်ကြ သည်...

နေ့ချင်းညချင်း လမ်းဘေးမှာ ပေါ်လာသည့် ကျွန်း ခင်းများကိုကြည့်ကာ ထိုစဉ်က ရှမ်း(မြောက်) ဥက္ကဋ္ဌ မှတ် ချက်ပြုတာ အမှတ်ရမိသေးသည်... 'သစ်တောက ကျွန်း ပင်တွေ စိုက်တာ ချက်ချင်းကို စိုက်ခင်းကြီးတွေ ဖြစ်လာ တယ်... အရင်က လမ်းဘေးမှာ ချုံတွေပဲ ရှိတာ' တဲ့၊ လက်ရှိအချိန်ဆိုလျှင် အဆိုပါ စိုက်ခင်းများသည် အရွယ် ရောက်နေပေရော့မည်။ ကျွန်းစိုက်ခင်း၊ ပိတောက်စိုက်ခင်း များဖြစ်၍ တန်ဖိုးရှိသည်လည်းတစ်ကြောင်း၊ မြေပိုင်ဆိုင် မှုအနေဖြင့် အစိုရစိမ်ခန့်ခွဲခွင့်ရှိသောမြေတွင် စိုက်ပျိုးခဲ့

PDF Compressor Free Version

သည်လည်းတစ်ကြောင်းတို့ကြောင့် စိုက်ခင်းများ၏ အနာဂတ် စိတ်ချရမည့်အစီအမံများ စီစဉ်ဆောင်ရွက်သင့်ပါသည်။

ကြိုးပိုင်း/ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေသည်ဟုလည်း ကြားမိသည်အလွန်ကောင်းမွန်သည့်အစီအစဉ်ဖြစ်သည့်အတွက် အမြန်ဆုံးဖွဲ့စည်းကာ စိုက်ခင်းများကို ထိန်းသိမ်းကာကွယ်သွားသင့်ပါသည်။

လမ်းဘေးဝဲယာကျန်းပင်ကြိုးများ...

လားရှိုး ဦးစီးဘဝ ဒုတိယမြောက် လုပ်ဖြစ်သည့် အလုပ်မှာ ပြည်ထောင်စုလမ်းမကြီး ဝဲ/ယာ ရှိ သက်တမ်းရင့် ကျန်းပင်ကြီးများ စာရင်းကောက်ယူ မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ ကျန်းပင်အများစုသည် သက်တမ်း ၁၀၀ ကျော်ရှိ အပင်ကြီးများဖြစ်ပြီး၊ အကြီးဆုံး ခါးလည်လုံးပတ် ၁၁ ပေကျော်အထိ ပါဝင်ပါသည်။

အဆိုပါအပင်ကြီးများသည် လမ်းဘေးဝဲ/ယာတွင် ရှိနေကြ၍ ခိုးယူခုတ်လှဲခြင်းမခံရဘဲ ကျန်ရှိနေခဲ့ကြခြင်း ဖြစ်ပြီး ယခုအခါတွင်မတော့ ...

လမ်းဇရိယာချဲ့သည့်အခါ မလွတ်ကင်း၍ဟုဆို ကာ ခုတ်လှဲဖို့တစ်ဖန် အကြောင်းဖန်လာပါလေတော့သည်။ ခုတ်ခြင်း မခုတ်ခြင်းသည် အကြီးအကဲများ ဆုံးဖြတ်ရန် ဖြစ်ပြီး ကျွန်တော်အနေနဲ့တော့ ကိုယ်လုပ်နိုင်သမျှ ကျန်းပင်ကြီးများ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း လုပ်ခဲ့ပါသည်။ နွယ်ဖြတ်ခြင်း၊ ရှင်းလင်းခြင်း စသည်ဆောင်ရွက်ခြင်း၊ တစ်ပင်ချင်းစီ၏မှတ်တမ်းကို သံပြားတွင် ရေးမှတ်ရိုက်ကပ်ခြင်း၊ အသိပညာပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း စသဖြင့် ကိုယ်စွမ်းသလောက် ကြိုးစားခဲ့ပါသည်။

တစ်ပင်ချင်းစီတိုင်းတွင်...

'မြန်မာ့သစ်တောရတနာ၊ ကျန်းပင်ကြီးများ ထိန်းသိမ်းပါ' ဆိုသည့် ဆောင်ပုဒ်ကို အများမြင်သာသည့် နေရာတွင် ချိတ်ဆွဲထားသည်။

သစ်ပင်ချစ်စိတ်ဖြင့် ထိန်းသိမ်းကာကွယ်ခဲ့ကြသူ သစ်တောဝန်ထမ်းများကို အသိအမှတ်ပြုချီးပေပဲလား... တောစောင့် တောင်စောင့်နတ်များ စောင့်ရှောက်မှုကြောင့်လား၊ သို့တည်းမဟုတ်...

ပြည်ထောင်စု နတ်မင်းကြီးများ သဘောထား ပြောင်းသွား၍လား မသိ၊ ကျွန်တော် တာဝန်ထမ်းဆောင်သည့်ကာလအတွင်း ကျန်းပင်ကြီးများ ခုတ်လှဲမည့်အစီအစဉ်မကြားရတော့ပါ။

(အခုတော့ မည်သို့အခြေအနေရှိသည် မသိပါ)...

ကျန်းပင်ကြီးများ ခုတ်လှဲမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား သဘောထားကွဲလွဲမှုရှိခဲ့ကြောင်း အသံသဲ့သဲ့ကြားမိသည်။

မည်သို့ ကွဲလွဲကြသည်ကိုမူ မသိပါ။ ဘာ့ကြောင့် ပဲဖြစ်ဖြစ် မခုတ်ဖြစ်သည်ကိုတော့ ဝမ်းသာမိသည်...

တစ်ခါတရံတွင်...

တစ်မိန်းများသည်...

ဆွေမျိုးများထက် ပို၍ ကောင်းနေတတ်သည်...

ကျွန်းပင်ကြီးများ ခုတ်လှဲမည့်ကိစ္စတွင် တစ်မိန်းဟု ယူဆရသူ တာဝန်ရှိလူများက ခါးခါးသီးသီး ငြင်းခဲ့ကြောင်း (နောက်ပိုင်းတွင်) အံ့သြဖွယ်ရာ ကြားသိခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ...အားလုံးကို ကျေးဇူးတင်ပါသည်။

စီးပွားရေးထင်ရှားစိုက်ခင်း...

၂၀၁၂ မိုးရာသီတွင် စီးပွားရေး(ကျွန်း) စိုက်ခင်း တည်ထောင်ရန် ပြည်နယ်က တာဝန်ခွဲဝေပါသည်။ မြေနေရာရွေးကြမည်ဆိုတော့ လုံခြုံရေးကောင်းမွန်ပြီး အုပ်ချုပ်ရေး အလှမ်းမဝေးသည့် ဟူးမွန်ကြိုးပြင်ကာကွယ်တော တွင် ရွေးချယ်လိုက်သည်။ ကျွန်းမျိုးစေ့ ဝယ်ယူစုဆောင်းခြင်း၊ ပျိုးဥယျာဉ်တည်ဆောက်ခြင်း၊ ပျိုးထောင်ခြင်း လုပ်ငန်းများအမြန်ဆောင်ရွက်ကာ ရာသီချိန်အလိုက် ဆောင်ရွက်ရမည့် စိုက်ခင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး အားစိုက်ဆောင်ရွက်ကြသည်။

ဇန်နဝါရီလခန့်တွင် ထိုနှစ် မိုးရာသီ၌ ဆောင်ရွက်မည့်သစ်တောလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတင်ပြရန် ရုံးချုပ်သို့ သွားရောက်ရှင်းလင်းရသည်။

ကျွန်တော့်တင်ပြချက်ပါ မြေပုံမှတ်တမ်းအရ စိုက်ခင်းမြေနေရာသည် ဟူးမွန်ဆည်၏ ရေဝေရေလဲဇရိယာဖြစ်သဖြင့် ကျွန်းမစိုက်သင့်ကြောင်းနှင့် ဒေသနှင့်သင့်လျော်ပြီး ရေဝေရေလဲထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် ထင်းရှူးသစ်မျိုးသာ စိုက်သင့်ကြောင်း ရေဝေရေလဲဌာန ညွှန်/မှူး က ထောက်ပြဆွေးနွေးပါလေသည်။

ထင်းရှူးသစ်မျိုးသည် ပျိုးထောင်ရသည်မှာ အလွန်လက်ဝင်ပြီး အကြီးနှေးသည့်သစ်မျိုးဖြစ်၍ မစိုက်ပျိုးမီ အနည်းဆုံး ၈ လခန့် ကြိုတင်ပျိုးထောင်နိုင်မှသာ ပျိုးပင်အတွက် ကောင်းစွာ စိတ်ချနိုင်သည်။

အခြားပျိုးပင်များကဲ့သို့ ပုံမှန် စပ်မြေ မြေဆွေးမျှဖြင့် ပျိုးထောင်၍ မရဘဲ Mycorrhiza ထည့်ပြီး ပျိုးရသည့်အတွက် Mycorrhiza စုဆောင်းရပြီးမည်။

လုပ်ရမည့် လုပ်ငန်းစဉ်များနှင့် အချိန်ကာလကို ချိန်ဆကြည့်ရာ အတော်ကို ရင်မောသွားမိသည်...

အချိန်က ဇန်နဝါရီလ ရောက်နေပြီ၊ ဘယ်လို

PDF Compressor Free Version

မီအောင် ပျိုးရပါ့မလဲ... လူဆိုးတွေနဲ့ မောင် တိုင်ပင်ရ ချေပြီ... ဆိုးတော့ဆိုးသည် အလွန် အားကိုးရသည် ဆိုသည့် တောအုပ်ကြီး ဦးစိုင်းထွန်းလူ (ယခု-ငြိမ်း) နှင့် တိုင်ပင်ရသည်။

ဦးစိုင်းထွန်းလူ က အပူအပင်ကင်းစွာ ပြုံးသည်၊ သူ့မှာ ဘယ်လို အကြံဉာဏ်ကောင်းတွေရှိနေသည် မသိရ၊ 'ရပါတယ် ဆရာရယ်' လို့ အေးချမ်းစွာ တုံ့ပြန်သည်။ သူ့အဖြေသံကြားရတော့ အားရှိသလိုလို ဖြစ်သွားပြီး၊ 'လုပ်စမ်းပါဦးဗျာ' အကြံကောင်းဉာဏ်ကောင်းရှိလျှင် ချီးမြှင့်ပါဦး ဆိုတော့ ဒုတိယ အကြိမ် အားပါးတရ ပြုံးသည်...

သူ့မှာ တစ်ခုခု ရှိနေတာတော့ သေချာပြီ...

စိတ်ထဲမှာ တဖြည်းဖြည်း အေးလာသည်...

ဆုံးဖြတ်ချက် ခိုင်မာစွာ ချလိုက်သည်...

စိုက်ခင်းတာဝန်ခံအဖြစ် ဦးစိုင်းထွန်းလူကို ခြွင်း ချက်မရှိ အတည်ပြုလိုက်သည်။

၁/၂၀၁၂ စီးပွားရေး(ထင်းရှူး)စိုက်ခင်း စပြီ...

ထင်းရှူးပင်ပေါက်ရှာပုံတော် ....

ထင်ရှူးပင်ပေါက် ရှာပုံတော် ဖွင့်ကြပြီ...

အခုမှစပြီး ပျိုးထောင်ဖို့ကတော့ မည်သို့မျှ အချိန် မဖိနှိပ်၊ ဒီတော့ ထင်းရှူးပင်အောက်က အပင်ပေါက်များ နုတ်၍ ရွှေ့ပြောင်းစိုက်ပျိုးခြင်းဖြင့်သာ အချိန်ဖိနှိပ်မည့် အကောင်းဆုံးနည်းလမ်းအဖြစ် ရွေးချယ်လိုက်ကြသည်။ လွယ်လွယ်နဲ့တော့ မဖြစ်နိုင်...

လားရှိုးဝန်းကျင်တွင် ထင်းရှူးပင်များများစားစား မရှိလှ၊ ထင်းရှူးတောကြီးတွေက ကွတ်ခိုင်ဝန်းကျင်တွင်သာရှိသည်။ သို့မို့ကြောင့် ကွတ်ခိုင်အထိ သွား၍ ထင်းရှူးပင်ပေါက် ရှာပုံတော်ဖွင့်ရမည်။

စိုက်ခင်းကို မြို့နယ်ရှိ ဝန်ထမ်းအားလုံးအား အမွေ ခွဲပေးလိုက်သည်။ ထင်းရှူးပင်ပေါက် စုဆောင်းခြင်းမှသည် ပျိုးထောင်၊ ကျင်းတူး၊ စိုက်ပျိုးသည်အထိ ကိုယ့်အပိုင်းနဲ့ကို ဆောင်ရွက်ကြရန် စိုင်းပြင်းကြပြီ။

တစ်မြို့နယ်လုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်...

ကွတ်ခိုင် မှ လားရှိုး အထိ ထင်းရှူးအပင်ပေါက်များကို ဆိုင်ကယ်ဖြင့် သယ်ရသည်။ ကားနဲ့သယ်လောက် အောင်လည်း ပမာဏများများ အလွယ်တကူမရနိုင်၊ ဒီတော့ ဆိုင်ကယ်နဲ့ အလီလီ အခေါက်ခေါက်သယ်ရသည်။

သူများလုပ်လျှင်လည်း စိတ်မချဟု ဆိုကာ ဦးစိုင်းထွန်းလူ ကိုယ်တိုင် သူပိုင် ဆိုင်ကယ်ဖြင့် အကြိမ်ကြိမ် သယ်ယူသည်။ အပင်ပေါက် နုတ်သည့်အချိန်တွင် မြေလုံးပါအောင် ဂရုတစိုက်နုတ်ရသလို သယ်သည့်အချိန်တွင်လည်း မြေလုံးမကွဲအောင် သယ်ရသည့် ခက္ခသည် သေးလှသည်မဟုတ်။

ဖေဖော်ဝါရီလလယ်ခန့်တွင် လိုအပ်သည့် ပျိုးပင် အရေအတွက် ပြည့်သွားသည်။

သို့သော်...ထင်းရှူးက မာယာများသည်။

ပျိုးအိတ်ထဲတွင် ကောင်းကောင်းမွန်မွန် ရှင်သန် နေရောက တစ်လလောက်ကြာမှ သေချင်သေသွားတတ် သည်။ သို့မို့ကြောင့်... အပိုဆောင်းပျိုးပင်ကိုပါ တစ်ခါတည်း စုဆောင်းထားရသည်။

ရွက်ဖြန်းဆေး၊ အမြစ်အားဆေး၊ ဟော်မုန်းဆေး စသဖြင့် ဆေးတွေလည်း စုံနေအောင် သုံးရသည်။

ပျိုးဥယျာဉ်တာဝန်ခံမှာ တောအုပ် နော်တောင် (ယခု - တောအုပ်ကြီး) တောထဲမှာပဲနေ၊ တောထဲမှာပဲ အိပ်ပြီး၊ တစိုက်မတ်မတ်လုပ်တတ်သူ သူ့ကြောင့် ပျိုး ဥယျာဉ်လုပ်ငန်းနှင့်ပတ်သက်၍ စိတ်မပူရ...

မတ်လရောက်တော့ ပျိုးပင် အားလုံးနီးပါး စိတ်ချ သွားရပါပြီ။

အရွယ်အားဖြင့်လည်း လောက်လောက်လားလား ဖြစ်လာသည်။

သက်ပြင်းကိုယ်စီ ချနိုင်ကြပြီ...

ဦးစိုင်းထွန်းလူ၏ ကြိုးပမ်းအားထုတ်မှု...

နော်တောင်၏ ဂရုတစိုက်ပြစု ထိန်းသိမ်းမှုနှင့်...

မြို့နယ်ဝန်ထမ်းအားလုံး ပူးပေါင်းဆောင်ရွက်မှု တို့ကြောင့် ပျိုးဥယျာဉ်လုပ်ငန်းများ အချိန်မီပြီးစီးခဲ့သည်။

ထိုမျှမက အဆင့်အတန်းရှိရှိ ပျိုးပင်များ ရရှိခဲ့ သည်။

စိုက်ခင်းစိုက်ပျိုးချိန်တွင်လည်း ဝန်ထမ်းများ ကိုယ် တိုင်စိုက်ပျိုးခဲ့ကြသည့် ပျိုးဥယျာဉ်ကို ရေရရှိမှုအခြေအနေ အရ စိုက်ခင်းနှင့်အနီးဆုံး တောင်ခြေတွင် တည်ထောင်ခဲ့၍ ယာယီပျိုးဥယျာဉ်မှ စိုက်ခင်းအရောက် ပျိုးပင်များကို ဝန်ထမ်းများကိုယ်တိုင် ထမ်းပိုးသယ်ယူ စိုက်ပျိုးခဲ့ကြသည်။

ဘယ်သူမှ မောသည် ပန်းသည် ငြီးငြူခြင်း မရှိဘဲ တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြသည်မှာ ဘယ်တော့ မှမမေ့နိုင်သည့် အမှတ်တရဖြစ်သည်...

ထိုစိုက်ခင်း ကောင်းစွာ အောင်မြင်ဖြစ်ထွန်းခဲ့သည် စည်းလုံးခြင်းသည် အင်အားဖြစ်ကြောင်း ထင်ရှားသည့် သာဓက ဖြစ်သည်။ အတူပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုပ် ဖော်ကိုင်ဖက်ဝန်ထမ်းများအားလုံးကို ကျေးဇူးမှတ်တမ်း တင်ပါသည်။

အေးချမ်းပျော်ရွှင်စရာနေရာ...

ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့ဖူးသမျှ ရုံး များအနက် လားရှိုးမြို့နယ်ရုံးသည် သာယာသည့်ပတ်

PDF Compressor Free Version

ဝန်းကျင်ကောင်းနှင့် စိတ်အေးချမ်း ပျော်ရွှင်စရာ အကောင်းဆုံးရုံးဖြစ်ပါသည်။

အနီးကပ် အပြြုလက်တွဲနေရသည့် လက်တွဲဖော်များဖြစ်သည့် ဦးချစ်တင် (ရုံးအုပ်ကြီး)၊ ဒေါ်မူမူထွေး၊ ဒေါ်စန္ဒာလင်း၊ အိမိုးဖွန်(ဂီဂီး) စသည့် လုပ်ဖော်ကိုင်ဖက်များသည် ကိုယ့်တာဝန်ကို ကျေပွန်ကြသလို...ပင်ကို စိတ်ရင်း ရိုးသားဖြူစင်ကြသူများဖြစ်၍... နေ့စဉ် ရုံးလုပ်ငန်းများစိတ်ချမ်းသာစွာလုပ်နိုင်သည်။

အတူလက်တွဲခဲ့ကြသူ တောအုပ်ကြီး၊ တောအုပ်၊ တောခေါင်း၊ တောကြပ်၊ နေ့စားမှအစ လုပ်ဖော်ကိုင်ဖက်အားလုံးသည် တာဝန်သိတတ်သူများ၊ တာဝန်ကျေပွန်သူများဖြစ်ကြသည်ကို ဤစာစုဖြင့် ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

ရှမ်းတိုင်းသားများသည် ပင်ကိုဗီဇအရ ရိုးသားသည်၊ ဖော်ရွေသည်၊ ခင်စရာကောင်းသည်၊ မစ္ဆရိယစိတ်အလွန်နည်းပါးသည် ဖြစ်သကဲ့သို့ (စတုတ္ထအချက်ကား ချစ်စရာ အကောင်းဆုံး) ရှမ်းပြည်ရောက် ဗမာဝန်ထမ်းများသည်လည်း ရေ မြေလိုက်ကာ ရှမ်းတိုင်းရင်းသားများနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေကြသည်။

လားရှိုးမြို့နယ်တွင် အလုပ်လုပ်ရသည်မှာ နောက်ကျောလုံသည်။ အပူအပင်နည်းသည်။ ထို့ကြောင့်အေးချမ်းသည်။ စိမ်းစိမ်းစိုစို ပတ်ဝန်းကျင်ကြောင့် အမြင်အာရုံမှာလည်း အေးချမ်းသည်။

ဤသည်တို့ကား ပတ်ဝန်းကျင်ကောင်းတစ်ခုဟု ဆိုထိုက်သည် ထင်ပါ၏။

သင့်တင့်မျှတသော ရာသီဥတုကြောင့် ကိုယ်လက်ကျန်းမာမှုအတွက် အထောက်အပံ့ကောင်းတစ်ခု ရသည်။ သန့်ရှင်းလတ်ဆတ်သော အသီးအနှံများစားရ၍ ခန္ဓာကိုယ်အတွက် လိုအပ်ချက်များ ရရှိစေသလို ခန္ဓာကိုယ်ကို ဥပါဒ်ဖြစ်စေမည့် အဆိပ်အတောက်များ ကင်းစင်ရ၏။

လူမျိုးဘာသာမရွေး နွေးထွေးပျူငှာတတ်ကြသည်ကြောင့် စိတ်ဓာတ်ခွန်အားရရှိသည်။ ပြည်နယ် ပြည်မဆက်သွယ်မှု လွယ်ကူ၍ စိတ်သွားတိုင်း ကိုယ်ပါနိုင်သည်။ အခြားအခြားသော ကောင်းချက်ကောင်းကွက်များလည်း ရှိကောင်း ရှိပါလိမ့်ဦးမည်။

ပြည်မကလာသည့် ဝန်ထမ်းတစ်ယောက်အတွက် စိတ်အေးချမ်း ပျော်ရွှင်စရာကောင်းသည်မှာ ထင်ရှားပါ၏။ ခွဲခွာခဲ့တာ ၁၀ နှစ်ပင် ကြာခဲ့ပြီ...

နှစ်တွေဘယ်လောက်ကြာကြာ..ထာဝရ အမှတ်ရနေသည်သာ...

(လားရှိုးမြို့နယ်တွင် အတူတာဝန်ထမ်းဆောင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက် အားလုံးသို့ သတိတရ ရေးဖွဲ့ပါသည်)

တို့အညာ တို့ရွာ တို့တော



မင်းဇာနွယ်(အောင်လံ)


✧ နွေနေမို့ တကယ်ပူပါတယ်ဆိုတဲ့အမောင်။
အပြစ်မြင်ကာ ပစ်ခွာမပြေးချင်ပါနဲ့
အချစ်ဝင်ကာသာ တို့အညာရွာကလေးကိုဖြင့်
သာယာအေးဖို့ အတူစွမ်းဆောင်။
တို့အညာ တို့ရွာသားတို့
အားထုတ်ကာ ကြိုးစားအောင်
မြင်းမိုရ်တောင်ဘာမမူ။
သဘာဝအပူ လူကိုထိပါးစရာလား
တို့ရွာအားနဲ့ တို့တောသစ်ရိပ်
ချွေးသိပ်စရာတောမြိုင်စိမ်း
စိုက် ထိန်း ပြုစု။

✧ မိုးဝသန်ခါ တို့ရွာလမ်း တောတန်းနှင့်တောင်။
မြင်ဝါးရုံနဲ့ အင်တိုင်းလက်ဖြစ်
မျှစ် မို့နဲ့ အင်ဥဖွေး မောင်ကောက်ကာစုပေးမယ်
ခင်လေးရဲ့ မီးဖိုချောင်။
တို့ပတ်ဝန်းကျင် တို့ပြုစု တို့ထိန်းပါမှ
သဘာဝကပေးမယ့်လက်ဆောင်
မိုးမခေါင် အမှန်ဥတု။
နှမ်း ပြောင်း ဝါ မြေပဲ ရွှေနေကြာနဲ့
ဥယျာဉ်မှာ နှစ်ရှည်သီးများ
ကြီးထွားပုံစု။

✧ ဟေမာန်ဆောင်းမင်းသမီး နင်းမသီးတာကြာပြီအမောင်။
ပတ်ဝန်းကျင်ညစ်ညမ်း မီးခိုးလွှမ်းဆိတ်ငွေ့အစုံ
ဖုန် အမှုန်နဲ့ ပလတ်စတစ်အညော်
ရွာပေါ်ကျော် ခြံကာဖုံးလို့ မိုင်းညိုမှုန်းမှောင်။
စိုက်သစ်ပင် တကယ်ရှင်ကြဖို့နဲ့
သဘာဝရဲ့တောကျန် အမှန်ထိန်းပါမှ
ပြန်စိမ်းမယ့်ကတုံး(ခေါင်းတုံး)တောင် နေရောင်ကိုအံတု။
ဟိုတုန်းက တို့ဆိုခဲ့သီချင်း
နင်းဝေတဲ့ဆောင်း ပြန်တောင်းအမှန်ရစေဖို့
တို့ လုံ့လပြု ။ ။

PDF Compressor Free Version

ယခင်လမ့်အထက်



အတုံ့ အရှေ့ည့်

True story : True region

တင်ဝင်း

ဤနေရာတွင် အနည်းငယ်လင်းပါရစေ။ MTE ပိုင်ဆင်များထဲတွင် ခြံပေါက်နှင့်တောဆင်ဟူ၍ နှစ်မျိုးရှိပါသည်။ ခြံပေါက်ဆိုတာ MTE ဆင်ပိုင်းအတွင်း၌ မွေးလာသောဆင်။ ယင်းဆင်တွေသည် လုပ်ငန်းအတွင်းခိုင်းစေရာတွင် အမိန့်နာခံ(Obedient)တတ်၍ လိမ္မာရေးခြားရှိတာများပါသည်။ တောဆင်ဆိုသည်မှာ သဘာဝတောဆင်ရိုင်းကို ဖမ်းဆီး၊ ကျုံးသွင်း၊ မှိန်းသင် (စခန်းသွင်း လေ့ကျင့်)ပြီး လုပ်ငန်းခွင်အတွင်းခိုင်းစေခြင်းဖြစ်ပါသည်။ ထိုဆင်မျိုးများတွင် အမိန့်မနာခံတတ်သော (Disobey)၊ ဆန့်ကျင်တတ်သည့် Anti-တစ်ချို့ စုန်းပြုး ပါလာတတ်ပါသည်။

သို့ပေငြားလည်း ဆင်ခေါင်းသည် အမိန့်အရ ဆင်ဦးစီးတစ်ယောက် ဆင်ပဲ့ချိတ်တစ်ယောက်ကို ယင်းဆင်ဖြင့်သစ်ကွင်းဝင်၍ သစ်ဆွဲရန် တာဝန်ပေးခဲ့ပါသည်။

လုပ်ငန်းအစပိုင်းတွင် ပြဿနာမရှိ၊ ရာသီ တစ်ဝက်လောက်ရောက်သောအခါ...ဗွေဖောက်လာပါတော့သည်။ တဖြည်းဖြည်းဆိုးလာပါသည်။ သစ်ဆွဲရာတွင် ဆင်ပဲ့ချိတ်၏အဓိကတာဝန်မှာ ဆင်လည်ပတ်ကြိုးနှင့် သစ်လုံးကို သံကြိုးနှင့်ချိတ်ဆက်ပေးရခြင်းဖြစ်ပါသည်။ သစ်ဆွဲလမ်းအခြေနေအရ သံကြိုး တို/ရှည် ပြုပြင်ပေးရပါသည်။ ဆင်ဆွဲသွားသောသစ်လုံး အလိုက်ကောင်းစေရန် ကုတ်ဖြင့် ပဲ့ထိန်းပေးခြင်း ဆောင်ရွက်ရသူဖြစ်ပါသည်။ ဆင်လိမ္မာပါက သက်သာသော်လည်း ဆင်ဦးစီးခိုင်းသလို မလုပ်သော ဆင်နှင့်တွေ့ပါက ရှေ့/နောက် သွားရခြင်း၊ သံကြိုးကို မယူ ဆွဲရွှေ့လုပ်ရတာမသက်သာပါ။ ထို့ပြင် သစ်ဆွဲသော ဆင်သည် သံကြိုးကို ဝမ်းဗိုက်၊ ပေါင်နှင့်ထိန်းပြီးဆွဲမှသာ သစ်လုံးက ဆင်နောက်သို့ ချောမွေ့စွာလိုက်ပါသည်။ ဒီအလုပ်မှာ ဆင်၏ တာဝန်ဖြစ်ပါသည်။ ယခင်နေ့များက ကန့်လန့်တိုက်သော်လည်း ယခုနေ့လောက်မဆိုးပါ။ ထို့အပြင် သံကြိုးကို နောက်ခြေကခွလိုက်သောအခါ ဆွဲလို့မရတော့ပေ။ သံကြိုးပြင်ပြီး ပြန်ချည်ရပြန်ပါသည်။ ရှေ့လက်ကိုလိုတာထက်ပိုပြီး မြောက်ခါမြောက်ခါ လုပ်နေပြန်ပါသည်။ ပဲ့ချိတ်လည်း ဒီတော့မှ ဆင်ဟာ သူ့ကိုနင်းဖို့ရာ ကြံစည်အားထုတ်နေမှန်းသဘောပေါက်တော့သည်။

ပဲ့ချိတ်-ဆင် ခိုင်းလို့မရဘူး၊ ငါ့ကိုနင်းဖို့ကြံနေတယ်။ ကြိုးဖြုတ်ပြီးပြန်ရင်ကောင်းမယ်ဟေ့...လို့ ပြောရာ-

ဆင်ဦးစီး- သစ်လုံးကြီးက လမ်းတစ်ဝက်မှာ.. ဆင်ကဆက်မဆွဲချင်လို့ပြဿနာလုပ်နေတာ။ သူ့ အလိုလိုက်ပြီးပြန်သွားရင် နောက်နေ့ခိုင်းလို့ လုံးဝရမှာမဟုတ်တော့ဘူး 'ဆင်ပျက်'သွားမယ်။ ငါခိုင်းတာ(ဒူးပေး၊ခွန်းဆွဲ) ကတစ်မျိုး သူက သူလုပ်ချင်ရာလုပ်နေတာ။

'ဒီသစ်လုံးကိုတော့ရောက်အောင်ဆွဲရမှာပဲ။ ချော့မရရင်ကြမ်းကြမ်းကိုင် ဆုံးမရမှာပဲ' ဆိုကာ ဆင်ဦးစီးလည်း ဆဲဆိုကြိမ်းမောင်း၍ခိုင်းလေသည်။

သို့သော်မရပါ။ သံကြိုးကြီးကို ခြေထောက်နှင့် ခွထားပြန်သည်။ ပဲ့ချိတ်က လည်ပတ်ကြိုးပြင်ရန်အသွား ဆင်ကရှေ့လက်ကို နင်းချရန် မြောက်ရာတွင် ပဲ့ချိတ်လည်း နောက်အနည်းငယ်ဆုတ်ပြီး လက်အချုတ်တွင် ခါးချိတ်ဓား(ဓါးကုတ်ခွန်း/ ထန်းလှီးဓါး)ဖြင့် ခွာဖုံးကို ခုတ်ချလိုက်တော့သည်။

မောကလည်းမော ဒေါသလည်းဖြစ်တော့ လက်စလွန်သွားသည်။ တစ်ထွာကျော်ကွဲသွားပြီး အတွင်းသို့လည်းနက်သွားသည်။ သွေးများဖြာကနဲထွက်ကျလာကာ ဆင်လည်း ခြေလုံးဝမထောက်နိုင်တော့ပဲငြိမ်ကျသွားလေသည်။

နယ်တာဝန်ခံက နောင်တွင် ဤကဲ့သို့ ဆင်ကို ကြမ်းတမ်းစွာဆုံးမပါက ဆင်ခေါင်း၊ ဆင်ဦးစီး၊ ဆင်ပဲ့ချိတ်သုံးဦးစလုံးကိုအရေးယူမည်ဖြစ်ကြောင်းဆုံးမကာ ဆင်ဆရာဝန်ခေါ်၍ အနီးကပ်ဆေးကုသစေသည်။ ခြောက်လခန့်ဆေးကုပြီးမှသာ ဒဏ်ရာရှင်းရှင်းပျောက်လေသည်။

နောက်နှစ် ဒီရာသီ ဒီတောမှာ။

ဒီဆင်နှင့် ဒီဆင်ဝန်ထမ်းများ သစ်ဆွဲခြင်းလုပ်ရပြန်ချေပြီ။ ဆင်သည် ယခုနှစ် ကျိုးနွံနာခံသွားလေသည်။

PDF Compressor Free Version

အားလုံးစိတ်အေးချမ်းသာရှိနေကြပါသည်။

ရာသီတစ်ဝက်လောက်ရောက်ချိန် တစ်နေ့ဝယ် ပဲ့ချိတ်က စားကျက်အတွင်း ဆင်သွားကောက်ရာ ဆင်သည် ခြုံအတွင်း၌ နှာမောင်းကို ရှေ့တည့်တည့်ဆန့်ထားပြီး နားရွက်နှစ်ခုကို လည်ပင်းကပ်လျက် ပဲ့ချိတ်အလာကိုစောင့်နေသည်။ ဒီအခြေအနေသည် သခင်အားလုပ်ကြံရန်ချောင်းမြောင်းခြင်းဖြစ်ပါသည်။ ပဲ့ချိတ်ကလည်း မြင်ပါသည်။ သစ်ပင်ကြီးဘေးကပ်လျက် အသံပေးလိုက်ရာ ဆင်သည် ပဲ့ချိတ်ကိုတိုက်ခိုက်ရန် တန်းတန်းမတ်မတ်လာလေသည်။ ပဲ့ချိတ်က ခါးချိတ်ခါးကို ထုတ်ပြကြိမ်းမောင်းလေမှ ရပ်တန့်၍ နောက်ပြန်လှည့်လေသည်။ ပဲ့ချိတ်လည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်လေသည်။ ဆင်သည် လိမ္မာသွားခြင်းမဟုတ် မိမိကိုလုပ်ကြံရန် အချိုသတ်နေခြင်းဖြစ်ကြောင်းနားလည်ရလေသည်။

နောက်ရက် နောက်နေ့များတွင် ဆင်နှင့်အတူ အလုပ်လုပ်နေရသော်လည်း ဆင်ကသူ့အပေါ်တွင် ထားသည့် ကြီးစွာသော အာဃာတကို သူ့၏အာရုံတွင် ခံစားသိရှိနေသည်။ သူဆင်တွေကိုချစ်သည်။ ဆင်နှင့်အလုပ်လုပ်ရတာ ပင်ပန်းပေမဲ့သူပျော်သည်။ ယခင်က သူလိုက်ခဲ့ဖူးသည့် နယ်ပြောင်းသွားသော ဆင်လိမ္မာကြီးကို လွမ်းဆွတ်သတိရနေမိသည်။

စခန်းပြန်ရောက်ပါက ထင်းခွေ ရေခပ်ပေးသေးသည်။ မိုးဦးကျရာသီဆိုလျှင် ဆင်ကျောင်းရင်း မျှစ်ချိုး၊ ပြန်လျှင်မျှစ်များကို ဆင်နဲ့တင်၊ မျှစ်ဒိုင်သွားပို့၊ ရိက္ခာဆိုတာသူတို့မှာ အလှုံပယ်။ ဆင်ကိုလည်း စပါးဝယ်ကျွေးနိုင်သေးသည်။ ဆင်ကြီးမှာ ဝဖြိုးလျက်။ နယ်တာဝန်ခံ၊ ဆင်ခေါင်းတို့က သူ့ကိုသဘောကျသည်။ ဆင်ဦးစီးရာထူးတိုးခါနီးမှ ဒီဆင်နဲ့ပြဿနာကြောင့် သူရာထူးတိုးမရဖြစ်တော့။ သစ်ဆွဲတာကလည်းပြီးတော့မယ်၊ ပြီးရင်တော့ ဒီအလုပ်ကို စွန့်လွှတ်တော့မည်၊ ဆုံးဖြတ်ထားသည်။ခုတော့ တစ်ဝက်တစ်ပျက်နဲ့မနားချင်သေး။ သူ့ပေါ်ကောင်းတဲ့ ဆင်ခေါင်းကိုလည်း အားနာသည်။ သူ ပဲ့ချိတ်မလိုက်ရင်လည်း ဒီဆင်ဆိုးကိုလိုက်မည့်သူမရှိ။

ဆင်ကြဲကြဲတယ်ဆိုတာဒီဆင်မျိုးပဲ။ ဆင်ကြည့်ကြည့်တယ်ဆိုတာ ဒီဆင်အကြည့်ပဲ။ သူ့အကြည့်ဟာ ငှဲ့ကိုမုန်းတာသိသာနေတယ်။ ဆင်တွေဟာ သခင်ကိုသတ်ဖို့ တစ်နေ့ကို သုံးကြိမ်ကြဲသတဲ့။

ဒီဆင်ကတော့ ငှဲ့သတ်ဖို့အချိန်ပြည့်ကြဲနေတာ။ ထိုနေ့ အလုပ်ထဲရောက်လာတော့ ပဲ့ချိတ်ကသံကြိုးချည်ပြီး ဝေးဝေးနေပါသည်။ ခုတစ်ခါ ဆွဲလာတဲ့သစ်ကလည်း အရင်ခေါက်တွေလောက်မကြီးပါ။

သစ်ပင်တွေ စိတ်တဲ့နေရာရောက်လာတော့ သစ်လုံးက ငုတ်နဲ့ထိပ်တိုက်နေတာကြောင့် ထိပ်လွှဲပေး၊ ဆင်လည်ပတ်ကြိုးကိုပြင်ပေးပြီး နောက်ဆုတ်လို့ သစ်ပင်နားမှာရပ်နေလိုက်ပါသည်။ ဆင်သည် ရုတ်တရက် မထင်မှတ်တာကိုလုပ်ချလိုက်သည်။ ဆင်ဟာ သံကြိုးလမ်းကို (L)ပုံလမ်းကြောင်းပြောင်းပြီး ပဲ့ချိတ်ခြေထောက်ကို သစ်ပင်နဲ့ညှပ်ဆွဲပါတော့သည်။ ပဲ့ချိတ်က သတိရှိနေတော့ သူ့ခြေထောက်ကို ဆတ်ကနဲဆွဲထုတ်လိုက်ပါသည်။ သို့သော် ကျန်ခြေတစ်ချောင်းကို ဆွဲမထုတ်နိုင်မီ ဆင်ကဆောင့်ရှုန်းလိုက်သောကြောင့် ခြေထောက်ပြတ်ကာ လူက အရှုပ်ကြိုးပြတ်လဲကျသွားပါသည်။ သွေးများပန်းထွက်သွားပါသည်။ ဆင်ဦးစီးဘာမှလုပ်ချိန်မရလိုက်။ တကယ့်မှ လျှပ်တစ်ပြက်ကလေးဖြစ်ပါသည်။

သစ်ခေါက်အကွဲများကြားမှ အရေပြားတဲ့တဲ့လေး သာကျန်ပါတော့သည်။

ဆေးရုံကဝေး၊ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ပဲ့ချိတ်၏ ဘယ်ခြေကို ခြေသလုံးက ဖြတ်ထုတ်လိုက်ရပါသည်။ ဆင်ခေါင်းစကားဆုံးတော့ နှစ်ယောက်လုံးတိတ်ဆိတ်နေပါသည်။

ဘာစကားမှမပြောနိုင်တော့။

ပြီးမှ ခွက်ထဲက လက်ကျန်ကိုမော့ကြရာ အရက်ကခါးသီးလှပါသည်။

ကျနော်– သူ့မိသားစုရော၊ ပင်စင်ရောရရဲ့လား။

ဆင်ခေါင်း–ကျနော် စတွေ့ကတည်းက သူ့မှာမိသားစုမရှိဘူး။ ပင်စင်တော့ရပါတယ်။ ပင်စင်ငွေကလည်းဗျာ..... ဆိုပြီး၊ ဆက်မပြောတော့ .... ။

ဆင်ခေါင်းက ခွက်တွေကိုပြန်ဖြည့်ချိန် ကျနော်တွေးနေမိသည်။

ဒါဟာ လက်စားချေတာပဲ။

ယုတ်မာကောက်ကျစ်တာပဲ။

ပဲ့ချိတ် သူ့ခြေထောက်ကို ခါးနဲ့ခုတ်လို့ ပဲ့ချိတ်ခြေထောက်ကို ဖြတ်တာ။

"An eye for an eye " ဆိုသလို.... လုပ်လိုက်တာ။ ခြေထောက်တစ်ချောင်းအတွက် ခြေထောက် တစ်ချောင်းကို ဖြတ်လိုက်တာ....

ခု.... လူ့ယဉ်ကျေးမှုမှာ ဒီ Harmurabi`s code မရှိတော့ပါဘူး၊ Babylonian တွေလည်း မဟုတ်ကြတော့ပါဘူး ....

ကျနော် ဘယ်လောက်ကြာ တွေးနေမိလဲမသိ၊ ဆင်ခေါင်းက ပြန်တော့မယ်ပြောပြီး၊ မိုးဖွဲဖွဲထဲမှာ လမ်းပေါ်တက်သွားလေသည်။ ရှေ့နားလေးရောက်တော့ လှမ်းအော်တယ်။ 'အုပ်ကြီးရေ တိုက်တိုက်ဆိုင်ဆိုင် ကျနော့်တပည့်လာပြီဗျို့ ' တဲ့။

PDF Compressor Free Version

သူတို့နှစ်ယောက် စကားတစ်ခွန်း နှစ်ခွန်းပြောပြီး ဟိုတစ်ယောက်က စခန်းရှေ့ လမ်းမကြီးအတိုင်း ဆက်လျှောက်လာတယ်။

သူ ဘယ်လက်တစ်ဖက်က ချိုင်းထောက်ကိုထိန်းထားတယ်။ ဘာရောင်မှန်းမသိတော့တဲ့ ဘောင်းဘီရှည်နဲ့ အင်္ကျီလက်ရှည်ကိုဝတ်ထားတယ်။

ခေါင်းက လျှာထိုးဦးထုပ်စုတ်က ရေတွေရွှဲစိုလို့။ မျှစ်တွေထည့်ထားတဲ့ခြင်းကြားကြီးကို ကျောပိုးလို့။ ချိုင်းထောက်ကို ဒေါက်ကနဲလှမ်းလိုက်ချိန်မှာ သူ့ပခုံးနိမ့်က သွားပြီး ကျန်ခြေထောက်လှမ်းမှ ပခုံးကပြန်မြင့်လာတယ် ခြင်းကြားကြီးကသူ့ကျောကို ဘုတ်ဆိုလာရိုက်တယ်။

ခြေဖဝါးရှိတဲ့ခြေထောက်မှာ ဖိနပ်မရှိ။ ဖြတ်ထားတာနဲနဲရှည်နေတဲ့ ဘယ်ဘက်ဘောင်းဘီစက ရေစိုနေတော့ ဘလပ်ဘလပ်နဲ့။ သူ့ရှေ့တူရွက်ပဲကြည့်တယ်။

သူ့မျက်လုံးတွေက မှိန်ဖျော့ဖျော့။ လူက ဝိန်တယ်။ နေမှကောင်းရဲ့လားမသိ။

သူသွားမဲ့နေရာက ဟိုး မလှမ်းမကမ်းမှာရှိတဲ့ မျှစ်အဝယ်ဒိုင်ကိုပေါ့။ မျှစ်ဒိုင်မှာက ကုန်စုံလည်းရောင်းတယ်လေ။ ဆန်၊ ဆား ငါးပိနဲ့ လဲမှာပေါ့။

ကျနော်နောက်က ကြည့်နေတယ်။

မိုးဖွဲတွေကြားမှာ သူ တလှုပ်လှုပ်နဲ့ရွှေ့နေရင်း ကျနော်နဲ့ ဝေးရဲ့ဝေးရဲ့သွားပါသည်။

သူခြင်းကြားထဲက မျှစ်တွေရဲ့တန်ဖိုးဟာ သူနှစ်ရက်စာ ရိက္ခာမရနိုင်။ သည်တော့ မနက်ဖြန် မိုးရွာသည်ဖြစ်စေ၊ နေပဲပူပူ သူ ခြင်းကြားကြီးပိုးပြီး သူတရွှေ့ရွှေ့သွားရပေဦးမည်။

တစ်ကယ်ဆို သူဟာ နိုင်ငံရတနာသစ်တွေ ထုတ်ရာမှာ အသက်နဲ့ရင်းပြီးစွမ်းဆောင်ခဲ့တဲ့ သူရဲကောင်းဆင်လုပ်သားကြီးပါ။ ဒါပေမဲ့ သူဟာ လေ့လော့ရင်း တက်ကျိုးခဲ့သူ၊ ခုတော့ဖြင့် .... ။



++++++++

စာမျက်နှာ (၁၅) မှအဆက်

မှတ်ချက်။ သစ်တောသုတေသနဌာန၊ ရေဆင်းတွင် ၂၀၂၂ ခုနှစ်၊ ဖန်နဝါရီလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့သော "GPS ကိုင်တွယ် အသုံးပြုခြင်းနှင့် ArcGIS Software များအသုံးပြု၍ မြေပုံရေးဆွဲခြင်းဆိုင်ရာသင်တန်းတွင် LCC (လေးလက်မ တစ်မိုင်၊ တစ်လက်မ တစ်မိုင်) မြေပုံများနှင့် UTM (၁း၅၀,၀၀၀၊ ၁း၂၅၀,၀၀၀) မြေပုံများ၏ Soft copy များအား ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါ Soft Copy မြေပုံများမှာ GPS အမှတ်နှင့် တစ်ထပ်တည်းကျရန် ပြုပြင်ထားသော Projected မြေပုံများ ဖြစ်ပါသည်။ အဆိုပါ မြေပုံများအား အသုံးပြုခြင်းအားဖြင့် အထက်ဖော်ပြပါ နည်းအတိုင်း တည်နေရာမှန်ကန်အောင် ပြုလုပ်စရာ မလိုအပ်ဘဲ တည်နေရာအမှန်ကို တစ်ပြိုင်နက်ရရှိမည် ဖြစ်ပါသည်။

နိဂုံး

သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိသော မြေပုံများနှင့်ပတ်သက်၍ ကွဲလွဲနေမှုများကို ဤဆောင်းပါးအား ဖတ်ရှုခြင်းဖြင့် ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မြေပုံများအသုံးပြုခြင်းနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက စီမံကိန်းနှင့်စာရင်းအင်းဌာန၊ RS & GIS ဌာနစိတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကိုးကားချက်များ

၁။ မြေတိုင်းဦးစီးဌာန (၂၀၀၂)။ Lambert Projection (Lambert Conical Orthomorphic) and UTM (Universal Transverse Mercator) မြေပုံအရိပ်ချခြင်းဆိုင်ရာ စာတမ်း

၂။ M. Anji Reddy (2008)/ Textbook of Remote Sensing and Geographical Information Systems, Third Edition.

၃။ https://desktop.arcgis.com/en/arcmap/ latest/map/projections/about-geographic-coordinate-systems.htm

၄။ https://www.esri.com/arcgis-blog/products/arcgis-pro/mapping/gcs_vs_pcs/

PDF Compressor Free Version

မြန်မာ့ဝါးမျိုးအချို့တို့အား ကြာရှည်ခံအောင်ပြုပြင်ခြင်းနည်းစနစ်များ



လှင်လှင်အောင်၊ ဝ/ဝ သုတေသနအရာရှိ

မြန်မာနိုင်ငံသည် ဝါးသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဝါးမျိုးစု (၂၁)မျိုးနှင့် မျိုးစိတ် (၁၀၂) မျိုးရှိပါသည် (Kress et.al. 2003)။ ဝါးပေါက်ရောက်မှု ဧရိယာမှာ အကျယ်အဝန်းအားဖြင့် ၂,၁၆၀,၀၀၀ ဟက်တာခန့်ရှိသည် U Khin Maung Sint, 2008)။ ဝါးသည်ကြီး ထွားမှုမြန်သောအပင်တစ်မျိုးဖြစ်ပြီး တစ်နေ့လျှင် အမြင့် ၆၀ စင်တီမီတာထိကြီးထွားနိုင်သည် (Dinesh Bhonde et.al. Jan 2014)။ မြန်မာနိုင်ငံတွင် ပဲခူးရိုးမနှင့် ရခိုင်ရိုးမတလျှောက်တို့တွင် ဝါးတောများ အဓိကပေါက်ရောက်သောနေရာများဖြစ်ပြီး ရွာက်ပြတ်ရောနှောတောများတွင် ကျသောင်း၊ တင်း၊ မျှင်နှင့် ဝါးဖြူတို့သည် ကျွန်းသစ်မျိုးနှင့် ရောနှောပေါက်ရောက်ကြပါသည်။ မြန်မာနိုင်ငံတွင် ဝါးပင်ကို တစ်ပင်ချင်းပေါက်သည့်ဝါးမျိုးစိတ်(Monopodial)၊ အစုအပြုံလိုက်ပေါက်ဝါးမျိုးစိတ် (Sympodial) နှင့် အထက်ပါ အုပ်စုနှစ်စုစပ်ပေါက်ရောက်သည့် ဝါးမျိုးစိတ် (Amphipodial) စသည်ဖြင့် မျိုးစိတ် (၃) ခုလုံး တွေ့ရှိနိုင်ပါသည်။

ဝါးသည် အလေးချိန်ပေါ့ပါးခြင်း၊ ကျံ့မှု၊ ကြွမှုအလွန်နည်းပါးခြင်း၊ သံမဏိကဲ့သို့ အခြားသောဆောက်လုပ်ရေးသုံးပစ္စည်းများထက် စွေးနှုန်းချိုသာခြင်းတို့ကြောင့် ယနေ့ခေတ်တွင် အခြေခံလူတန်းစားများ၏ ဘဝကို မြှင့်တင်ပေးနိုင်သော အဓိကသယံဇာတအဖြစ်အသုံးပြုလျက်ရှိပါသည်။ ဝါးကို အိမ်ဆောက်ရာတွင် တိုင်၊ ထုပ်၊ လျှောက်၊ အမိုး၊ အကာ၊ အခင်း စသည်များနှင့် ခြံစည်း ရိုး၊ ကြမ်းခင်းတုံးများအဖြစ်လည်းကောင်း၊ အိမ်သုံးပစ္စည်းများ ဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ ဖျာ၊ ယင်းလိပ်များအဖြစ်လည်းကောင်း၊ ဘုရားပုထိုးစေတီများ တည်ဆောက်ပြုပြင်ခြင်းနှင့် ရွှေချခြင်းတွင် ငြမ်းအဖြစ်လည်းကောင်း အမျိုးမျိုး အဖုံဖုံအသုံးပြုခဲ့ကြပါသည်။ ထိုသို့အသုံးချမှု အများအပြားရှိသော်လည်း ဝါးကို ယာယီအဆောက်အဦများနှင့် တန်ဖိုးနည်းအဆောက်အဦများအဖြစ်သာ အများဆုံးအသုံးပြုနေကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဝါးသည်အရောင်စွန်းထင်းစေသောမှိုကြောင့် အရောင်ပြောင်းလဲနိုင်ခြင်း၊ ဆွေးမြေ့စေသောမှိုများနှင့် အင်းဆက်ပိုးများကြောင့် ပျက်စီးလွယ်ခြင်း၊ မြေကြီးနှင့် ထိစပ်သောနေရာများတွင် ခြစားနိုင်ခြင်းစသည့်အချက်များကြောင့် ကြာရှည်ခံနိုင်မှု စွမ်းရည်နည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဝါး၏သိပ်သည်းဆ (Basic Specific Gravity) (12% MC) ပျှမ်းမျှအလေးချိန်မှာ ၀.၆၃ – ၀.၇၆ အတွင်းရှိပါသည် (Khin May Lwin et.al. May, 2006)။ ယေဘုယျအားဖြင့် ဝါးတို့၏ ကြာရှည်ခံနိုင်မှုသည် သစ်နှင့်နှိုင်းယှဉ်ပါကကြာရှည်ခံနိုင်မှုအလွန်နည်းပါးသည်။ မည်သည့်ပြုပြင်မှုမျှမရှိသည့် ဝါးကို မြေကြီးနှင့်ထိစပ်သောနေရာများတွင် အသုံးပြုမည်ဆိုပါကအဓိကအားဖြင့် ခြနှင့်သစ်ဆွေးမှိုများ၏ ဖျက်ဆီးမှုကိုခံရနိုင်ပြီး သက်တမ်း(၂)နှစ် မျှသာ ခံနိုင်ပါသည်။ အမိုးအကာအောက်တွင် အသုံးပြုမည်ဆိုပါက (၄)နှစ်မှ (၇)နှစ် အထိကြာရှည်ခံနိုင်ပြီး အမိုးအကာအောက်မြေကြီးနှင့် မထိစပ်သောနေရာများတွင် အသုံးပြုမည်ဆိုပါက (၁၀) နှစ်မှ (၁၅)နှစ် အထိကြာရှည်ခံနိုင်မည်ဖြစ်ပါသည် (Puru- shotham 1963, Tewari &Singh 1979, Tewari 1981, George 1985)။

ဝါးတို့၏သဘာဝအလျောက် ကြာရှည်ခံနိုင်မှုသည် ဝါးတွင်ပါဝင်သောဓာတုဖြစ်ပေါင်းများကြောင့်ဖြစ်သည်။ ဝါးတွင် သကြားဓာတ်(Holocellulose) ၆၀% မှ ၇၀%၊ (Pentosan) ၁၆% မှ ၂၀% နှင့် (Lignin) ၂၀% မှ ၃၀% ထိ ပါဝင်ပါသည်။ ဝါးတွင် ကစီဓာတ်(Starch Content) (Tamolang et. al, 1980; chenef et al, 1985) များစွာပါဝင်သောကြောင့် ပိုနှင့် အင်းဆက်ပိုးများ၏ ဖျက်ဆီးမှုဒဏ်ကို အများဆုံးခံရခြင်းဖြစ်သည်။ ဝါးကို အသုံးချမှုအပေါ်မူတည်၍ ခုတ်ယူသင့်ပါသည်။ အသက်ငယ်စဉ်တွင် ဝါးသည်ကြီးထွားဖွံ့ဖြိုးမှု အမြင့်ဆုံးရောက်ရန်အတွက် ဝါးအတွင်းရှိ ဆဲလ်များအတွင်း ကစီဓာတ်များစွာ သိုလှောင်ထားရခြင်း၊ မိုးရာသီတွင် ဝါးအတွင်း၌ အစိုဓာတ်များစွာပါဝင်နိုင်၍ ပိုနှင့်အင်းဆက်ပိုးတို့၏ ဖျက်ဆီးမှုကိုပို၍ ခံရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဝါးကိုခြောက်သွေ့သော ရာသီ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှစ၍ တပို့တွဲလအတွင်း (အောက်တို

PDF Compressor Free Version



ဘာလကုန်မှ မတ်လအကြား) ခုတ်ရန်၊ တန်ခူးလနှင့် သီတင်းကျွတ်လ (ဧပြီလနှင့် အောက်တိုဘာလ) အကြား ဝါးမခုတ်ရန်စသည်ဖြင့် သတ်မှတ်လေ့ရှိကြပါသည်။ သို့သော် (၃)နှစ်သားအထက်ရှိ ဝါးရင့်မှုံးမခုတ်ဘဲ ထားရှိပါက ဝါးရုံအလယ်ရှိ ဝါးရင့်မှုံးကခြောက်သွေ့သောဝါး (ဝါးဆွေးများ)အဖြစ်သို့ ပြောင်းသွားကာ နွေရာသီ ရောက်လာလျှင် မီးလောင်မှုကိုဖြစ်ပေါ်စေပါသည်။

ဤသုတေသနတွင် မြန်မာ့ဝါးမျိုးများဖြစ်သော ကျသောင်းဝါး (*Bambusa poly morpha* Munro.)၊ တင်းဝါး (*Cephalostachyum pergracite* Munro.)၊ မျှင်ဝါး (*Dendrocalamus strictus* Nees.)၊ သိုက်ဝါး (*Bambusa tulda* Roxb.) တို့၏ သဘာဝအလျောက် ကြာရှည်ခံနိုင်မှုကို ဓာတ်ခွဲခန်းအတွင်းစမ်းသပ်နည်းများဖြင့် စမ်းသပ်ခဲ့ပြီး အဓိကရည်ရွယ်ချက်မှာ ဝါးကို ပျက်ဆီးစေသော အင်းဆက်ပိုးနှင့်မှိုဒဏ်ခံရသည့် ပြဿနာအား ကာကွယ်ခြင်းနည်းစနစ်များကို တင်ပြထားပါသည်။

စမ်းသပ်ခဲ့သည့်ဝါး(၄)မျိုးအား ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သော နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ငလိုက်ကြီးပိုင်းအကွက် အမှတ်(၇၂)ရှိ ဝါးစိုက်ခင်းမှ သက်တမ်း (၃) နှစ်သားနှင့် အထက်ရှိသော ဝါးများအား ကျပန်းစနစ်ဖြင့် အောက်တိုဘာလ (သီတင်းကျွတ်လ)တွင် ခုတ်ယူစုဆောင်းပြီး အရင်းပိုင်း၊ အလယ်ပိုင်းနှင့် အဖျားပိုင်းစသည်ဖြင့် အပိုင်း (၃) ပိုင်းပိုင်း၍ စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ မှိုများ၏ဖျက်ဆီးမှုနှင့် ဝါးတွင်ပါဝင်သော ကစီဓာတ်တို့၏ အချင်းချင်းဆက်သွယ်မှုကိုလည်း လေ့လာတင်ပြထားပါသည်။

အထက်ဖော်ပြပါ ဝါးမျိုးတို့အား (၁) ရေတွင်စိမ်သောနည်း (Water Soaking Method)၊ (၂) ဓာတုဗေဒနည်းဖြစ်သော ၁၀ % ပြင်းအားရှိ ဘိုးရစ်အက်ဆစ်နှင့် ဘိုရက်စ်တို့ရောစပ်ထားသည့် ဓာတုဖျော်ရည်အား (Mixture of Boric Acid and Borax) တွင် စိမ်သောနည်း (Dip-diffusion Method) (၃) ဝါးရုံမှ ဝါးပင်ကို ခုတ်ယူပြီးချင်း မသိမ်းယူဘဲ ဝါးရုံတွင် (၃)ရက်ထား၍ ခြောက်သွေ့စေပြီးမှ စုဆောင်းသောနည်း (ဝါးတွင် ကစီဓာတ် ပါဝင်မှု) စသည်ဖြင့် စမ်းသပ်မှု (၃) မျိုးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ (အသုံးပြုခဲ့သော ဓာတုဖျော်ရည်သည် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိ သဟဇာတဖြစ်ခြင်း(Environmental Friendly)၊ လူသိ/ သုံးများခြင်းနှင့် ရေဖျော်ကြာရှည်ခံဆေးတစ်မျိုးဖြစ်ပါသည်။ ပြုပြင်ထားခြင်းမရှိသော (Control Samples) ဝါးနမူနာများအားလည်း ထည့်သွင်းစမ်းသပ်ခဲ့ပါသည်။

- တွေ့ရှိချက်များအရ စမ်းသပ်ခဲ့သည့် ရေတွင် စိမ့်ဝင်စေသောနည်း (Water Soaking Method) တွင် ရက်သတ္တပတ် ၁၊ ၂ နှင့်၃ ပတ်(၃)မျိုးထား၍ စမ်းသပ်ဆောင်ရွက်ခဲ့ရာ အချိန်ကြာမြင့်စွာ စိမ်ခဲ့သော ဝါးနမူနာများသည် မှိုဒဏ်ကိုခံနိုင်စွမ်းမြင့်မားကြောင်းတွေ့ရှိရပြီး စမ်းသပ်ခဲ့သည့်ဝါး(၄)မျိုးအနက် သိုက်ဝါးသည် မှိုဒဏ်ခံနိုင်မှု အနိမ့်ဆုံးဖြစ်ပြီး တင်းဝါးသည် မှိုဒဏ်ခံနိုင်မှုအမြင့်မားဆုံးဖြစ်ကြောင်းတွေ့ရပါသည်။
- ဓာတုဗေဒနည်းဖြစ်သော ဓာတုဖျော်ရည်တွင် ပျံ့နှံ့ပျော်ဝင်စေသောနည်း (Dip- diffusion Method) တွင် အချိုးအဆ ၁း၁ ၊ ၁၀% ပြင်းအားရှိ ဘိုးရစ်အက်ဆစ်နှင့်ဘိုရက်စ်တို့ရောစပ်



စာမျက်နှာ (၄၂) သို့

PDF Compressor Free Version

သံယောဇဉ်ဆိုတာ နွယ်တဲ့လား....
ရစ်ထားရင် ဖြတ်ရခက်တယ်တဲ့လေ။
နွယ်ကိုဖြတ် ပြတ်ပေမယ့် ....
ဆူးခက်နွယ်ကို ဆုပ်မိစူး ....
မနုတ်တော့ပါဘူးလေ။

ကျွန်တော်တို့သစ်တောမှာ သစ်တောလုပ်ငန်း(၁၃) မျိုးရှိသည်။ 'နွယ်ဖြတ် ညောင်ပတ်လှဲ' လည်းပါတာပေါ့။ သစ်တောသမားတို့ တောသွားလျှင် ခါးခိုက်စားကိုယ်စီနှင့် အဖိုးတန်သစ်ပင်ပေါ်တွယ်တက်တဲ့ နွယ်မှန်သမျှ ပြန်လည် ရှင်သန်မှုမရှိစေရန် အထက်လက်လှမ်းမီသည့်နေရာ တစ်ချက်၊ အောက်မြေကြီးနှင့်ကပ်သည့် နေရာတစ်ချက်၊ နွယ်ဖြတ်တောက်ခြင်း ဆောင်ရွက်လေ့ရှိကြသည်မှာ ဝတ္တရား တစ်ခုသာတည်း။

+++++++



တင်စိုး

သံယောဇဉ်ဆူး

သူမို့ ခန္ဓာကိုယ်တောင့်တင်းပေမယ့် အရွိုက်အဟိုက် ပုံပန်းကျနလေသည်။ နွယ်က ဆံပင်တိုတိုကိုသားရေကွင်းဖြင့်သပ်ရပ်စေရန် စုစည်းလိုက်သည်။ မျက်နှာအနှံ့ တို့ဖတ်ကရင်မ်ရိုက်ပြီး အိမ်နေရင်းဝတ် တီရုပ်၊ အသားကပ် ဘောင်းဘီနှင့် ယိုးဒယားမယ်ပမာ အလှကြီး လှနေလေ၏။

ကျွန်တော်လည်း ဘောင်းဘီရှည် တီရုပ်ဖြင့် ဆိုင်ကယ်စီးဦးထုပ်ကိုယ်စီဆောင်းကာ ကုမ္ပဏီမှပေးထားသည့် SUZUKI ခဲရောင်ဆိုင်ကယ်ပေါ်ခွထိုင်၍ ဒေါက်ဖြုတ်လိုက်သည်။ ကျွန်တော့်ပခုံးကိုကိုင်၍ ဆိုင်ကယ်ခြေနင်းပေါ်တက်ကာ နွယ်ခွစီးလိုက်၏။ ထိုင်းနိုင်ငံတွင် မိန်းခလေးများဆိုင်ကယ်တင်ပါးလွှဲစီးလေ့မရှိပေ၊ ဘောင်းဘီတို ဘောင်းဘီရှည်၊ ဂါဝန်တိုရှည်ဝတ်ကြသော်လည်း ဆိုင်ကယ်ကို နောက်မှ ခွစီးလေ့ရှိသည်။ ထို့ကြောင့် သူမ ဆိုင်ကယ်ပေါ်တက်လိုက်သည်နှင့် ခန္ဓာကိုယ်နှစ်ခုနီးကပ်သွားလေပြီ။

နွယ်၏ လက်နှစ်ဘက်က ကျွန်တော့်ပုခုံးပေါ် ကိုင်စီးလိုက်လာသည်။ အပျိုစင်၏ရနံ့က ကျွန်တော့်ကို ယစ်မူးစေသည်မှာအမှန်ပင်။ နွယ်၏ ထွက်သက်က နူးညံ့စွာ ကျွန်တော့်ပါးပြင်ကို ကျီစယ်လာသလို အထိအတွေ့က လည်း မထိခလုတ် ထိခလုတ်မို့ ကျွန်တော့်ရင်ခုန်သံ မြန်လာမိစေသည်။

ကန်ချနာဘူရီမြို့ အနောက်ဘက်လွန်လာလျှင် အိုးအိမ်တိုက်တာများကုန်ဆုံးသွားပြီး ကွင်းပြင်ကိုဖြတ် တိုက်လာသော လေနုအေးအေးက လူကိုလန်းဆန်း ကြည်နူးသွားစေသည်။ ၁၂၅ ဆိုင်ကယ်လေးက လီဗာတင်လေ ပြေးလေမို့ ပန်းအလှပင်၊ အရိပ်ပင်များ နောက်တွင် တရိပ်ရိပ်ကျန်ခဲ့လေ၏။

'ဖက်ထားလေ...လိမ့်ကျဦးမယ်'

" Fridaytalat pai mi " (သောကြာစျေးသွားကြမလား)
" Pai Pai " (သွားတာပေါ့)

နွယ်၏မျက်နှာ ဝင်းပသွားလေသည်။ ကျွန်တော်တို့နေသည်က Thai (ထိုင်း)နိုင်ငံ Kanchanaburi (ကန်ချနာဘူရီ)မြို့မှ Soi Sipad (၁၈ လမ်းကြား)မှာဖြစ်ပြီး သောကြာစျေးက မြို့အနောက်ဖက်ပိုင်းမှာဖြစ်၏။

သောကြာစျေးဆိုသည်က ကျွန်တော်တို့နိုင်ငံ မြို့ဝယ်များမှ (၅)ရက်တစ်စျေးလိုပင်၊ သောကြာနေ့ နံနက်ပိုင်း စျေးခင်း၍ အသီးအရွက်၊ သီးနှံ သားငါး၊ အဝတ်အထည်၊ အလှကုန် တိုလီမိုလီအစုံ စျေးခင်းချောင်းချ၍ စျေးသက်သာသဖြင့် အခြေခံလူတန်းစား ဝယ်လို့ကောင်းသည့် စျေးဖြစ်ပေသည်။

နွယ်မှာ အသားဖြူဖြူ၊ ပါးရိုးကားကား တိုင်းရင်း

PDF Compressor Free Version

ပြောလဲပြော၊ ကျွန်တော့်ဘယ်လက်ဖြင့် ပုခုံးပေါ် တင်ထားသည့်နွယ်၏လက်ကို ဆွဲယူကာ ခါးကိုဖက်ထား စေသည်။ 'ဟွန်း... အသားယူနေတာပဲ'

နွယ်၏ တိုင်းရင်းသား စကားသံဝဲဝဲက နားထဲကို စမ်းရေအေးစီးသည့်နှယ် ချိုသာစေ၏။

ဘယ့်နှယ် ထိုင်းနိုင်ငံမှာ ပမာ စကားပြောနေကြ ပါလိမ့် တွေးမိနေပေလိမ့်မည်။

ထိုင်းရောက် မြန်မာတွေ တစ်ပုံတစ်ပင်ကြီးပင်။ ကျွန်တော်တို့မှာ Border Trade နယ်စပ်ကုန်သွယ်ရေး သစ်ရောင်းချရေးတာဝန်ဖြင့် မြန်မာဘက်ခြမ်းမှ မငြိမ်းချမ်း သောနယ်စပ်တစ်လျှောက်နယ်မြေများမှ ဒိုးထုတ်ခံနေရ သည့် အဖိုးတန်သစ်များအား နှစ်နိုင်ငံ သဘောတူညီမှုဖြင့် ထိုင်းနိုင်ငံတွင် Checkpoint စစ်ဆေးရေးစခန်းထားရှိကာ အကောက်ရိုက်မှတ် အခွန်တော်ငွေသွင်းစေခြင်း ဆောင် ရွက်ကြရသည်။ ထိုသစ်တိုင်းတာခြင်းလုပ်ငန်းကို နှစ်နိုင်ငံ နယ်စပ်နှင့်မဝေးသည့် ထိုင်းဘက်အခြမ်း သစ်ဆိပ်များ တွင် မြန်မာဘက်မှ သစ်တော၊ သစ်ထုတ်၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့များမှ တိုင်းတာစစ်ဆေး အခွန် တော်ကောက်ခံကြပါသည်။ ကျွန်တော်တို့၏ ကုမ္ပဏီမှာ SRIDINSHINE CO.Ltd ဖြစ်ပြီး အလုပ်နားချိန်များတွင် ကန်ချနာဘူရီမြို့၌ အိမ်ငှားပေးထား၏။

ကုမ္ပဏီမှ မငြိမ်းချမ်းသောနယ်မြေ၊ မြန်မာနိုင်ငံ အတွင်းမှ ထုတ်ယူလာသော ပျဉ်းကတိုး၊ ပိတောက်သစ် မာများအား နယ်စပ်မှ (၅)မိုင် (၆)မိုင်အကွာအဝေးရှိ ထိုင်း နိုင်ငံ Htansaung (ထန်းဆောင်) Depot သစ်ဆိပ်တွင် သွားရောက်၍ စစ်ဆေး၊ တိုင်းထွာ၊ အကောက်တံဆိပ် ရိုက်မှတ်၊ အခွန်တန်ဖိုးတွက်ချက်ကာ B C P Team (Border Checkpoin Team)ရှိရာ ပေးပို့စစ်ဆေးအတည်ပြုပြီး ပါက မြန်မာနိုင်ငံ ဘုရားသုံးဆူသို့သွားရောက်၍ Dollar ဒေါ်လာဖြင့် ပေးသွင်းဆောင်ရွက်စေပါသည်။

ကျွန်တော်တို့အဖွဲ့တွင် သစ်တောဦးစီးဌာနမှ ခေါင်းဆောင်ဖြစ်၍ သစ်တော၊ သစ်လုပ်ငန်း၊ အကောက် ခွန်၊ လဝက အရာရှိတို့မှ မိမိဌာနနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်ကို ကိုယ်စီတင်ပြဆောင်ရွက်ကြရပါသည်။

ကန်ချနာဘူရီမြို့သည် ဒုတိယကမ္ဘာစစ်က နာမည် ကြီးခဲ့သော KWAE River ကွေးမြစ်ကမ်းဘေးတွင် တည် ရှိပြီး ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ ဘုရားသုံးဆူတောင်ကြား လမ်းအထိဖောက်လုပ်သည့် သေမင်းတမန် မီးရထားလမ်း နှင့် မဟာမိတ်စစ်သုံ့ပန်း အများအပြားသေဆုံးခဲ့သည့် KWAE River Bridge ကွေးမြစ်ကူးတံတား၊ ပြတိုက်၊ စစ် သချိုင်း၊ ဘုရားစေတီ၊ ရေပေါ်ဆိုင်တန်း၊ အနှိပ်ခန်းများဖြင့် နိုင်ငံခြားသား Torist များကို ဆွဲဆောင်၍ ထိုင်းနိုင်ငံ၏ Eco Toursim အချက်အချာကျရာမြို့လည်းဖြစ်လေသည်။

မြန်မာနိုင်ငံအတွင်း အလုပ်အကိုင် စီးပွားအခွင့် အလမ်းနည်းပါးခြင်းကြောင့် နိုင်ငံသူနိုင်ငံသားအများအ ပြားသည် နီးစပ်ဆက်နွယ်ရာနိုင်ငံများသို့ လုပ်အားများ စီးဆင်းလျက် စီးပွားရှာရာတွင် နွယ်တစ်ယောက်လည်း အပါအဝင်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသို့ တရားဝင်နည်းဖြင့်လည်းကောင်း၊ တရားမဝင်နည်းလမ်းဖြင့်လည်းကောင်း လာရောက်ကြ၍ လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမား၊ အလုပ်သမများ၊ ဈေးဆိုင်၊ ကလေးထိန်း၊ အိမ်ဖော် လုပ်ငန်း များ၊ မုန့်၊ ကွမ်းယာ ဈေးသည်အစ ပြည့်တန်ဆာ၊ အနှိပ် ခန်းစသည့် ကိုယ်နှင့်ရင်းနှီးသည့်လုပ်ငန်းများကို မြန်မာ နိုင်ငံသား ရှမ်း၊ ကရင်၊ မွန်၊ ထားဝယ်၊ ပမာ တိုင်ရင်း သားပေါင်းစုံအား ကန်ချနာဘူရီမြို့တွင် မြင်တွေ့ရ၏။

နွယ်သည်လည်း ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျေး လက်မှ တိုင်းရင်းသူတစ်ဦးဖြစ်ပြီး ကန်ချနာဘူရီ စက်ချုပ် ဆိုင်တွင် အလုပ်သင် ကလေးထိန်း၊ အလုပ်သမ တစ်ဦး ဖြစ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီမှ ထမင်းချက် Phi Kin အမကြီးကင်မှာလည်း ထားဝယ်သွေးပါပြီး အမျိုးသားမှာ ထိုင်းရဲတစ်ယောက်ဖြစ်၏။ ဖိကင်မှာ နံနက်ပိုင်း ဆိုင်ကယ် နှင့် လာရောက် ဈေးဝယ်၊ ထမင်းချက်ပေးခြင်း၊ သန့်ရှင်း ရေးလုပ်ခြင်းဆောင်ရွက်ပါသည်။ ထားဝယ်အနွယ်ဖြစ် သော်လည်း မြန်မာစကား မပြောတတ်တော့ပေ။ မိဘများ မှာ ပြောနိုင်လေသည်။

"Ani htoutline khab" (ဒါ ဘယ်လောက်လဲ...)

ကိုင်ကြည့်နေသည့် အကျီစကို နွယ် သဘောကျ နေမှန်းသိ၍ ဈေးသည်အား ကျွန်တော် မေးလိုက်၏။

"Yiesied Baht" (ဘတ်နှစ်ဆယ်ပါ...)

''နွယ် ကြိုက်ရင် ယူလိုက်လေ''

ကျွန်တော် ဈေးသည်အား ဆယ်ဘတ်တန် နှစ် ရွက်ထုတ်ပေးလိုက်သည်။ ဝင်းလက်သွားသော နွယ့် မျက်နှာ အား ကျွန်တော် ကြည်နူးစွာ ကြည့်နေမိသည်။

နွယ်ရသည့်လစာအား မိဘထံ ပြန်လည်ထောက် ပံ့ရ၏။ စက်ချုပ် သင်နေဆဲ။ မပြေလည်သည့်မိဘများကို ထောက်ပံ့ရန် တစ်ပါးနိုင်ငံတွင် မျက်နှာငယ်ဖြင့် လာနေကြ ရရှာ၏။

Phi Kin အမကြီးကင်နှင့်ပတ်သက်၍ ခင်မင်ရ သည့် ထိုင်းလူမျိုး Phi Nic အမကြီးနစ်၏ အိမ်တွင် စက်ချုပ်သင်၊ ကလေးထိန်းဘဝဖြင့်နေရသော နွယ်ကို စာနာသနားမိ၏။ တစ်ပြည်တစ်ရွာတွင် နိုင်ငံသားအချင်း ချင်းမြန်မာစကားပြောကြရင်း ထိုင်းစကားအားလည်း သူမ

PDF Compressor Free Version

ထံမှ သင်ယူရသည်။

ကျွန်တော်က အသက်(၃၀)ကျော်၊ နွယ်က (၁၇) နှစ်၊ အသက်ထက်ဝက်နီးပါးကွာခြားသည်။ အောက်လမ်းမှ လာ၍ စီးပွားရှာသည့်နွယ်တို့မှာ ထိုင်းရဲကြောက်ရ၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးကြောက်ရဖြင့် ဟိုနားမသွား၊ ဒီသည်နားမသွားရဲကြပေ။ ကျွန်တော်တို့မှာ တရားဝင် Past Post ကိုင်ဆောင်၍ ကုမ္ပဏီမှ ထိုင်းလဝက၊ ထိုင်းရဲများထံ တရားဝင်သတင်းပို့ထားသဖြင့် ကျွန်တော်တို့မှာ မည်သည့် နေရာမဆိုလွတ်လပ်စွာသွားလာရသည်။ အနောင့်အယှက် မပေး တစ်ခုခုဖြစ်လျှင် Phama Parmind(ဖမာ့ ပါမိုင်း)တို့ မြန်မာသစ်တောက ဟု ပြောရုံနှင့် အဆင်ပြေလေသည်။

နွယ် ကြိုက်နှစ်သက်သော အလှပြင်ပစ္စည်း၊ ပိုက်ဆံအိတ်၊ အင်္ကျီတိုတိုထွာထွာအတွက် ကျွန်တော် ကုန်ကျသည်မှာ ဘတ်နှစ်ထောင်၊ သုံးထောင်ခန့်သာ။ ဈေးကြီးသည့် ပစ္စည်းများလည်း နွယ်ယူလေ့မရှိပေ။

အပြန်တွင် မြစ်ကမ်းနား ရေပေါ်ဖောင် စားသောက်ဆိုင်တွင် ထိုင်းအစားစာ စားကြသည်။ နွယ်နှစ်သက်သည်က ယိုးဒယား သဘော်သီးထောင်း၊ ပင်လယ်စာ၊ အကင်၊ ကျွန်တော် ကြိုက်သည့်အစားစာမှာ ငပိထမင်းသုတ်၊ ကြက်ကင်၊ ရေခဲမုန့်ကိုယ်စီဖြင့်။

''တိုးတိုး...ပြောပါ''

ကျွန်တော်က မြန်မာလိုတစ်မျိုး ထိုင်းလိုတစ်မျိုး ကျယ်ကျယ်လောင်လောင်ပြောသော်လည်း ထန်းသီးကြော် သံကြောက်တတ်သည့် အသည်းငယ်သော ယုန်သူငယ် သဖွယ် နွယ်ကတိုးတိုးပြော၏။ ကျွန်တော်တို့ မည်သည့် ထိုင်းစကားပြောသည်ဖြစ်စေ ထိုင်းလေသံမပေါက်။ ထောင့်ထောင့်အောင့်အောင့်မို့ အစစ်အဆေး အမေးမြန်းခံရမှာ နွယ်ကြောက်လေသည်။

နွယ် စိုးရိမ်လေ ကျွန်တော် အသနားပိုမိ၏။ အရာရာကိုစိုးထိတ်နေသည့် နွယ်၏ သံယောဇဉ်သည် ကျွန်တော့်အား ရစ်ပတ်ဖွဲ့နှောင်လေပြီ။

ပညတ်သွားရော ဓာတ်သက်ပါလေပြီပေါ့...နွယ် ...

+++++++

'အိမ်ပြန်ရောက်ရင်...စက်ချုပ်ပညာ ဆက်သင်ပြီး...ပြန်မလာတော့နဲ့နော်'

'အင်းပါ'

သူတစ်ပါးနိုင်ငံလာ စီးပွားရှာတယ်ဆိုတာ... မိန်းခလေးတွေအတွက် ကောင်းတာမဟုတ်ဘူး'

'အင်း'

Bus ကားပေါ် စီးလာသည့်တစ်လျှောက်လုံး နွယ်၏ လက်ကိုဆုပ်ကိုင်၍ ကျွန်တော် တတွတ်တွတ် ပြောလာသော်လည်း နွယ်ပြန်ပြောသည်က 'အင်း' တစ်လုံး ရယ်သာပါ။ ရိုးသားသည့် တိုင်းရင်းသူဖြစ်သဖြင့် ထွေလီကာလီ နွယ် မပြောတတ်ပါ။

ဒါသည်ပင် နွယ်နှင့် ကျွန်တော်၏ လမ်းခွဲစကား ဖြစ်သည်။ နွယ်ကို ချစ်သည်ဟု ကျွန်တော် မပြောခဲ့သလို ကျွန်တော့်ကို ချစ်ပါသည်ဟု နွယ် မဆိုခဲ့ပါ။ တစ်ဦးလက်ကို တစ်ဦးဆုပ်ကိုင်ရင်း ညှိုးငယ်သောမျက်နှာဖြင့် တွေတွေကြီးသာ နွယ်နေခဲ့သည်။

ကျွန်တော် မည်သည့်စကားများဖြင့် နှစ်သိမ့်နိုင်ပါအုံး။ မတူညီသည့်ဘဝ၊ မဆုံစည်းနိုင်သည့် ဘဝနှစ်ခု အတွက် 'အချစ်' သည် စကားလုံးတစ်လုံးအဖြစ် ထုတ်ဖော်နိုင်စွမ်းမရှိပဲ နားလည်မှုနှင့်ပင် လမ်းခွဲရချေပြီ။

'သွားတော့နော်'

နွယ် တစ်ခွန်းမှမဆိုပါ။

လုပ်ငန်းခွင်သို့သွားရမည့် Htansaung လမ်းခွဲမှာပင် ကျွန်တော် Bus ပေါ်မှဆင်းနေလိုက်သည်။ နွယ်ကတော့ ဘုရားသုံးဆူဘက်ဆက်စီးသွား၍ ကြာအင်းဆိပ်ကြီးမြို့နယ် အိမ်ပြန်လေမည်။

ကားဘီးလိမ့်ချေပြီ။ ကားအောက်မှ ဆုပ်ကိုင်ထားရှိသည့် နွယ်၏လက်ကို ကျွန်တော် ဖြေလျော့ပေးလိုက်သည်။ ရွှိက်သံတစ်ဝက်နှင့် နွယ်မျက်ရည်စက်တစ်ချို့ လက်ခုံပေါ် လာစင်နေ၏။ မျက်လုံးပွတ်ခြေ၍ ကားပေါ်ပါသွားသည့် သူမရုပ်သွင်သည် ကျွန်တော့်နှလုံးသားတွင် တစ်သက်တာ စွဲထင်မိလေပြီ။

သံသရာတစ်ကွေ့မှာ ပြန်လည်ဆုံတွေ့မိလျှင် ယခုလိုလမ်းခွဲမျိုး မကြုံပါရစေသား ဆုတောင်းရင်း လာကြိုနေသည့် ကုမ္ပဏီကားပေါ်သို့ ကျွန်တော်တက်လိုက်ပါတော့သည်။

+++++++

သံယောဇဉ်ကို နွယ်နှင့် ခိုင်းနှိုင်းလေ့ရှိကြ၏။ သံယောဇဉ်သည်လည်း နွယ်ကဲ့သို့ ရစ်ပတ်ဖွဲ့နှောင်သည့် သဘောရှိသည် မဟုတ်ပါလား။

ကျွန်တော် ထိတွေ့မိသော နွယ်သည် ဆူးပါသော နွယ်ဖြစ်နေပါပေါ့။ တစ်သက်တာ နုတ်မရပေဘူး။ ဆူးစူးလည်းမထွင်ချင်တော့ပေ။

သစ္စာတော်သမားမှန်လျှင် 'နွယ်' ကို တွေ့သည့် နေရာဖြတ်တောက်ရမည်ဆိုသော်လည်း ရင်ထဲက ဆူးပါသည့် သံယောဇဉ်နွယ်ကိုဖြင့် ကျွန်တော့် တစ်သက်တာ ဖြတ်တောက်မေ့ပစ်နိုင်စွမ်းမရှိတော့ပါ။

သည် သံယောဇဉ် နွယ်ဆူး စူးခံလိုက်ရတော့ မည်သာ။ ။

PDF Compressor Free Version

စိုက်ခင်းကျွန်းနှင့် ကမ္ဘာ့စျေးကွက်



မောင်ကြာလှ

ကျွန်းသစ်ဆိုသည်နှင့် အဖိုးတန်ပထမတန်းသစ်မှန်း တစ်ကမ္ဘာလုံးက လက်ခံထားကြပြီး ဖြစ်သည်။ အပူပိုင်းဒေသထွက်သစ်မျိုးဖြစ်သော ကျွန်းသစ်၏ထူးခြားသော ဂုဏ်သတ္တိများကြောင့် ကမ္ဘာကျော်တဲ့ ကျွန်းရွှေဝါဟု နာမည်ကျော်ကြားလွန်းလှသည်။ ကျွန်းသစ်၏ ရွှေဝါရောင်အသွေး၊ ကြံ့ခိုင်မှု၊ တည်ငြိမ်မှု၊ လှပသောအကြောနှင့် အသွင်အပြင်စသည့် များစွာသော ကောင်းကွက်များက ကျွန်းသစ်ကို အခြားသစ်များနှင့် မယှဉ်သာအောင် လူကြိုက်များစေသည်။ ထိုကြောင့်ပင် သမိုင်းတစ်လျှောက် ကျွန်းသစ်ဖြင့် ပြုလုပ်သော မည်သည့် အသုံးအဆောင်ပစ္စည်းမဆို တန်ဖိုးကြီးမားခဲ့သည်။ ယနေ့တိုင် ကျွန်းသစ်အပေါ်ထားသည့် လူသားတို့၏ သဘောထားအမြင် ပြောင်းလဲခြင်း မရှိပေ။ ထို့ကြောင့်ပင် ကျွန်းသစ်စီးပွားရေးသည် အကျိုးအမြတ်များပြားသော လုပ်ငန်းတစ်ခု အဖြစ်ရပ်တည်နေဆဲဖြစ်သည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိန်းဂဏန်းများအရ နှစ်စဉ် ကမ္ဘာ့ကျွန်းသစ်လုံး ကုန်သွယ်မှု တန် ပမာဏမှာ ကုဗမီတာ တစ်သန်းကျော် ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၈၅ သန်း ရှိကြောင်း တွေ့ရသည်။ ကမ္ဘာပေါ်တွင် ကျွန်းသစ် အဓိက ဝယ်ယူတင်သွင်းသည့် နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်းနှင့် တရုတ်တို့ ဖြစ်သည်။ ဖော်ပြပါ ကာလအတွင်း အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျွန်း သစ်လုံးအများဆုံး ဝယ်ယူတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်မှု ပမာဏ၏ ၆၄ % ရှိသည်။ ယင်းနောက် ထိုင်းက ၁၆ % နှင့် တရုတ်က ၁၀ % ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ အဆိုပါသုံးနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ ကုဗမီတာ ၅.၅ သန်းအထိ နှစ်ဆကျော်တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆၆ သန်းမှ ၆၉၆ သန်းအထိ လေးဆ တိုးခဲ့သည်။ ယင်းသို့ တိုးတက်မှုမှာ အဓိကအားဖြင့် အိန္ဒိယနှင့် တရုတ်တို့၏ ဝယ်လိုအား မြင့်မားလာခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံကို ကမ္ဘာ့ကျွန်းသစ်ကုန်သွယ်မှုကဏ္ဍတွင် ဟဲဗီးဝိတ်တန်း (Teak Heavyweight) အဖြစ်သတ်မှတ်ထားကြသည်။ ကမ္ဘာပေါ်တွင် သဘာဝကျွန်းတော ဧရိယာ ဟက်တာ ၂၉ သန်း အနက် ထက်ဝက်နီးပါးကို မြန်မာနိုင်ငံကပိုင်ဆိုင်ထားသည်။ သဘာဝကျွန်းတောဧရိယာ အကြီးဆုံးပိုင်ဆိုင်ထားသဖြင့် ကမ္ဘာ့ကျွန်းသစ် ထုတ်လုပ်မှုတွင်လည်း အများဆုံးဖြစ်သည်။ မြန်မာ့သဘာဝကျွန်းတောများသည် ကမ္ဘာ့စုစုပေါင်း ကျွန်းသစ်ကုန်သွယ်မှုပမာဏ၏ ၂၅% ကို ထုတ်လုပ်ပေးခဲ့သည်။ ကျွန်းသစ်သည် သဘာဝအားဖြင့် အိန္ဒိယ၊ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံများတွင်သာ မူရင်းဒေသအဖြစ် ပေါက်ရောက်ရှင်သန်သည်။ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် သဘာဝတောမှ ကျွန်းသစ် ထုတ်လုပ်မှုကို တားမြစ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝတောများ ကျွန်းသစ်ထုတ်လုပ်မှုရှိနေဆဲဖြစ်သော်လည်း ထုတ်လုပ်မှုပမာဏ လျော့ချခြင်း၊ သစ်အလုံးလိုက် ပြည်ပတင်ပို့မှု တားမြစ်ခြင်းတို့ကို ဆောင်ရွက်ထားသည်။

PDF Compressor Free Version

အထက်ဖော်ပြပါ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ် ကာလအတွင်း အရည်အသွေးကောင်းမွန်သော မြန်မာ့သဘာဝကျွန်းသစ်နှင့်အတူ အာဖရိကနှင့် လက်တင် အမေရိကတို့မှ စိုက်ခင်းကျွန်းများ၏ဈေးနှုန်းသည် ပျမ်းမျှအားဖြင့် နှစ်စဉ် ၃ % မှ ၄.၅ % အထိ မြင့်တက်ခဲ့သည်။ သို့သော် ဈေးကွက်အလိုက် ကွဲပြားခြားနားမှုရှိသည်။ အထူးသဖြင့် အိန္ဒိယဈေးကွက်တွင် မြန်မာ့ကျွန်းသစ်သည် အခြားနိုင်ငံများ၏ စိုက်ခင်းကျွန်းသစ်ထက် ဈေးနှုန်းပိုမိုမြင့်မားသည်။ ပျမ်းမျှအားဖြင့် မြန်မာ့ကျွန်းသစ် တစ်ကုဗမီတာသည် ၂၀၀၅ ခုနှစ်တွင် ၆၁၅ ဒေါ်လာမှ ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၁၀၀၀ ခန့်အထိ မြင့်တက်ခဲ့သည်။ အာဖရိကနှင့် လက်တင်အမေရိကမှ စိုက်ခင်း ကျွန်းသစ်မှာ အဆိုပါကာလ အတွင်း တစ်ကုဗမီတာလျှင် ဒေါ်လာ ၃၂၀ မှ ၄၃၀ ခန့်အထိသာ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ကျွန်းသစ် ဝယ်လိုအားသည် ဆက်လက် မြင့်မားနေမည်ဟု မျှော်မှန်းရသည်။ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်ဈေးကွက်များ၏ လိုအပ်ချက်မှာ နှစ်စဉ် မြင့်မားလျက်ရှိသည်။ သို့သော် လက်ရှိအနေအထားအရ ယခင်က ကျွန်းသစ်အများအပြား ထုတ်လုပ်တင်ပို့ခဲ့သော မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု လျော့နည်းသွားရာ တိုးတက်မြင့်မားလာသော ဝယ်လိုအားကို ရောင်းလိုအားက မလိုက်နိုင်တော့ပေ။ ဤအချက်သည် ကျွန်းသစ်စိုက်ခင်းများ ထူထောင်ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားမှုကို မြင့်တက်စေခဲ့သည်။ အနာဂတ်တွင် ကမ္ဘာ့ ကျွန်းသစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန် အပူပိုင်းဒေသရှိ ကျွန်းစိုက်ခင်းများကိုသာ အားထားရတော့မည်ဖြစ်သည်။ ကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အထများဖြင့် စိုက်ခင်းကျွန်းသစ်အရည်အသွေးကို တိုးတက်လာမည်ဆိုလျှင် သဘာဝကျွန်းကို ယှဉ်ပြိုင်လာမည့်အနေအထားများ တွေ့ရသည်။

ယခုအခါ ကျွန်းသစ်ကုန်သွယ်မှုသည် အာဖရိကတိုက်တွင် များစွာဖွံ့ဖြိုးလာသည်။ အာဖရိကတိုက်သည် ကျွန်းသစ်၏ ပင်ရင်းဒေသ မဟုတ်စေကာမူ ယခုအခါ ကို(ထ်)ဒီဗွာ၊ ဆီအားရားလီယွန်၊ နိုက်ဂျီးရီးယား၊ တန်ဇန်နီယားနှင့် တိုဂို စသည့်နိုင်ငံများတွင် စိုက်ခင်းများ ကျယ်ပြန့်စွာ ဖြစ်ထွန်းပေါက်ရောက်လျက် ရှိပေသည်။ အာဖရိကတိုက်တွင် ကျွန်းသစ်သည် သစ်တောစိုက်ခင်းများတွင် အများဆုံးစိုက်ပျိုးသည့် သစ်မျိုးဖြစ်ပြီး စိုက်ခင်းများ၏ ၄၇% ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ကျွန်းသစ်စိုက်ခင်းဧရိယာအနေဖြင့် အိုက်ဇရိကိုစ်တွင် ဟက်တာ ၂၁,၀၀၀၊ တန်ဇန်နီးယားတွင် ဟတ်တာ ၅၀၀၀ ရှိသည်။ တန်ဇန်နီးယားကျွန်းစိုက်ခင်းများကို ကျာမန်လူမျိုးများက အိန္ဒိယနှင့်မြန်မာနိုင်ငံများမှ ကျွန်းမျိုးစေ့များဖြင့် ထူထောင်ခဲ့ကြသည်။ တိုဂိုတွင် ၁၉၀၅ ခုနှစ်မှစ၍ ကျွန်းသစ်စိုက်ပျိုးမှုကို စီးပွားရေးအခွင့်အလမ်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး စိုက်ခင်းဟက်တာ ၅၀၀၀ ခန့်ရှိသည်။ အိန္ဒိယနှင့် ဥရောပဈေးကွက်များသို့ရောင်းချ၍ ဈေးကောင်းရရှိသည်။ နှစ်စဉ် စိုက်ခင်း ဟက်တာ ၆၅၀ ခန့်တိုးပွားလျက်ရှိသည်။ ကျွန်းသစ်စိုက်ခင်း ထူထောင်ခြင်း အပေါ်အရသာတွေ့နေသော နောက်အာဖရိကနိုင်ငံမှာ နိုက်ဂျီးရီးယားဖြစ်သည်။ နှစ်စဉ် စိုက်ခင်းဧရိယာ တိုးချဲ့လျက်ရှိပြီး ယခုလက်ရှိ ဟက်တာ ၂၁,၃၀၀ ရှိ၍ ကျွန်းသစ်စီးပွားရေး အထူးကောင်းမွန်နေကြောင်း သိရသည်။

လက်တင်အမေရိကတွင် စုစုပေါင်း ကျွန်းစိုက်ခင်း ဟက်တာ ၃၅၀,၀၀၀ ကျော်ရှိပြီး အီကွေဒေါ်၊ ဘရာဇီးနှင့် ပနားမားတို့တွင် ဧရိယာအများဆုံးရှိသည်။ ကော့စတာရီကာ၊ မက္ကဆီကိုနှင့်ကိုလံဘီယာတို့မှာ အလယ်အလတ်ဖြစ်ပြီး ဂွာတီမာလာ၊ နီကာရာဂွာ၊ ထရီနီဒက်၊ အယ်ဆာဗေဒိုနှင့် ပင်နီဖွဲ့လားတို့မှာ အသေးစားစိုက်ခင်းများရှိကြသည်။ ကျွန်းသစ်အရည်အသွေးမှာ သဘာဝကျွန်းကိုမမီသဖြင့် ဈေးနှုန်းအနိမ့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေကြရသည်။ သို့သော် အိန္ဒိယနိုင်ငံရှိ အလယ်အလတ်တန်းစား နေအိမ်များအတွက် တံခါး၊ ပြတင်း၊ ကျည်းပေါင်ဈေးကွက်၏ ၈၀% ကို ရရှိထားသဖြင့် ဈေးကွက်ကျယ်ပြန့်ပြီး ဝယ်လိုအားကောင်းသည်။ သို့ဖြစ်ရာ လက်တင်အမေရိကနိုင်ငံများအနေဖြင့် နှစ်စဉ် ကျွန်းစိုက်ခင်းများ တိုးချဲ့ခြင်း၊ အရည်အသွေးနှင့် ပမာဏတိုးတက်စေရန် အလေးထားစီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယ၊ တရုတ်နှင့် ထိုင်းတို့သည် ကမ္ဘာ့ကျွန်းသစ်ဈေးကွက်တွင် အဓိက တင်သွင်းသူနိုင်ငံများဖြစ်ပြီး ယင်းအနက် အိန္ဒိယသည် အကြီးဆုံးဖြစ်သည်။ အာဖရိကနှင့် လက်တင်အမေရိကမှ တင်ပို့သည့် စိုက်ခင်းကျွန်းသစ်ပမာဏ၏ ၎၀% ကို အိန္ဒိယက တင်သွင်းသည်။ အိန္ဒိယ၏ လက်ရှိ နှစ်စဉ် သစ်လိုအပ်ချက်မှာ ကုဗမီတာ ၆၄.၄ သန်းခန့်ရှိပြီး Kerala Forest Research Institue မှ TEAKNET Coordinatior, Dr. P.K. Thulasidas ၏ အဆိုအရ ၂၀၂၀ ခုနှစ်တွင် လက်ရှိထက် ၄ ဆ ရှိမည်ဟုသိရသည်။ အိန္ဒိယသည် နိုင်ငံတွင်းရှိ စိုက်ခင်းထွက် ကျွန်းသစ်များ၊ မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသောသဘာဝတောထွက်ကျွန်းသစ်များ၊ အာဖရိကနှင့် လက်တင် အမေရိကနိုင်ငံများမှ စိုက်ခင်းကျွန်းသစ်များ စသဖြင့် အရင်းအမြစ်များစွာမှ ကျွန်းသစ်များကို သုံးစွဲနေသည့်တိုင် လုံလောက်မှုမရှိသေးပေ။

PDF Compressor Free Version

ကမ္ဘာ့ကျွန်းသစ် စျေးကွက်အတွင်း စိုက်ခင်းထွက် ကျွန်းသစ်စျေးနှုန်းကို သုံးသပ်လေ့လာမည်ဆိုပါက အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများအရောက် C&F စျေးနှုန်းများသည် အခိုင်မာဆုံးဖြစ်သည်။ Interntaional Tropical Timber Organization (ITTO) မှ ထုတ်ပြန်သော Tropical Timber Market Report ; Vol.23, No.11 အရ နိုင်ငံအလိုက် စိုက်ခင်းကျွန်းသစ်စျေးနှုန်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။ လက်ရှိ အိန္ဒိယရှိပြီးနှင့် ဒေါ်လာငွေလဲနှုန်း ခိုင်မာတည်ငြိမ်နေခြင်းကြောင့် သစ်တင်ပို့နိုင်ငံများအတွက် အခြေအနေကောင်းမွန်ကြောင်း သိရသည်။ အဆိုပါ စျေးနှုန်းဇယားအရ စိုက်ခင်းကျွန်းသစ်လုံး တစ်ကုဗမီတာလျှင် အနည်းဆုံး ၂၂၅ ဒေါ်လာမှ အများဆုံး ၈၆၆ ဒေါ်လာအထိ ရရှိသည်။ ကုဗတန်အားဖြင့် တစ်တန်လျှင် အနည်းဆုံး ၄၀၅ ဒေါ်လာမှ အများဆုံး ၁၅၅၉ ဒေါ်လာဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျွန်းစိုက်ခင်းများကို ဦတိသျှ လက်ထက်ကပင် စတင်တည်ထောင်ခဲ့ကြောင်း၊ ယနေ့ချိန်တိုင်အောင် နိုင်ငံတော်အစိုးရအဆက်ဆက် ကျွန်းစိုက်ခင်းဧကများစွာကို နှစ်စဉ် စိုက်ပျိုးတည်ထောင်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ ၂၀၀၅–၂၀၀၆ ခုနှစ်ခန့်မှစ၍ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခြင်းကို ခွင့်ပြုခဲ့ရာ ယခုအခါ အဆိုပါစိုက်ခင်းများတွင် ပင်ကျပ်နုတ်ခြင်းဆောင်ရွက်ရန် အချိန်တိုင်လာပြီဖြစ်ကြောင်း သိရသည်။ မကြာသေးမီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စိုက်ခင်းထွက် ကျွန်းသစ်များ ပြည်ပတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ စိုက်ခင်းလုပ်ငန်းရှင်များအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အရေးပါသောဆောင်ရွက်ချက်အဖြစ် ကြိုဆိုရမည်ဖြစ်သည်။

လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကျွန်းစိုက်ခင်း ဧက ၁၄၃,၀၀၀ (ဟက်တာ ၅၈,၉၀၀ ကျော်ခန့်) နှင့် သစ်မာစိုက်ခင်းဧက ၁၀၄,၀၀၀ (ဟက်တာ ၄၂,၀၀၀ ကျော်ခန့်) ထူထောင်ထားကြောင်း သိရသည်။ စိုက်ခင်းများ၏ သက်တမ်းမှာ အများဆုံး ၁၀ နှစ်မှ ၁၂ နှစ်ခန့်ဖြစ်ရာ ယင်းစိုက်ခင်းများမှ ကနဦးထွက်ရှိလာမည့် ကျွန်းသစ်များ၏ အရည်အသွေးသည် ကမ္ဘာ့စျေးကွက်တွင် လက်ရှိ ရောင်းဝယ်ဖောက်ကားနေသည့် ကျွန်းသစ်များ၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်ခြင်း ရှိ၊ မရှိ မေးခွန်းထုတ်စရာဖြစ်သည်။ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများမှ စိုက်ခင်းကျွန်းသစ်များသည် သက်တမ်းနှစ် ၂၀ နှင့် အထက်ဖြစ်ရာ ရင့်ကျက်မှုတွင် သာလွန်မည်မှာမလွဲပေ။ ပြည်ပသို့ စိုက်ခင်းကျွန်းသစ် တင်ပို့မည့်လုပ်ငန်းရှင်များအနေဖြင့် စျေးကွက်၏အခြေအနေ၊ လိုအပ်ချက်တို့ကို သိရှိအောင် လေ့လာပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အထူးကြိုးပမ်းကြရမည်ဖြစ်သည်။

ကမ္ဘာ့ကျွန်းသစ်စျေးကွက်ကို လေ့လာလျှင် အိန္ဒိယနိုင်ငံသည် စိုက်ခင်းကျွန်းရောင်းချရန် မဖြစ်မနေ ရွေးချယ်ရမည့်စျေးကွက်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ စိုက်ခင်းကျွန်းစျေးကွက်ကို အထူးတလည် လေ့လာသုံးသပ်ရန်လိုအပ်သည်။ စျေးကွက်အတွင်း စိုက်ခင်းကျွန်းသစ်အသုံးချမှုကို ကောင်းစွာလေ့လာခြင်းဖြင့် မိမိတို့ စိုက်ခင်းများမှ ထွက်ရှိလာမည့် ကျွန်းသစ်များ စျေးကွက်ဝင်အောင် ပြင်ဆင်ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့အပြင် လတ်တလော ထွက်ရှိလာမည့် ကျွန်းသစ်အတန်းအစားနှင့် အရည်အသွေးအရ စျေးကွက်အတွင်း ရောက်ရှိနေပြီးဖြစ်သည့် ကျွန်းသစ်များကို ယှဉ်ပြိုင်နိုင်ခြင်းမရှိလျှင် ရောင်းစျေးနှုန်းတွင်လည်း လျော့နည်းနိုင်ခြေရှိကြောင်း သတိပြုရမည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းရှင်များအကျိုးအတွက် ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းဟူသော အခွင့်အလမ်းကို အကျိုးရှိရှိအသုံးချရန် အထူးအရေးကြီးပေသည်။ စိုက်ခင်းထူထောင်သူလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းခြင်း၊ လက်ရှိတည်ထောင်ထားသော သစ်တော စိုက်ခင်းထူထောင်သူများအသင်းကို ထိရောက်ကျစ်လျစ်စွာ စီမံခန့်ခွဲခြင်း၊ ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ကိစ္စရပ်များအတွက် စျေးကွက်သုတေသနပြုခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ကြိုတင်ဆောင်ရွက်ကြရန် လိုအပ်သည်။ အရေးကြီးသည့် အချက်မှာ မိမိပစ္စည်း မိမိစိတ်ကြိုက်ရောင်းချရန် အခွင့်အလမ်းရပြီဖြစ်သော်လည်း စျေးဦးမကျိုးစေရန်မှာ မိမိတို့၏တာဝန်သာဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။



ဆရာ မောင်ကြာလှ၏
'အိန္ဒိယကျွန်း၏ သင်ခန်းစာနှင့် အခြားဆောင်းပါးများ' စာအုပ်မှ
စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။

PDF Compressor Free Version

An Old Forester Looks Back. Eight– Integral Agro - Forestry in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

The Republic of the Union of Myanmar is rich in human and natural resources, and estimated 70 percent of the population of 51.5 million live in rural areas and 75 percent of the population depend on agriculture. Government efforts in infrastructure, agriculture, forestry, health and education in the past 50 years have provided a base for further development.

Agriculture development is now constrained by a number of factors such as:

- difficulties of access to markets;
- low productivity due to shortage of inputs, including poor planting materials and crop protection and limited fertilizers;
- declining soil fertility due to shortage of fertilizers and the practices of shifting cultivations; very limited improved crops and
- limited capacity of departmental supply of extension services and inputs.

Therefore, it needs to promote crop production, livestock husbandry and forestry which are the three closely and inseparably integrated components of the farming systems; with various demonstrations to the local communities for the sustainable benefits through appropriate farming systems and links between community-based participants and government services.

Being an agriculture-based developing country, Myanmar is making an all-out effort to achieve its agricultural development. Agriculture and Forestry play and important role in the State's Economy. Majority of the rural population in Myanmar earn their living through agriculture and forestry related works, and hardship in real life of small-holder farmers. The difficulties and hardship are more pronounced for the resource-poor farmers dwelling in watersheds due to poor infrastructure, lack of market opportunity, limited accessibility to credit, lack of pragmatically appropriate technological intervention and so forth.

The **Taungya**, Myanmar word, has originated in Myanmar and literally means hill (*Taung*) cultivation (*ya*). Originally it was the local term for shifting cultivation, and was subsequently used to describe the afforestation method. The regeneration with the aid of taungya or the taungya plantations have been established in Myanmar since 1869 with the primary objective of arresting the rapid advance of shifting cultivation. The system has proved so efficient that forestry plantations are established at a low cost while giving the villagers the right to cultivate their food crops in the early stages of plantation establishment; they promoted afforestation on cleared land by sowing tree seeds or planting seedlings distributed by the Forest Department. Hence, the taungya system is claimed to be a forest resource management technique. Essentially, the taungya system consists of growing annual agricultural crops along with the forestry species during the early years of establishment of the forestry plantation. The land belongs to the Forest Department, which allows the subsistence farmers to raise their crops. The farmers are required to tend the forestry seedlings and in return, retain all of the agricultural produce. This agreement usually lasts for two or three years, depending on the initial spacing and the inherent crown structure of the tree species.

Slash-and-burn is a common practice for land preparation in the hill-site farming. The advantages of burning are shortening the time for land preparation, making field operations easier to be carried out, converting organic materials into

PDF Compressor Free Version

ashes which can be used by crops, and cut-off the life cycles of some pest and diseases, or prepare the land for the young grasses to grow. However, whenever burning occurs, the volatilization losses of plant nutrients such as nitrogen and sulphur occurs. Moreover, in the sloping areas, plant nutrients are usually carried away by surface runoff. Burning destroys the soil organic matter which is considered as one of the critical soil components in the whole conservation farming systems. Organic matter plays a very important role in improving soil properties, especially soil physical properties such as infiltration and percolation rates, soil-water holding capacity, as well as soil structure.

A soil which has the high infiltration and percolation rates will reduce surface runoff that in turn helping to control soil erosion. In addition, burning is usually done at the dry season by which uncontrolled fire during burning may cause forest fire which depletes forest resources.

Livestock raising is associated with the conservation farming systems. Except during farm operations and transportations, buffaloes and cows should be kept in the farm yards. These animals provide the main source of manures which could be used as organic fertilizers or used to make compost. Free-grazing practice, in which the manures are scattered everywhere making the collection become too laborious. Therefore, it should be replaced by cut-and-carry feeding method in order to maximise the collection of manures.

The general conservation farming strategy is closely related to soil fertility management. Because of the inter-relationships among forest lands, cultivation lands, and grass lands, for example forest lands may be converted into cultivated lands or grass lands, or grass lands can be reforested. Therefore, it is needed to determine a common solution for all of these areas.

The protection forests that are located in the steep to very steep slopes, in which the surface of the soil should be permanently protected by forest tree species. Bamboo can be planted in these areas, especially along the waterways/stream banks. Spot-planting and micro-basin methods should be adopted for these areas.

The areas with medium slope should be devoted to fruit-bearing trees, bamboo, and fuelwood species. Grassland could be established withing the fuelwood plantation or fruit-bearing tree areas, or even in the separated areas.

In the gentle slope, annual agricultural crops could be planted either in intercropping with perennial crops or in crop rotation cereal and legume crops.

Agriculture, Livestock Production, and Forestry can be practiced in rotation, simultaneously, or spatially on the same piece of land. Agroforestry aims to ensure ecological stability and to maximize benefits to the user of the land. In aird zone, the harsh conditions of climate and the shortage of water are intensified by strong winds. Living conditions and agricultural production can often be improved by planting trees and shrubs in protective windbreaks and shelterbelts which reduce wind velocity and provide shade. Windbreaks and shelterbelts, which are considered synonymous, are barriers of trees or shrubs that are planted to reduced wind velocities and, as a result, reduce evapotranspiration and prevent wind erosion; they frequently provide direct benefits to agricultural crops, resulting in higher yields, and provide shelter to livestock, grazing lands, and farms. A main objective of windbreaks and shelterbelts is to protect the agricultural crops from physical damage by wind. Other benefits include:

- Preventing, or at least reducing, wind erosion;
- Reducing evaporation from the soil
- Reducing transpiration form plants;
- Moderation extreme temperatures.

Home garden is an important traditional agroforestry system, which is observed all over Myanmar. However, the magnitude of its economic, cultural, and environmental significance varies from one place to another. For instance, in places where market opportunity is good, the produce from home gardens contributes a relatively large portion of the household's income, where as in remote areas with poor or lack of access to market, the people practice the system almost solely for domestic consumption, cultural rites, and ecological stability. The first

PDF Compressor Free Version

example applies to the home gardens in the Kinda and Inle watersheds, where they play a vital role in small-scale agricultural economy. The latter applies to those in the project area of Mong Yu (Shan East) where the production from home gardens can contribute only less than ten percent of the farmers' total income. Likewise, the size of the home gardens is varied. In the Kinda and Inle watersheds, many villages have comparatively small home plots providing vegetables and fruits for home consumption, whilst in other areas, such as Ywangan (Southern Shan State), they are quite large and overwhelming commercial. The size of the home gardens in Mong Yu (Eastern Shan State) ranges from less than 500 m^2 to two hectares.

Traditional agroforestry exists in the Myanmar Dry Zone such as boundary plantations along the contours with multipurpose species, scattered Acacia Catechyu in the crop land, homestead plantations.etc. Unfortunately, those systems have not been properly studied yet and additional attention should be paid to explore the potentials of the existing systems and their possible improvement. A good rule to bear in mind is that *agroforestry is site-specific*: specific to the growing and farming conditions, and specific to the wants and needs of the farmer. The extension worker would be certain that farmer is fully aware of. And understands both what can be gained and how to properly manage the agroforestry system proposed for his/her farm so as to reap maximum benefits. *A poorly managed agroforestry plot can lead to drastically reduced crop yields* due to over shading of the crops by the trees and/or by a tree/shrub becoming weedy or highly competitive.

Agroforestry is a complex science which draws from a wide range of disciplines. Agroforestry projects should be carefully planned to avoid creating ecologically unstable systems. To ensure a successful design it is important to have access to state-of-the-art technologies and data. Some requirements for necessary preliminary data are:-


- Climatic, soil and biological aspects of proposed site
- Species of agricultural crops and woody perennials suited to the ecology of proposed site
- Species of agricultural crops and wood perennials which are complementary, given the ecological context of proposed site
- Practices and technology feasible for socio-economic and ecological context of proposed site.

Integral Agroforestry on degraded hillsides could be development in the following ways:

- Pure pine plantations, either with indigenous species of *Pinus kesiya* or exotic species *Pinus maximinoi*, could be planted on the hill tops and steep slopes at altitude above 1000m above sea level.
- On the upper slopes, at lower altitude below 1000m, mixed forest plantations such as Padauk (*Pterocarpus macrocarpus*) and Pyinkado (*Xylia xylocarpa*) can be planted. At the initial stage, when the trees are young and their canopy is not closed, there can be inter-cropping with annual food crops such as upland rice, sesame, groundnut or maize. When the canopy of the tree species is closed, shade-tolerant species that have much value, such as ginger, can grow.
- On the medium slopes, commercial plantations such as tea mixed with tree species like Panamangu (*Cassia spectabilis*), Mezali (*Cassia siamea*) with wide spacing, can be developed.
- On the gentler slopes, food crops could be developed by mixed agricultural and intensive cultivation with hill rice, cassava, groundnut and soya bean so that the land is covered by vegetation all year round, and also during the harvest, the leaves and stems of the soya bean and groundnut are left on the field as green manure.
- One the foothills, garden could be developed. The garden is planted with fruit trees, such as cashew-nut, mango, citrus, jackfruit and litchi. Under these trees, a wide range of vegetables could be planted.
- In the valley where water reservoirs and ponds with water control devices can be constructed for irrigation and fish farming.

++++++++++

PDF Compressor Free Version



စိန်ထွန်း (ဝန်းကျင်/သားငှက်)

သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းများသည် လူသားအားလုံးတို့မှ မဖြစ်မနေထိန်းသိမ်းဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်များဖြစ်သည့်အားလျော်စွာ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအနေဖြင့် သဘာဝထိန်းသိမ်းနယ်မြေဧရိယာအား နိုင်ငံဧရိယာ၏ ၁၀% ထိ ဖွဲ့စည်းတည်ထောင်ထိန်းသိမ်းရန် လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အမျိုးသားဥယျာဉ် (၁၂)ခု၊ အဏ္ဏဝါအမျိုးသားဥယျာဉ်(၂)ခု၊ သဘာဝကြိုးဝိုင်း(၄)ခု၊ ဥယျာဉ်/ဘေးမဲ့တော(၃၈)ခုနှင့် ဘူမိရုပ်သွင်ထူးခြားနယ်မြေ(၃)ခု စုစုပေါင်း သဘာဝထိန်းသိမ်းရေးနယ်မြေ(၅၈)ခုအား ဖွဲ့စည်းတည်ထောင်ထားပြီး ၂၀၂၂ခုနှစ် အောက်တိုဘာလအထိ နိုင်ငံဧရိယာ၏ (၆.၄၃)% ထိ ဖွဲ့စည်းတည်ထောင်ထားရှိပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဖွဲ့စည်းတည်ထောင်ထားရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများအနက်မှ ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်ခရိုင်၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီ(၃)မြို့နယ်ဧရိယာအတွင်းရှိ နတ်မတောင်အမျိုးသားဥယျာဉ်သည် ၂၀၁၀ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ထားရှိသော နိုင်ငံ၏ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအတွက် အရေးပါသည့်သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု ဖြစ်ပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေဘည်ရှိမှု

အမျိုးသားဥယျာဉ်အား စတင်ဖွဲ့စည်းတည်ထောင်စဉ်က (၁၇၆,၃၀၀)ဧက ကျယ်ဝန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားဥယျာဉ်အတွင်း နှစ်ကာလကြာရှည်စွာ အခြေချနေထိုင်ဝင်ရောက်လုပ်ကိုင်သူများ၏ ကျေးရွာများဖြစ်သည့် ထပ်ရှိကျေးရွာ၊ (၂၃)မိုင်ကျေးရွာ၊ (၅၁)မိုင်ကျေးရွာနှင့် (၅၆) မိုင်ကျေးရွာတို့၏ မြေ(၉၈)ဧကအား ကျေးရွာမြေအဖြစ် ပြန်လည် ပလပ်ပယ်ဖျက်ခြင်း ဆောင်ရွက်ပေးခဲ့သဖြင့် လက်ရှိကန်ပက်လက်မြို့နယ်ဧရိယာအပိုင်းတွင် (၂၉,၄၉၅) ဧက၊ မင်းတပ်မြို့နယ် ဧရိယာအပိုင်းတွင် (၁၃၃,၉၀၇) ဧကနှင့် မတူပီမြို့နယ်ဧရိယာအပိုင်းတို့တွင်(၁၂,၈၀၀)ဧက ပါဝင်ကျော်ကြပြီး လက်ရှိဧရိယာအားဖြင့် (၁၇၆,၂၀၂) ဧက ကျယ်ဝန်းပါသည်။

ဖွဲ့စည်းတည်ထောင်ခြင်း ရည်ရွယ်ချက်

အမျိုးသားဥယျာဉ်အား ဖွဲ့စည်းတည်ထောင်ရာတွင် ချင်းပြည်နယ်တောင်ပိုင်းရှိ တောင်ပေါ်ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများအားထိန်းသိမ်းကာကွယ်နိုင်ရေး၊ နိုင်ငံ၏အရေးပါသည့် ဧရာဝတီမြစ်၏ အဓိကရေဝေရေလဲဒေသကြီးအား ထိန်းသိမ်းကာကွယ်နိုင်ရေး၊ အမျိုးသားဥယျာဉ်အား တည်ထောင်ထိန်းသိမ်းခြင်းဖြင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ဟန်ချက်ညီဖြစ်လာစေရေးနှင့် အမျိုးသားဥယျာဉ်တွင် ဆောင်ရွက်နိုင်သောသဘာဝအခြေခံခရီးသွားလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေရရှိမှု တိုးတက်ရရှိလာစေခြင်း စသည့် အဓိကရည်ရွယ်ချက် (၄)ရပ်တို့အားအခြေခံ၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ထိန်းသိမ်းရေးစခန်းများ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးသည် ကန်ပက်လက်မြို့တွင်တည်ရှိပြီး ကန်ပက်လက်မြို့နယ်တွင် မြို့ဟောင်းပညာပေးပြခန်း၊ (၈) မိုင်ငှက်ကြည့်စခန်း၊ (၁၀)မိုင်ခွဲ ကင်းစခန်း၊ လှိုင်ဒုတ်ကင်းစခန်းနှင့် မင်းတပ်မြို့တွင် ရှေ့တန်းထိန်းသိမ်းရေးစခန်း၊ မင်းတပ်မတူပီကားလမ်းဘေးတွင် (၁၆)မိုင်ကင်းစခန်းတို့ရှိပါသည်။ ကန်ပက်လက်မြို့နယ်အပိုင်းနှင့် မင်းတပ်မြို့နယ်အပိုင်းဟူ၍ခွဲခြားပြီး အဖွဲ့များဖွဲ့စည်း၍ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်

PDF Compressor Free Version

ရွက်လျက်ရှိပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေအား လွှမ်းခြုံနိုင်မှုရှိစေရေး မတူပီမြို့နယ်အပိုင်းတွင် မတူပီမြို့၌ ရှေ့တန်းထိန်းသိမ်းရေးစခန်းများ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

အမျိုးသားဥယျာဉ်နှင့်နောက်ခံအကြောင်းအရာ

အမျိုးသားဥယျာဉ်အတွင်း အမြင့်ပေ (၁၀,၂၀၀) ရှိ သဘာဝမြေသားတို့ဖြင့် ဖြစ်ပေါ်တည်ရှိနေသည့် 'နတ်မတောင်' သည် အင်္ဂလိပ်ခေတ်ကပင် "Mt. Victoria" 'ဝိတိုရိယတောင်' ဟုအမည်ပေးခဲ့သည်ကို သိရှိရပြီး နောက်ပိုင်းကာလများတွင် ကန်ပက်လက်မြို့ရှိ ဒေသခံချင်းလူမျိုးများတို့၏ဘာသာစကားဖြင့် ခေါ်နူးစုမ် ဟု အမည်ပေးခဲ့ပြီး 'ခေါ် 'သည် မဟာကြီးမြတ်သော 'နူး' သည် အမေ(သို့)နတ်ဖြစ်ပြီး 'စုမ်' သည် တောင်တန်းကြီးဟု အဓိပ္ပါယ်ရသဖြင့်မြန်မာမှုပြု၍ 'နတ်မတောင်' ဟုအမည်ခေါ်တွင်ခဲ့ပြီး မင်းတပ်မြို့နယ်ရှိဒေသခံချင်းလူမျိုးများမှ (ခေါ်နူးစုမ်) အစား (ခေါ်နူးသုမ်)ဟု ခေါ်ဆိုကြပါသည်။

၁၉၅၂ ခုနှစ်တွင် (မြေ/ ကျေး/ရှင်း) စိုက်ပျိုးရေးဌာနမှ ကွင်းဆင်းလေ့လာပြီး ဝိတိုရိယတောင်ဒေသအခေါ် 'ခေါ်နူးစုမ်' အား မြန်မာအဓိပ္ပါယ်ကောက်ယူ၍ 'နတ်မတောင် 'ဟု အမည်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ နတ်မတောင်ဇီဝိယာအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေး ၁၉၉၄ ခုနှစ်တွင် စတင်၍ သစ်တောဦးစီးဌာနမှ နယ်မြေကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ကာ သားငှက်ထိန်းသိမ်းရေးအုပ်ချုပ်ရေးမှူးရုံးအား ၁၉၉၅ခုနှစ်တွင် ကန်ပက်လက်မြို့၌ စတင်ဖွင့်လှစ်၍ အမျိုးသားဥယျာဉ်သတ်မှတ်ဖွဲ့စည်းနိုင်ရေး ကနဦးလုပ်ငန်းစဉ်များအားဆောင်ရွက်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၃.ဂ.၁၉၉၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၀/၉၇)ဖြင့် အမျိုးသားဥယျာဉ်ဧရိယာ ၈၀% ကျော်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိပါသည်။

သစ်တောဖုံးလွှမ်းမှု

သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၂၀ ခုနှစ် သစ်တောဖုံးလွှမ်းမှုနှင့်တောအမျိုးအစားအခြေအနေပြ ဖြိုးဖြိုးတုတ်တုတ်ပုံမှတ်တမ်းအရ ရွက်အုပ်ပိတ်တော (၂၆%) ၊ ရွက်အုပ်ပွင့်တော(၅၅%) ၊ တောနိမ့်(၁၈%) နှင့် အခြားမြေ(၁%) တွေ့ရှိရပြီး အမျိုးသားဥယျာဉ်ဧရိယာ၏ ၈၀% ကျော်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိပါသည်။

ဒီဇင်မျိုးစုံမျိုးကွဲ ကြွယ်ဝမှု

အမျိုးသားဥယျာဉ်အတွင်း ရှားပါးမျိုးစိတ်များ ဖြစ်ကြသည့် နို့တိုက်သတ္တဝါများအနေဖြင့် မလေးဝက်ဝံ၊ ဝက်ဝံကြီး၊ ဆတ်၊ ပြောင်၊ တောဆိတ်၊ တောင်ဆိတ်နီ၊ ကျားသစ်၊ အင်းကျား၊ ချေ၊ တောဝက်၊ ကြောင်မင်းနှင့် ကြောင်မျိုးစိတ်များ၊ ရှဉ့်မျိုးစိတ်များ၊ မလေးသစ်ခွေချပ်၊ မျက်ခုံးဖြူ မျောက်လွဲကျော်၊ ဖြူကြီး၊ ဖုံ၊ တောခွေးစသည့် နို့တိုက်သတ္တဝါမျိုးစိတ် (၃၅)မျိုး၊ ငှက်မျိုးစိတ်များ အနေဖြင့် မျက်ခုံးဖြူငှက်ပြာခြောက်အပါအဝင် ငှက်ပြာခြောက် မျိုးစိတ်များ၊ အောက်ချင်း၊ အောင်လောင်ငှက်မျိုးစိတ်များ၊ ဇာမဏီငှက်နှင့် ရစ်ငှက်မျိုးစိတ်များ၊ လင်းတကျောဖြူနှင့် လင်းတထိပ်နီ၊ လင်းယုန်နှင့်သိမ်းငှက်မျိုးစိတ်များ၊ သစ်တောက်ငှက်မျိုးစိတ်များ၊ တောင်ပေါ်ဒေသနေ ငှက်မျိုးစိတ်များ ငှက်မျိုးစိတ်ပေါင်း (၃၄၅)မျိုး၊ ဒေသရင်းမျိုးစိတ်ဖြစ်သည့် ချင်းတောင်ပုတ်သင်အပါအဝင် မြွေမျိုးစိတ်များ၊ ကုန်းလိပ်မျိုးစိတ်များနှင့် ကုန်းနေရေနေနှင့်တွားသွားသတ္တဝါမျိုးစိတ်(၁၀၆)မျိုး၊ လိပ်ပြာမျိုးစိတ်(၇၃)မျိုးနှင့် အခွံမာပိုးကောင်မျိုးစိတ် (၃၅)မျိုးအားတို့အား မှတ်တမ်းတင်ထားရှိပါသည်။

အပင်မျိုးစိတ်များပေါက်ရောက်မှု

သဘာဝပေါက်ရောက်ပင်များအနေဖြင့် ထင်းရှူး၊ မကောက်၊ ချယ်ရီ၊ ဝက်သစ်ချ၊ သစ်အယ်၊ မိုင်းဘော၊ တောင်ဇလပ်တို့နှင့် အမြဲစိမ်းတောများတွင် ပေါက်ရောက်သည့် အပင်မျိုးစိတ်များ၊ နတ်ဆေးဂမုန်း၊ တပင်ရွှေထီး၊ မြန်မာဂျင်ဆင်း၊ ဝရုတ်ကောင်း၊ ဝင်အူ၊ ရှဉ့်မတက် စသည့် ဆေးဖက်ဝင်များအပါအဝင် အပင်မျိုးစိတ်ပေါင်း (၁၀၂၄)မျိုး၊ ငွေနှင်းဖြူ၊ ဆင်မြက်ကွင်း၊ တစ်ခိုင်လုံးရွှေ၊ သစ်တက်လင်းနေ၊ ဆင်ပုတီးစသည့် သစ်ခွမျိုးစိတ် (၁၀၉) မျိုးတို့နှင့် ဒေသရင်းအပင်မျိုးစိတ်များ ဖြစ်ကြသည့် တောင်ဇလပ်ဝါ၊ တောင်ဇလပ်ဖြူ၊ မြေကပ်ပန်းနှင့် တောင်ဇလပ်နှင်းဆီမျိုးစိတ်(၄)မျိုးတို့ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

တောအမျိုးအစားနှင့်ဧဂဟစနစ်

အမျိုးသားဥယျာဉ်ဧရိယာအတွင်းတွင် တောင်ပေါ်အမြဲစိမ်းတော၊ တောင်ပေါ်ထင်းရှူးတော၊ တောင်ပေါ်မြက်ခင်းတောနှင့် တောင်ပေါ်တောဟူ၍ တောအမျိုးအစား(၄)မျိုးအား တွေ့ရှိရပြီး ဂေဟစနစ်များအနေဖြင့် တောင်တန်းဂေဟစနစ်၊ သစ်တောဂေဟစနစ်၊ ရေဝပ်ဒေသဂေဟစနစ်နှင့် မြက်ခင်းတောဂေဟစနစ်(၄) မျိုးတို့ တည်ရှိကြပါသည်။

ရာသီဥတုအခြေအနေ

အမျိုးသားဥယျာဉ်၏ရာသီဥတုမှာ မုတ်သုန်ရာသီဥတုဖြစ်ပြီး အမြင့်ပေအပေါ်မူတည်၍ ရာသီဥတုကွဲပြားခြားနားပါသည်။ ခြောက်သွေ့ရာသီတွင် မိုးနည်း၍ မိုးရာသီ

PDF Compressor Free Version

တွင်မြူဆိုင်းများဖြင့် စိုထိုင်းရာသီဥတုဖြစ်ပေါ်ပါသည်။ အပြင့်ဆုံးအပူချိန်မှာ ၃၂° C ရှိပြီး၊ အနိမ့်ဆုံးအပူချိန်မှာ ၃ ° C ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် (၆၅") ခန့်ရွာသွန်းပါသည်။

လေ့လာခံစားနိုင်သောအခွင့်အလမ်းများ

ချင်းတောင်တန်းများ၏ သဘာဝတောတောင်ရေမြေအလှများအား ရှုမြင်ခံစားနိုင်ပြီး အမြင့်ပေ (၁၀,၂၀၀) ရှိမြေသားဖြင့် ဖွဲ့စည်းတည်ရှိသော ဝိတိုရိယတောင် (Mt. Victoria) ထိပ်သို့ ခြေလျင်တောင်တက်ခရီးဖြင့် လေ့လာနိုင်ခြင်း၊ တောင်ပေါ်မြက်ခင်းတောနှင့် တောင်ဇလပ်ပန်းများ၊ ဒေသရင်းသစ်ခွမျိုးစိတ်များနှင့် နေရင်းဒေသတွင် ကျက်စားလျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲရှားပါးမျိုးစိတ်များအားလေ့လာနိုင်ခြင်း၊ မျက်ခုံးဖြူငှက်ပြာခြောက်နှင့် အခြားငှက်မျိုးစိတ်များအား လေ့လာနိုင်ခြင်း၊ မျောက်လွှဲကျော်အော်မြည်သံများကိုနားထောင်၍ တိမ်ပင်လယ်နှင့်သဘာဝအလှများအားရှုမြင်ခံစားနိုင်ခြင်း၊ သုတေသနဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ မင်းတပ်မြို့နယ်(၅၁)မိုင်အနီးရှိ ရောင်တွီးလီတောင်ပေါ်ရေကန်အပန်းဖြေခန်းနှင့် မတူပီမြို့နယ်၊ ထီးဆောင်းကျေးရွာအနီးရှိ ဘုံတလာရေတံခွန်တို့အား လည်ပတ်လေ့လာနိုင်ခြင်း၊ ကြီးမားကျယ်ပြန့်သော ချင်းတောင်တန်းကြီးများတစ်လျှောက် အမျိုးအစားစုံလင်လှသော သဘာဝပေါက်ပင်များနှင့် ရှားပါးငှက်မျိုးစိတ်များကြည့်ရှုလေ့လာနိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ထိတွေ့လေ့လာနိုင်ခြင်းစသည့် စိတ်ဝင်စားဖွယ်အခွင့်အလမ်းများရှိပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တန်ဖိုး

အမျိုးသားဥယျာဉ်ရှိအပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်းစဉ်များအား အထောက်အကူဖြစ်စေရေး၊ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာထိန်းသိမ်းရေးနယ်မြေ ယူနက်စကိုအသိအမှတ်ပြုဆိုဒ်အဖြစ် အတည်ပြုသတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်ဥယျာဉ် (World Heritage Site) အဆိုပြုတင်ပြခဲ့မှုရှိခဲ့သည်။ အာဆီယံဒေသတွင်း ပူးပေါင်းထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလ(၂၀)ရက်နေ့တွင် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် အသိအမှတ်ပြု သတ်မှတ်ခံထားရပြီး ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအစီအစဉ်ရှိ ဇီဝအဝန်းနယ်မြေ (Biosphere Reserve) နှင့် ကမ္ဘာ့အမွေအနှစ်ဥယျာဉ်(World Heritage Site) အဖြစ် တည်ထောင်သတ်မှတ်ဆောင်ရွက်နိုင်မည့် အဓိကအခြေခံအရင်းအမြစ်များ တည်ရှိထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သည်ကိုတွေ့မြင်ရပါသည်။

ရိုးရာယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကြောင်း

နတ်မတောင်အမျိုးသားဥယျာဉ်၏ အနီးပတ်ဝန်းကျင်တွင် ကျေးရွာပေါင်း(၆၈)ရွာရှိပြီး (၁၂) ရွာမှာ ဥယျာဉ်အတွင်း တည်ရှိပါသည်။ အများအားဖြင့် ချင်းလူမျိုးများနေထိုင်ကြပြီး ခရစ်ယာန်ဘာသာကိုးကွယ်ကြကာ အချို့မှာ ပုဒ္ဓဘာသာနှင့်နတ်ကို ကိုးကွယ်ဖြစ်ကြပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ ရွှေပြောင်းတောင်ယာလုပ်ငန်း၊ အမဲလိုက်လုပ်ငန်း၊ နွားနောက်မွေးမြူခြင်းလုပ်ငန်းနှင့် အထူးသဖြင့် ဝဥ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအား တိုးမြှင့်လုပ်ကိုင်ကြသည်ကို တွေ့မြင်ရပါသည်။

ခဆောင်ရွက်လျက်ရှိစီမံကိန်းလုပ်ငန်းများနှင့် ယဉ်ကျေးမှုတာန်ဖိုး

သဘာဝနယ်မြေများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် ဥယျာဉ်၊ ဘေးမဲ့တောများအတွက် ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ရေတိုရေရှည်လုပ်ငန်းများ ဥယျာဉ်အလိုက် သတ်မှတ်ရေးဆွဲဆောင်ရွက်ရန် အထူးလိုအပ်သည့်အတွက် နတ်မတောင်အမျိုးသားဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Park Management Plan)အား (၂၀၁၈-၂၀၁၉)မှ(၂၀၂၂-၂၀၂၃) (၅)နှစ်စီမံချက်လုပ်ငန်းများရေးဆွဲထားရှိပြီး စီမံချက်ပါလုပ်ငန်းများအား တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း (၂၀၁၉-၂၀၂၀)မှ (၂၀၂၈-၂၀၂၉)အထိ (၁၀)နှစ်စီမံကိန်းတွင် ဖြည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဇီဝမျိုးစုံမျိုးကွဲများတည်တံ့ခိုင်မြဲရေး၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသောအပင်နှင့်တောရိုင်းတိရစ္ဆာန်များအား အချိန်မီထိန်းသိမ်းကာကွယ်နိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်ဆက်မပြတ်အသုံးချနိုင်ရေးတို့သည်လည်း အရေးကြီးသကဲ့သို့ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုတန်ဖိုးများထိခိုက်မှုမရှိစေရန် အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဥယျာဉ်တွင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ

အမျိုးသားဥယျာဉ်နှင့် ဆက်စပ်ဇရိယာများတွင်လည်းကောင်း၊ အမျိုးသားဥယျာဉ်အတွင်းတွင်လည်းကောင်း မြို့၊ ကျေးရွာများနှင့် တဆက်တစ်စပ်တည်းတည်ရှိခြင်းနှင့်ကျေးရွာအချို့မှာ အမျိုးသားဥယျာဉ်အတွင်းတွင်တည်ရှိနေထိုင်ကြသဖြင့် ဥယျာဉ်အတွင်း ဒေသခံများဖြတ်သန်းသွားလာမှုများခြင်း၊ ရိုးရာဓလေ့အရ ခရီးသွားလာရာတွင် တူမီးသေနတ်များ အမြဲကိုင်ဆောင်သွားလေ့

PDF Compressor Free Version

ရှိကြသဖြင့် တောရိုင်းတိရစ္ဆာန်များအား အလွယ်တကူ ပစ်ခတ်အမဲလိုက်နိုင်ကြခြင်း၊ ရိုးရာတောတောင်ရေမြေ ပိုင်ဆိုင်မှုများရှိနေသဖြင့် မြေအသုံးချမှုဆိုင်ရာပြဿနာများ ဖြေရှင်းရန်အခက်အခဲရှိနေခြင်း၊ လူဦးရေတိုးပွားလာမှုနှင့် အတူ ဥယျာဉ်အတွင်းသို့ ပြောင်းရွှေ့အခြေချနေထိုင်မှုများ ရှိလာခြင်း၊ ဥယျာဉ်အတွင်း လမ်းသစ်များတိုးချဲ့ဖောက် လုပ်လာကြခြင်း၊ သစ်ခွဲဆေးဖက်ဝင်ပင်နှင့် အခြားသဘာဝ အရင်းအမြစ်များအား မိသားစုစားဝတ်နေရေးအတွက် အသုံးပြုခြင်းမှ စီးပွားဖြစ်လုပ်ငန်းအဖြစ်သို့ ပြောင်းလဲလုပ် ကိုင်လာကြခြင်းတို့သည် ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြေရှင်းရန်ခက်ခဲသော စိန်ခေါ်မှုများ ပင်ဖြစ်ပါသည်။

ခရီးလမ်းပန်းဆက်သွယ်ရေးနှင့်တည်းခိုနိုင်မှု

မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်ကြသည့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး မြို့ကြီးများ နှင့်အခြားဒေသများမှ ကားလမ်းခရီးဖြင့်လည်ကောင်း၊ လေကြောင်းလိုင်းများခရီးဖြင့် ညောင်ဦးလေဆိပ်သို့ လာ ရောက်၍ ၎င်းမှတစ်ဆင့် ကန်ပက်လက်မြို့နှင့် မင်းတပ် မြို့များသို့ ကားလမ်းခရီးဖြင့် ရာသီမရွေးဝင်ထွက်သွား လာနိုင်ပါသည်။ ဝိတိုရိယတောင်တက်ခရီးတွင် ကန်ပက် လက်မြို့မှတစ်ဆင့် ဝိတိုရိယတောင်ခြေရှိ (၁၀)မိုင် ကင်း စခန်းသို့ ကားဖြင့်သွားရောက်နိုင်ပြီး တောင်ထိပ်သို့ (၃)မိုင် ခန့် ခြေလျင်တောင်တက်ခရီးဖြင့် ဆက်လက်သွားရောက် နိုင်ပါသည်။ တည်းခိုနေထိုင်ရေးအတွက် ကန်ပက်လက်မြို့ နှင့် မင်းတပ်မြို့များတွင် တည်းခိုဆောင်များ၊ ဟိုတယ်များ နှင့် ဌာနဆိုင်ရာ ည့်ခိုရပ်သာများမွှင့်လှစ်ထားရှိပါသည်။

ဟန်ချက်ညီညီခရီးသွားစီး

နတ်မတောင်အမျိုးသားဥယျာဉ်သည် ဇီဝမျိုးစုံမျိုး ကွဲများပေါကြွယ်ဝစွာ တည်ရှိနေသည့် သဘာဝအရင်း အမြစ်ဒေသကြီးဖြစ်ပြီး မိမိတို့နိုင်ငံတွင်သာမက အာဆီယံ အဆင့် ဒေသတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေမှ အ ပြည်ပြည်ဆိုင်ရာထိန်းသိမ်းရေးနယ်မြေဆိုဒ်အဖြစ်သို့ တိုး တက်ပြောင်းလဲနိုင်ရေးအတွက် စိန်ခေါ်မှုများ၊ အခက်အခဲ များရင်ဆိုင်ကြဲတွေ့နေရသော်လည်း သက်ဆိုင်ရာ ဌာန ဆိုင်ရာများ၊ ဆက်စပ်ပြည်တွင်းပြည်ပအသင်းအဖွဲ့ကြီးများ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအ သင်းအဖွဲ့များနှင့် ပြည်သူလူထုတို့ ပူးပေါင်းအားဖြင့် အနာ ဂတ်မျိုးဆက်အမွေကို ဟန်ချက်ညီထိန်းသိမ်းမှုများဖြင့် ဆောင်ရွက်နိုင်ကြပါရန် ကြိုဆိုပန်ကြားသတင်းစကားရေး သားတင်ပြအပ်ပါသည်။

သက်ရှိငယောက တည်မြဲပို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

စာမျက်နှာ (၂၉) မှအဆက်

ထားသည့် ဓာတုဖျော်ရည်အား (Mixture of Boric Acid and Borax) အား အသုံးပြုစမ်းသပ် ခဲ့ရာ မှိုဒဏ်ကိုထိရောက်စွာကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။

- ကစီဓာတ်ပါဝင်မှုတွင် ဝါး (၄)မျိုးလုံးတွင် အဖျား ပိုင်း၌အများဆုံးဖြစ်ပြီး အရင်းပိုင်း၌အနည်းဆုံးဖြစ် ကြောင်း တွေ့ရပါသည်။
- ကြာရှည်ခံစေသောနည်းများအနက် ရေတွင် စိမ် သောနည်းသည် ကစီဓာတ်ကို ထိရောက်စွာ လျော့ချနိုင်သော်လည်း ၁၀% ပြင်းအားရှိ Boric Acid နှင့် Borax ဖျော်ရည်တွင် စိမ် သောနည်းသည် မှိုဒဏ်ကို ထိရောက်စွာ ကာ ကွယ်နိုင်ကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ဝါးသယံဇာတကြွယ်ဝသော မြန်မာ နိုင်ငံတွင် အရည်အသွေးမြင့်ဝါးကုန်ကြမ်းများနှင့် ဝါးထုတ် ကုန်များရရှိရန် အသုံးချမည့်ဝါးကို မှိုဒဏ်နှင့် အင်းဆက် ပိုးဒဏ်ခံနိုင်ရန်အတွက် ကြာရှည်ခံစေသောနည်းများဖြင့် ထိန်းချုပ်ပြုပြင်မှုများနှင့် ကာကွယ်ခြင်းနည်းလမ်းများကို အသုံးပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါသည်။

References:

၁။ Charmelita B. Bersalona (Philippines) 2016 _ Bamboo In Kyeik Pe Lan and Pya Thar Chaung , Dawei District, Myanmar

၂။ Daw Khin May Lwin, Research Officer_ Study on Investigation on Chemical Properties of Some Myanmar Bamboo Species The Medicinal Plant of Myanmar

၃။ Dinesh Bhonde , 2014 _ Physical an Mechanical Properties of Some Bamboo Species

၄။ Dr.Thida Hlaing, Associate Professor(Taunggyi University) _ Study on Taxonomic Characters and Uses of Bamboo Culture in Myanmar

၅။ Myanmar Rattan and Bamboo Entrepreneurs Associators , 2015 __MYANMAR BAMBOO SECTOR COMPETITIVENESS STUDY

၆။ ဒေါ်ချိုချိုဝင်း(၂၀၁၁) ဝါးကိုကြာရှည်ခံအောင် ပြုပြင်ခြင်းနည်းလမ်းများ

၇။ ဒေါက်တာစန်းဝင်း(၂၀၁၄)ဝါးမျိုးပွားခြင်း။ ဝါးစိုက်ပျိုးပြုစုခြင်းနှင့် ဝါးခုတ် ယူနည်းများ

PDF Compressor Free Version



သစ်တောစိုက်ခင်းများတွင် ပေါင်းသင်ရှင်းလင်းခြင်းနှင့်အတူ စိုက်ပင်များအား ထိရောက်သည့် မြေဆွစနစ် (Effective Soil Working or Effective Hoeing) ဖြင့် ပြုစုဆောင်ရွက်ပေးခြင်း

ဦးခင်မောင်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သစ်တောများပျက်စီးပြုန်းတီး(Deforestation) မှုကြောင့် မူလတောအခြေအနေသို့ သဘာဝအတိုင်း ပြန်လည်ရောက်ရှိရန် ခက်ခဲသည့် နေရာများအား သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း နည်းစနစ်ဖြင့် ဆောင်ရွက်ပြီး သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ တောအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့အရ ခွဲခြားသတ်မှတ်ထားသည့် အလုပ်တိုက်နယ်အမျိုးအစားများ အလိုက်တည်ထောင်သည့်စိုက်ခင်းအမျိုးအစားများ ကွဲပြားပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းအား နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍစသည့်နည်းလမ်းများဖြင့် နှစ်(၃၀)ပင်မစီမံကိန်း (30 years Master Plan)နှင့်အညီ နှစ်စဉ် လျာထားချက်များသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်အား သတ်မှတ်ရာသီ ကာလအလိုက် အချိန်မီဆောင်ရွက်ရန် လိုအပ်သည့်အပြင် လုပ်ငန်းစဉ်များအားအရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခြင်းနှင့်အတူ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းပေးမှသာ ရှင်သန်ကြီးထွားမှုကောင်းမွန်အောင်မြင်သည့် စိုက်ခင်းဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ပါသည်။

ကြီးထွားရှင်သန်မှု ကောင်းမွန်သည့်စိုက်ပင်များဖြစ်ထွန်းစေရေးအတွက် အောက်ပါ အချက်အလက်များနှင့် ပြည့်စုံစွာ စနစ်တကျဆောင်ရွက်ရပါမည်-

(က)စိုက်ခင်းမြေပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးအောင်ဆောင်ရွက်ခြင်း၊ (တောင်ယာခုတ်/မီးရှို့/ကျွန်းခွေ/ပန္ဒက်ရိုက်)

(ခ)အောင်လုံသန့်စွမ်းသည့် ပျိုးသက်ပြည့်မီ ပျိုးပင်ဖြင့် စိုက်ပျိုးခြင်း၊

(ဂ)ပထမဆုံးရွာသည့်မိုး (FIRST RAINING) တွင် မြေအစိုဓာတ်လုံလောက်ချိန် အမိအရစိုက်ပျိုးခြင်း၊

(ဃ)စိုက်ပင်ပြုစုခြင်းလုပ်ငန်းများ (Tending Operation)ကို သတ်မှတ်ချိန်ကာလများ အမီအပြည့်အဝ ဆောင်ရွက်ပေးခြင်း၊

(င) စိုက်ပင်တစ်ပင်ချင်းအလိုက် ပန္ဒက်မှတ်ပုံတင်ဖြင့် မှတ်တမ်းရေးသွင်းထားရှိပြီး စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းခြင်း၊

စာရေးသူအနေဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (Myanmar Reforestation and Rehabilition Program – MRRP) တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ စီမံကိန်း ဇုန်-၃(ပဲခူးတိုင်းဒေသကြီး)နှင့် ဇုန်-၂(ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး) များတွင် ဇုန်တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ရာတွင် ဇုန်များအတွင်း နှစ်စဉ်လျာထားချက်ပါ စိုက်ခင်းများ (အထူးသဖြင့် - စီးပွားရေးစိုက်ခင်းများ)အား ရှင်သန်ကြီးထွားမှုကောင်းမွန်ပြီးလျာထားချက်ပြည့်မီစေရေးအတွက် မိမိ၏လုပ်သက်တစ်လျှောက် ကိုယ်တိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ အောက်ပါလုပ်ငန်းနည်းစနစ်(၂)မျိုးကို အထူးကြပ်မတ် အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါသည်။

(က)စိုက်ခင်းပန္ဒက်မှတ်ပုံတင်တွင် စိုက်ပင်များ မှတ်တမ်းသွင်းလုပ်ငန်း (Staking Registrars)

(ခ) စိုက်ပင်များ ထိရောက်သည့်မြေဆွစနစ် ဆောင်ရွက်ပေးခြင်း (Effective Soil Working or Effective Hocing)

PDF Compressor Free Version

အဆိုပါလုပ်ငန်း နည်းစနစ်(၂)မျိုးအနက် စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့်စိုက်ပင်များ လျင်မြန်စွာ ကြီးထွားသန်စွမ်းစေရေးအတွက် ထိရောက်သည့်မြေဆွေးနှစ်ဆောင်ရွက်ပေးခြင်း (Effective Soil Working or Effective Hoeing)အား အထူးအလေးထားကြပ်မတ် ဆောင်ရွက်စေခဲ့ပါသည်။ စိုက်ပင်များ ထိရောက်သည့်မြေဆွေးနှစ်ဆောင်ရွက်ပေးခြင်း (Effective Soil Working or Effective Hoeing) နည်းစနစ်သည် လွယ်ကူရှင်း လင်းပြီး အဆင့်(၄)ဆင့်ပါဝင်ပြီး ကျွမ်းကျင်သူလုပ်သားတစ်ဦးအနေဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်ပါသည်။ ၎င်းလုပ်ငန်းအဆင့်များမှာ-

အဆင့်-၁ ပေါက်ပြားအရိုးအဖျားအစွန်တွင် လက်တစ်ဖက်၊ ပေါက်ပြားအရိုးအလယ်တွင် လက်တစ်ဖက်ဖြင့် ပိုင်နိုင်စွာဆုပ်ကိုင်၍ ပေါက်ပြားဖောင်းဖြင့် စိုက်ပင်၏အခြေမှ တစ်ထွာပတ်လည်အတွင်း မြေကြီးအား (သလပါဖြင့် ထိုးဆွသကဲ့သို့) အောက်စိုက်ထိုးခြေခြင်း၊ (လုပ်သားသည် စိုက်ပင်မှ ပေါက်ပြားတစ်ကမ်းစာတွင် ခြေကားခွရပ်၍ ခါးကိုကိုင်းထားရပါမည်။ ပေါက်ပြားနှင့်ပေါက်ပြားရိုးအကြားတွင် စိုက်ပင်ရှိနေရပြီး ခတ်ဆတ်ဆတ်တူးဆွရပါသည်။ ပေါက်ပြားရိုးကို လှုန်ပြီး မကိုင်ရပါ။ လူမှ ခွရပ်အနေအထားဖြင့် အပင်တစ်ပတ်လည် အလိုက်သင့်လှည့်၍ အပင်ခြေရှိ မြေကို တူးဆွထိုးခြေခြင်းဖြစ်ပြီး အပင်၏အမြစ်ထိုးဖောက်မှု၊ အမြစ်အား လေနှင့်အစာရရှိမှု အားကောင်းစေရန် ဖြစ်ပါသည်။)

အဆင့်-၂ ပေါက်ပြားအရိုးအား လက်နှစ်ဖက်ဖြင့် ပိုင်နိုင်စွာဆုပ်ကိုင်၍ ပေါက်ပြားဖောင်းဖြင့် စိုက်ပင်၏ တစ်ထွာပတ်လည်မှ တစ်တောင်ပတ်လည် ဇရိယာအတွင်းရှိ မြေကြီးများကို (ဂေါက်ရိုက်သကဲ့သို့ ပေါက်ပြားအားလွှဲ၍)အားဖြင့်တူးပေါက်ခြင်း၊ (လုပ်သားသည် စိုက်ပင်မှပေါက်ပြားတစ်ကမ်းစာတွင် ခြေကားခွရပ်လျက် စိုက်ပင်၏ အရွက်အုံကို မထိစေရန် သတိပြုချိန်ဆ၍ ၄၅ ဒီဂရီ လွှဲ၍ ပေါက်ထုတ်ခြင်းဖြစ်ပါသည်။ လူမှ ခွရပ်အနေအထားဖြင့် အပင်၏တစ်ပတ်လည် အလိုက်သင့်လှည့်၍ တူးပေါက်မည့်ဇရိယာအတွင်းရှိ မြေကိုတူးဆွပေါက်ထုတ်ခြင်းဖြစ်ပြီး ထွက်လာသည့် မြေစာများကို အပင်ခြေသို့လည်းကောင်း၊ တူးပေါက်သည့် ဇရိယာအပြင်သို့လည်းကောင်း ယက်ထုတ်မှုမရှိစေဘဲ တူးသည့်နေရာ၌သာ ကျန်ရှိစေရပါသည်။ အပင်ပတ်လည်တွင် စိုက်ပြီးချိန် ရေဝပ်ကျင်းတူးဖော်ခြင်း ဖြစ်ပါသည်။)

အဆင့်-၃ ပေါက်ပြားအရိုးအား လက်နှစ်ဖက်ဖြင့် ပိုင်နိုင်စွာဆုပ်ကိုင်၍ ပေါက်ပြားအသွားဖြင့် အပြားလိုက်အောက်စိုက်၍ စိုက်ပင်၏ တစ်တောင်ပတ်လည် တူးဆွထားသည့် ကျင်း၏အပြင်နှုတ်ခမ်းပတ်လည်အား နှုတ်ခမ်းသတ်လုံးခြင်း၊ (ကျင်းချောခြင်း)၊ (လုပ်သားသည် စိုက်ပင်မှ ပေါက်ပြားတစ်ကမ်းစာတွင် ခြေကားခွရပ်၍ ခါးကိုင်းကာ စိုက်ပင်၏အရွက်အုံကိုမထိစေရန် သတိပြုလျက် အပင်၏ တစ်ပတ်လည် ခပ်ဆတ်ဆတ်တူးပေါက်ခြင်းဖြစ်ပါသည်။ ကျင်းအား အဝိုင်းပုံလုံးချောခြင်း ဖြစ်ပါသည်)

အဆင့်-၄ စိုက်ပင်နေရာရှိ မြေမျက်နှာပြင်အနေအထား အရ စိုက်ပင်၏အနိမ့်ပိုင်းအောက်ဖက်နေရာ ကျင်းနှုတ်ခမ်းအစပ်တွင် ခွရပ်၍ ပေါက်ပြားနှင့် အရိုးထိစပ်သည့် နေရာ (ပေါက်ပြား အရိုးအရင်းနေရာ)တွင် လက်တစ်ဖက်၊ ပေါက်ပြားအရိုး၏ အဖျားအစွန်တွင် လက်တစ်ဖက်ဖြင့် ပိုင်နိုင်စွာဆုတ်ကိုင်၍ စိုက်ပင်၏ တစ်ထွာပတ်လည်မှ တစ်တောင်ပတ်လည်ဇရိယာအတွင်း တူးပေါက်ထားသည့်မြေကြီးများအား ပေါက်ပြားဖောင်းဖြင့် ဘယ်ညာတစ်ချက်စီ လူရပ်နေသည့် နေရာတည့်တည့် အောက်ထိဆွဲချခြင်း၊ (Dam ကန်သင်းတုတ်ခြင်း)၊ (စိုက်ပင်၏ ညာဖက်ခြမ်းဆွဲချမည်ဆိုပါက ညာလက်ကို ပေါက်ပြားအရိုး၏ အရင်းနေရာ၊ ဘယ်လက်ကို ပေါက်ပြားအရိုး အဖျားနေရာကိုင်၍ ညာလက်ဖြင့်ဆွဲချရမည်။ စိုက်ပင်၏ ဘယ်ဖက်ခြမ်းဆွဲချမည်ဆိုပါက ဘယ်လက်ကို ပေါက်ပြားအရိုး၏အရင်းနေရာ၊ ညာလက်ကို ပေါက်ပြားအရိုးအဖျားနေရာကိုင်၍ ဘယ်လက်ဖြင့်ဆွဲချရမည်။ မြေဆွဲချရာတွင် ပေါက်ပြားအသွားအား စိုက်ပင်၏ အပြင်ဘက်ထားရှိပါက ပေါက်ပြားရိုးသည် အပင်အားထိခိုက်စေနိုင်ကြောင်း သတိမူရပါမည်)

EFFECTIVE ထိရောက်မှုအနေဖြင့် စိုက်ပင်၏ အခြေပတ်လည်တွင် မြေဆွထားသဖြင့် အမြစ်များ ကောင်းစွာပွားများထိုးဖောက်စွဲမြဲစေခြင်း၊ ပတ်လည်ကျင်း (ရေခံခွက်ကျင်း Dam)ကြောင့် အစိုဓာတ် လုံလောက်စွာထိန်းသိမ်းရရှိစေခြင်း၊ အပင်ပတ်လည်ပေါင်းမျက်နှိမ်နင်းနိုင်ခြင်းတို့ကြောင့် စိုက်ခင်းအပင်များ လျင်မြန်ကောင်းမွန်စွာရှင်သန်ကြီးထွားပြီး အောင်မြင်မှုရရှိစေနိုင်ပါသည်။

PDF Compressor Free Version

စိုက်ခင်းများတွင် အပင်များ စတင်စိုက်ပျိုးပြီး ပထမအကြိမ်ပေါင်းရှင်းချိန်တွင် စိုက်ပင်များအား ထိရောက်သည့်မြေဆွေးနစ်ဆောင်ရွက်ပေးခြင်း (Effective Soil Working or Effective Hoeing) မဖြစ်မနေဆောင်ရွက်ပေးသင့်ပါသည်။ စိုက်ခင်းမြေသြဇာကျွေးသည့်အခါ ရေခံခွက်နေရာ၌ ဖြူးချကျွေးခြင်း၊ အပေါက်ထိုးချကျွေးခြင်း ဆောင်ရွက်နိုင်ပါသည်။ ကျန်ပေါင်းရှင်းသည့် အကြိမ်များ (စိုက်ခင်း ၃ နှစ်သားအထိ) တွင်လည်း မြေကြီးအစိုဓာတ် လုံလောက်စွာရရှိသည့်ကာလများတွင် စိုက်ပင်များ ထိရောက်သည့်မြေဆွေးနစ်အား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းနိုင်ခြင်းနှင့်အတူ သိသာထင်ရှားစွာ ကြီးထွားရှင်သန်မှု ကောင်းမွန်ကြောင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

အထက်ပါအတိုင်း စိုက်ပင်များ ထိရောက်သည့်မြေဆွေးနစ်ဆောင်ရွက်ပေးခြင်း (Effective Soil Working or Effective Hoeing) နည်းစနစ်ပါ အဆင့် (၄)ဆင့် သည် လွယ်ကူရှင်းလင်းပြီး ကျွမ်းကျင်သူလုပ်သားတစ်ဦးအနေဖြင့် အဆင့်(၁)ဆင့်လျှင် (၁၀)စက္ကန့်မျှသာ ကြာမြင့်နိုင်ပြီး အပင်တစ်ပင်လျှင် ပျမ်းမျှ (၁)မိနစ်သာ ကြာချိန်ထား၍ တွက်ပါက (၁)နာရီလျှင် လုပ်သားတစ်ဦး အပင် (၆၀) ပျမ်းမျှပြီးစီးနိုင်ပါသဖြင့် အလုပ်ချိန်၊ အလုပ်ပမာဏ၊ ရန်ပုံငွေနှင့် လုပ်သားအင်အား ချိန်ဆနိုင်ပါသည်။

စိုက်ပင်များအားနည်းစနစ်မှန်ကန်စွာ မြေဆွေးနီးဆွေးခြင်း၊ အမြစ်ပတ်လည် အစိုဓာတ်လုံလောက်စွာရရှိရန် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးပါက အပင်ကြီးထွားဖွံ့ဖြိုးမှု လျင်မြန်ကောင်းမွန်စေနိုင်ပါသည်။ လက်တွေ့အားဖြင့် ပုပ်ွးတောင်အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေစီမံကိန်းတွင် တာဝန်ယူခဲ့စဉ် VIP အထူးစိုက်ခင်းများတွင် သာမန်စိုက်ကွက်ရှိ စိုက်ပင်များအား အလားတူ မြေဆွေးနစ်ဖြင့် ပြုစုခြင်းနှင့် မိုးမရွာပါက ရေလောင်းခြင်းတို့အား အကြိမ်ရေများစွာ ဆောင်ရွက်ခဲ့ရာ အပင်ကြီးရွှေ့ပြောင်းစိုက်ပျိုးခြင်းစနစ်ဖြင့် ဆောင်ရွက်သည့်စိုက်ကွက်ရှိ စိုက်ပင်များအရွယ်အစားသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်းရရှိနိုင်ခဲ့ပါသည်။ လက်ရှိအချိန်ကာလ MRRP စီမံကိန်းများတွင် ရန်ပုံငွေလျာထားချက်နှင့်အညီ ပေါင်းသင်ရှင်းလင်းခြင်းနှင့်အတူ ဆောင်ရွက်ရန်ဖြစ်သော်လည်း ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေအရ မြေကြီးအစိုဓာတ်လုံလောက်စွာရရှိနိုင်သည့်ကာလများတွင် သီးခြားအကြိမ်ရေများစွာဆောင်ရွက်ပေးခြင်းဖြင့် ကြီးထွားရှင်သန်မှု ပိုမိုထူးခြားကောင်းမွန်လာစေနိုင်မည် ဖြစ်ပါသည်

သစ်တောစိုက်ခင်းများတွင် စိုက်ပင်များအား ထိရောက်သည့် မြေဆွေးနစ်
(Effective Soil Working or Effective Hoeing) ဖြင့် ပြုစုဆောင်ရွက်ပေးခြင်း







သစ်တောသစ်ပင် ကျေးရွာရှင်၊ ထိန်းသိမ်းကြစို့ ထာဝစဉ်။

PDF Compressor Free Version



သတိထားရမဲ့ ကျွန်းပင်ညှိုးရောဂါ (Teak Fusarium Wilt)

ဒေါ်ဂျူးဂျူးသူ၊ ဒေါက်တာသက်ရည်ခိုင်၊ ဒေါက်တာသန့်ရှင်း

သစ်တောဦးစီးဌာနနှင့် အာရှဒေသသစ်တော ကဏ္ဍာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization- AFoCO တို့အကြား ၂၀၂၀ ပြည့်နှစ် ဖွန်လ (၂၅) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော စီမံကိန်းသဘောတူညီချက်အရ 'ပဲခူးတိုင်းဒေသကြီးအတွင်းတည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့်ဖျက်ပိုးနှင့် ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နှင်းခြင်းနည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်းစီမံကိန်း' အား ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလထိ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်း၏လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အပင်ဖျက်ပိုးနှင့်ရောဂါများ လစဉ်စာရင်း ကောက်ယူခြင်းလုပ်ငန်းအား သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်သစ်တောဝန်ထမ်းများနှင့် ပူးပေါင်း၍ဆောင်ရွက်လျက်ရှိပါတယ်။

အပင်ဖျက်ပိုးနှင့်ရောဂါများ စာရင်းကောက်ယူခြင်းလက်တွေ့သင်တန်းများကို သက်ဆိုင်ရာခရိုင်များတွင် ပြုလုပ်ပေးခဲ့ပါတယ်။ မြို့နယ်အလိုက်စာရင်းကောက်ယူရေးအဖွဲများကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်လို့ လုပ်ငန်းများ ပုံမှန်လည်ပတ်နေပါပြီ။ စီမံကိန်းခရိုင် (၂)ခုရဲ့ ဝန်ထမ်းတွေကတော့ မူလစိုက်ခင်းလုပ်ငန်းတာဝန်များအပြင် ဖျက်ပိုးနဲ့ အပင်ရောဂါကာကွယ်ရေးလုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်နေရပါတယ်။ ဒီခရိုင် (၂) ခုက သိပ္ပံနည်းကျ သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများ စတင်ခဲ့တဲ့ခရိုင်များဖြစ်သလို သစ်တောကြီးပိုင်းများ စတင်ဖွဲ့စည်းခဲ့တဲ့ ခရိုင်များဖြစ်ပါတယ်။ ယခုလည်း ဖျက်ပိုးနဲ့အပင်ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို သုတေသနနဲ့ပေါင်းစပ်ပြီး စတင်အကောင်အထည်ဖော်နိုင်တဲ့ခရိုင်တွေ ဖြစ်လာပါတယ်။ သတင်းအချက်အလက်စီးဆင်းမှုမြန်ဆန်စေဖို့ သစ်တောသုတေသနဌာန၊ စီမံကိန်းဝန်ထမ်းတွေနဲ့ မြို့နယ်ခရိုင်ဝန်ထမ်းတွေအတွက် Viber Group လေးဖွဲ့ထားပါတယ်။ လစဉ် အစီရင်ခံတွေ၊ ထူးခြားဖြစ်စဉ်တွေ၊ ပညာရှင်များရဲ့ အကြံပြုချက်တွေ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နေကြပါတယ်။ အင်မတန်ကောင်းတဲ့ အစီအစဉ်လေးပါ။

ယခုတင်ပြလိုတဲ့အကြောင်းအရာကတော့ သာယာဝတီမြို့နယ်ရဲ့ ၁/၂၀၂၂ စိုက်ခင်းမှာ စတင်တွေ့ရှိရတဲ့ ကျွန်းပင်ညှိုးရောဂါအကြောင်းဖြစ်ပါတယ်။ ၆-၁၀-၂၀၂၂ ရက်နေ့မှာ သက်ဆိုင်ရာစိုက်ခင်းတာဝန်ခံက ကျွန်းပင်တစ်ပင် ထူးဆန်းစွာ ညှိုးခြောက်နေကြောင်းဓာတ်ပုံနဲ့ တကွတင်ပြလာပါတယ်။ စီမံကိန်းမှ အပင်ရောဂါပညာရှင်ဖြစ်တဲ့ ဆရာမ ဒေါ်ဂျူးဂျူးသူနဲ့ တိုင်ပင်ရပါတယ်။

'ဆရာမရေ-ရောဂါကျတာတော့ တစ်ပင်တည်းပါပဲ။ ပေါ့ဆလို့တော့မဖြစ်ဘူးထင်တယ် '

'ဟုတ်တယ်ဆရာ - ဘာရောဂါလဲမသိဘူး၊ ရောဂါဖြစ်တဲ့အပင်ရဲ့အမြစ်၊ ပင်စည်၊ အရွက်နမူနာတွေနဲ့ မြေကြီးနမူနာတွေပါတောင်းပြီး ဓာတ်ခွဲခန်းမှာ စမ်းကြည့်ရအောင်၊ ဒါပေမဲ့ ကျမတို့ဓာတ်ခွဲခန်းက ပြုပြင်ဆဲဆိုတော့ သုံးလို့မရသေးဘူး၊ ဘယ်လိုလုပ်ကြမလဲ '

စိုက်ပျိုးရေးသုတေသနကို အကူအညီတောင်းရအောင်၊ အသုံးလိုမဲ့ပစ္စည်းတွေ ဝယ်ပေးမယ်၊ ဓာတ်ခွဲခန်းသုံးခွင့်ရဖို့ ဆရာမ ဒေါက်တာသက်ရည်ခိုင်ကိုလဲ အကူအညီ တောင်းရအောင်လေ '

'ကောင်းတယ်ဆရာ၊ ဆက်လုပ်လိုက်ပါ့မယ်'

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး မှ တစ်ဆင့် ရုံးစာနဲ့ စိုက်ပျိုးရေးသုတေသန ညွှန်ကြားရေးမှူးချုပ်ထံအကူအညီတောင်းခံခဲ့တော့ လွယ်လွယ်ကူကူပဲ ခွင့်ပြုပေးခဲ့ပါတယ်။ ဒီလိုနဲ့ သာယာဝတီမြို့နယ်က ပေးပို့လာတဲ့ အပင်ရောဂါနမူနာတွေ စိုက်ပျိုးရေးသုတေသနဌာန ဓာတ်ခွဲခန်းမှာစမ်းသပ်ခဲ့ကြပါတယ်။

စမ်းသပ်တွေ့ရှိချက်အရ ကျွန်းပင်ညှိုးရောဂါကို ဖြစ်စေတာကတော့ *Fusarium* spp. ဆိုတဲ့မှိုတစ်မျိုးကြောင့်ပါ။

ဆရာမ ဂျူးဂျူးသူရေ... ရောဂါဖြစ်စေတဲ့ မှိုကိုတော့ သိရပြီ၊ ဒီရောဂါကို ဘယ်လိုနှိမ်နင်းကြမလဲ '

'ရောဂါကျတဲ့အပင်ကိုနုတ်ပြီး မီးရှို့ခိုင်းရင်ကောင်းမယ်၊ အဲဒီအပင်နေရာမှာလဲ အခြားကျွန်းပင် ထပ်မစိုက်သင့်ဘူး'

'ကောင်းမယ်ထင်တယ်ဆရာမ-ဒီနှစ်မှ စိုက်တဲ့အပင်ပဲလေ။ ငယ်သေးတော့ အဲလိုပဲလုပ်ရအောင် '

'နောက်ပြီး အဲဒီ အပင်လိုမျိုးရောဂါကျတဲ့ အပင်

PDF Compressor Free Version

အစိတ်အပိုင်းတွေကို အခြားအပင်တွေ ခြေရင်းမှာပုံထားတာတို့ အနီးမှာထားတာတို့ တားမြစ်ရမယ်၊ အသုံးပြုတဲ့ ဓားတို့ တူရွင်းတို့ ကိုလည်း တစ်ခါတည်းဆပ်ပြာနဲ့ ဆေးကြောသန့်စင်ထားရမယ် '





'ဘယ်လိုဆေးတွေက ထိရောက်မှုရှိနိုင်လဲ'

"Thiophanate Methyl ပါတဲ့ဆေးတွေကတော့ ထိရောက်တယ်ဆရာ၊ *Trichoderma* လည်း သုံးလို့ရမယ် '

'ဆရာမ ဂျူးဂျူးသူရေ– သာယာဝတီမြို့နယ် ကာကွယ်နှိမ်နင်းနည်းတွေ viber group ကနေ တစ်ခါတည်း အကြောင်းကြားဖို့ကူညီပေးပါဦး ' 'အကြောင်းကြားလိုက်ပါ့မယ်ဆရာ '

အပင်ရောဂါလဲသိပြီ၊ ကာကွယ်နှိမ်နင်းနည်းတွေလည်း အကြောင်းကြားနိုင်ပြီဆိုတော့ နည်းနည်းတော့ စိတ်အေးရပါပြီ၊ စိုက်ခင်းတာဝန်ခံများကို အကြံပြုလိုတာကတော့ ကျွန်းပင်ညှိုးရောဂါဖြစ်လာရင် တင်ပြခဲ့တဲ့နည်းလမ်းများအတိုင်း ကြိုတင်ကာကွယ်နှိမ်နင်းမှုများ ပြုလုပ်ပေးစေလိုပါတယ်။ ဆရာဝန်တွေပြောသလိုပဲ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်ပါတယ်။

ယခုတင်ပြခဲ့တဲ့စာစဉ်လေးကတော့ ကျန်းမာသန်စွမ်းတဲ့ကျွန်းစိုက်ခင်းများ တည်ထောင်နိုင်ရန်အတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်ဖို့ အကြံပြုရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါတယ် ။








ဓာတ်ခွဲခန်းအတွင်းမွေးမြူထားသည့် *Fusarium oxyporium*



သဘာဝကြီးကို ဘာမှ ပြန်ဖြည့်ဆည်းဘဲ အယူချည်းပဲ ယူတာ ကောင်းသလား။



သဘာဝဝန်းကျင် ဆုံးဖြတ်ချက်တွေချတဲ့အခါ အနာဂတ်မျိုးဆက်အပေါ် တရားမျှတမှုရှိရမယ်။



မိမိမလိုတာကို ဝယ်ယူသူဟာ ကိုယ့်ဆီက ကိုယ် ပြန်လည်ဝိုးယူသူပါ။



တခုခု ပွန့်ပဲ့ပြီးတဲ့အခါ ကိုယ့်ဘာသာ သန့်ရှင်းပါ။



လမ်းမကောင်းတာထက် လမ်းပေါ်မှာ အမှိုက်ပွနေတာက ပိုရှက်ဖို့ကောင်းတယ်။



သစ်တစ်ပင်ရှင်အောင် ဆောင်ရွက်ခြင်းဟာ အသက်တစ်ချောင်းကယ်ခြင်းပါ။

APK

PDF Compressor Free Version

ကျေးဖုံးမှအဆက် ➤

ကောရင်ပင်



ပင်စည်၌ အကိုင်းများအနည်းငယ်သာပါရှိသည်။ အခေါက်မှာထူ၍ ညိုဝါရောင်ရှိပြီး နက်သည့် အက်ကွဲကြောင်းများ ပါရှိသည်။ အခေါက်များ၌ လည်ဖော့များပါရှိသည်။ အကိုင်းများမှာလည်း ကျယ်ပြန့်၍ ဘေးသို့ ဖြာထွက်နေကြသည်။ အလွန်အေးသောဒေသများမှ အပ မြန်မာနိုင်ငံ အနှံ့အပြား၌ပေါက်ရောက်ကြသည်။ ၄င်းအပင်၏ သက်တမ်းမှာ ၄၀ နှစ်ဖြစ်သည်။ အကိုင်းဆတ်သဖြင့် လေပြင်းတိုက်ခတ်သည့်အခါ အလွန်ကျိုးလွယ်သည်။

ပုံသဏ္ဌာန်

အရွက်များသည် အလွန်လှပပြီး နှစ်ဆင့် ၄က်မွေးပုံရွက်ပေါင်းဖြစ်သည်။ ရွက်မြွာကလေးများသည် မျက်နှာချင်းဆိုင်ထွက်ကြသည်။ ရွက်မြွာကလေးများမှာ ဘဲဥပုံဖြစ်ပြီး ရွက်ထိပ်ချွန်သည်။ ထိပ်တွင် ရွက်မြွာတစ်ရွက်ပါရှိပြီး ရွက်မြွာအနားများ၌လည်း လွသွားပုံ ခွေးသွားစိတ်များ ကျဲကျဲပါရှိသည်။ အရွက်များသည် ပါးပြီး ရွက်ပြားချောသည်။ ရွက်ကြောများပေါ်၌လည်း ရှည်၍ အဖြူရောင်ရှိသော အမွေးနုများ အနည်းငယ် ပါရှိသည်။

ရွက်မြွာရွက်ညှာများမှာလည်း ၀.၂ မှ ၁ စင်တီမီတာအထိရှည်သည်။ အရွက်များသည် ဇန်နဝါရီလမှ မတ်လအတွင်း ရွက်ဟောင်းများ ကြွေကျသည်။ ရွက်နု ရွက်သစ်များသည် ဧပြီလမှ မေလအတွင်း ပြန်ထွက်လာကြသည်။ ပန်းများသည် ရွက်အုပ် တစ်ခုလုံးမှ အမြောက်အများ ပွင့်ကြသဖြင့် အလွန်လှပပါသည်။ ပန်းများသည် ညနေ စောစောအချိန်၌ ပွင့်ကြသည်။ ပန်းများမှာ စံပယ်ပန်းနှင့် ပုံသဏ္ဌာန်တူ၍ လုံးဝဖြူပြီး ကိုင်ကြည့်ပါက ဖယောင်းကဲ့သို့နူးညံ့ပါသည်။

ပန်းများသည် အနံ့ အနည်းငယ်မွှေးကြိုင်ပြီး ဇန်နဝါရီလမှ နိဝင်ဘာလအတွင်း ပွင့်ကြသည်။ အသီးမှာ အသီးတောင့်မျိုးဖြစ်ပြီး အသီးများမှာ ပါး၍ ရှည်လျားကြသည်။ အသီးတောင့်များသည် အလျား ၃၀–၄၀ စင်တီမီတာအထိ ရှည်သည်။ အသီးတောင့်များသည် ဖေဖော်ဝါရီလမှ မတ်လအတွင်း ရင့်မှည့်ကြသည်။ အသီးတောင့်များသည် ချောရှိုက်ကွဲအက်ပြီး နှစ်ခြမ်းကွဲထွက်သည်။ အစေ့များမှာ ၁.၅ မှ ၃.၅ စင်တီမီတာခန့် ကျယ်ပြန့်သော အဝိုင်းပုံအပြားဖြစ်၍ အစေ့အနား၌ အလင်းရောင် ပေါက်ပြီး ကျယ်ပြန့်သော အတောင်သဖွယ် အဖတ်များ ပါရှိကြသည်။ ကျောက်ပေါများသည့် နေရာများ၌ ကျဲကျဲပေါက်ရောက်ကြသည်။ များသောအားဖြင့် စိုက်ပျိုးထားသည့် အပင်များကိုသာ အတွေ့ရများသည်။ အမြစ်များ ဖြာထွက်လျက်ရှိသည်။ ရေသောက်မြစ်မှာ မြေကြီးအတွင်းသို့ နက်ရှိုင်းစွာ ထိုးဝင်သော်လည်းဘေးမြစ်မွှာများမှာ မြေတွင်ကပ်ဖြန့်လျက် ရှိကြသည်။ ဘေးမြစ်များမှလည်း အပင်ငယ်များပေါက်ရောက်ကြသည်။

သစ်သား

သစ်သားသည် ဆတ်၍ ကျိုးလွယ်သည်။ မြန်မာနိုင်ငံ၌ ၄င်းသစ်ကို အသုံးပြုခြင်းလည်း မရှိကြပေ။ များသော အားဖြင့် အရွက်၊ အပွင့်၊ အညွှန့်၊ အမြစ်များကို အသုံးပြုကြသည်။

အာနိသင်

မြန်မာဆေးကျမ်းများ အလိုအရ ကောရဇ်သည် အေးဓာ၊ ခါးသော အရသာရှိ၏။ သွေးကိုတက်ကြွစေ၏။ ငြိမ်းလဲ ငြိမ်းစေ၏။ လေကို ငြိမ်သက်စေ၏။

အာသုံးပြုပုံများ

၁။ အရွက်များကို ပြုတ်၍ သုပ်စားလျှင်လည်းကောင်း၊ ကြော်စားလျှင်လည်းကောင်း မီးယပ်ငုပ်ခြင်းနှင့် သွေးတိုး ရောဂါ ပျောက်၏။

၂။ အပွင့်ကို ဟင်းချိုချက်စားခြင်း၊ အညွှန့်ကို တို့စရာအဖြစ် စားခြင်းဖြင့် သွေးတိုး၊ နှလုံးတုန် ရောဂါတို့ကို ပျောက်ကင်း စေနိုင်၏။

၃။ အမြစ် သို့မဟုတ် အခေါက်ကို သွေးပြီး လျှာကိုပွတ်ပေးပါက အရက်မူးလွန်ခြင်းကို ပြေစေ၏။

၄။ အမြစ်နှင့်အခေါက်ကို သွေး၍ မျက်စိကွင်းပေးပါက မျက်စိနာ ပျောက်ကင်း၏။

၅။ ဝမ်းကြေ၊ ရင်ကြောများ တင်းမာခြင်းအတွက် အမြစ်ကို ဆန်ဆေးရေနှင့် သွေးလိမ်းပါကပျောက်ကင်း၏။

၆။ အမြစ်အစိုကို ထန်းလျက်နှင့် ကျိ၍ သောက်ခြင်းဖြင့် ခရသင်းရောဂါ ပျောက်ကင်းစေနိုင်သည်။

PDF Compressor Free Version

စီမံကိန်းဆိုင်ရာအချက်အလက်

စီမံကိန်းအမည်	-	အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့် ပညာပေးရေး သင်တန်းကျောင်း တည်ထောင်ခြင်း စီမံကိန်း
	-	The Establishment of ASEAN-ROK Forest Cooperation Regional Education and Training Centre (AFoCO RETC)
ရည်ရွယ်ချက်	-	အာရှဒေသအဆင့် သင်တန်းကျောင်း တည်ထောင်၍ AFoCO အဖွဲ့ဝင် နိုင်ငံများ၏ သစ်တောကဏ္ဍဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရန်၊
	-	အာရှဒေသအတွင်း ရေရှည်တည်တံ့စေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နည်းပညာ နှင့် သဘင်းအချက်အလက်များ ဖလှယ်သည့် ကွန်ယက်တစ်ခု ဖြစ်လာစေရန်၊
	-	ရာသီဥတု ပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများနှင့် ဒေသခံများ၏ လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်။

လေ့ကျင့်ရေးနှင့်သုတေသနဌာန



AFoCO RETC ၏ ဒေသခံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခုဖြစ်သည့် တိုးချဲ့ပညာပေးအစီအစဉ်(Eco-school)အရ ၂၀၂၂ ခုနှစ် သင်တန်းအစီအစဉ်များအရ အခြေခံပညာကျောင်းသား/ ကျောင်းသူများ၏ 'သစ်တော နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာပေးအစီအစဉ် (Eco-school)' ကို ၂၇-၉-၂၀၂၂ ရက်နေ့၌ မော်ဘီမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ မူလတန်းလွန်ကျောင်းမှ ကျောင်းသား/ကျောင်းသူစုစုပေါင်း(၉၄)ဦးအား လည်းကောင်း၊ ၂၈-၉-၂၀၂၂ ရက်နေ့၌ မော်ဘီမြို့နယ်၊ အခြေခံပညာကျောင်းပေါင်း(၃၀)မှ ဆရာ/ဆရာမ (၆၂)ဦးအား လည်းကောင်း RETC သင်တန်းကျောင်းသို့ဖိတ်ကြား၍ 'သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သိကောင်းစရာများ' အကြောင်းအရာနှင့် 'သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးစေရေးဆိုင်ရာသိကောင်းစရာများ' အကြောင်းအရာအား သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးနေမျိုးဝင်းက ဟောပြောဆွေးနွေးပို့ချခဲ့ပါသည်။

ဟောပြောပို့ချမှုများပြီးသည့်နောက် လေ့လာရေး ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား လေ့ကျင့်ရေးသစ်တောအတွင်းရှိ သက်ကြီးကျွန်းနှင့် ပျဉ်းကတိုးပင်များပြသ၍ ရှင်းလင်းပြောကြားခြင်း၊ သစ်တောသုတေသနစခန်းအမှတ် (၉) သစ်တောပျိုးဥယျာဉ်သို့သွားရောက်၍ ပျိုးပင်များ ပျိုးထောင်မှုအဆင့်ဆင့်၊ မြေဆွေးရောစပ်ပုံ၊ ပျိုးအိတ်ထဲသို့ မျိုးစေ့ထည့်ပုံနှင့် ပျိုးပင်များ ရှင်သန်ကြီးထွားစေရေး ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ပျိုးဥယျာဉ်တာဝန်ခံက ရှင်းလင်းခြင်း၊ ဆက်လက်၍ စနစ်တကျ သစ်ပင်စိုက်ပျိုးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီးနောက် ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ စိန်ပန်းနှင့် ပိတောက် စသည့် သစ်မျိုးများအား ဝန်ထမ်းများနှင့် လေ့လာရေးအဖွဲ့ဝင်များမှ စုပေါင်းစိုက်ပျိုးခဲ့ပါသည်။


၂၀၂၂ ခုနှစ်၊ AFoCO သင်တန်းအစီအစဉ်များအရ အာရှပစိဖိတ်ဒေသအတွင်း သစ်တောမြေတစ်ခုလုံးပြန်လည်ပြုစုထိန်းသိမ်းခြင်း၊ သစ်တောမြေတစ်ခုလုံးပြုစုထိန်းသိမ်းခြင်းအတွက် ကာဗွန်အကျိုးအမြတ်နှင့်ရာသီဥတုပြောင်းလဲမှုရန်ပုံငွေအခွင့်အလမ်းရှာဖွေခြင်း (Forest Landscape Restoration in the Asia-Pacific Region: Accessing Climate Change Finance and Carbon Benefits for FLR) စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ online စနစ်ဖြင့် ဖွင့်လှစ်ကျင်းပခဲ့ပြီး မြန်မာအပါအဝင် AFoCO နှင့် ITTO တို့၏ အဖွဲ့ဝင်နိုင်ငံပေါင်း(၁၄)နိုင်ငံမှ သင်တန်းသား (၅၃)ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ(၇)ဦးတို့မှ အဓိကဆွေးနွေးပို့ချခဲ့ပါသည်။




PDF Compressor Free Version

ကောက်ပင်

ဦးဟုတ်လင်း







အင်္ဂလိပ်အမည်။ Indian cork tree. Tree jasmine.

ရုက္ခဗေဒအမည်။ *Millingtonia hortensis* Linn.

မျိုးရင်း ။ Bignoniaceae.

မျိုးစု။ Millingtonia

မျိုးစိတ်။ hortensis. စသည်တို့ ဖြစ်ကြသည်။

ဌင်းမျိုးရင်းဌ ပါဝင်သော သစ်ပင်များမှာ --

၁။ သခွတ်ပင် *Dolichandrone falcata.*

၂။ ဟင်းခွတ်ပင် Mangrove trumpet tree,*Dolichan- drone spathacea.*

၃။ ဖက်သန်းပင် Karen wood, *Heterophragma adenophylla.*

၄။ စိန်ပန်းပြာ Jacaranda , *Jacaranda acutifolia.*

၅။ ကြောင်လျှာပင် Cat's tongue, *Oroxylum indicum.*

၆။ အာဖရိကကျူးလစ်ပင် African tuliptree,*Spathodea campanulata.*

၇။ တပေဘူတအပင် Rosy trumpet tree, *Tabebuia rosea.*

၈။ စိန်တံချူပင် Yellow bell, Yellow elder, *Tecoma stans.* စသည်တို့ ဖြစ်ကြသည်။

ပေါက်ရောက်ခြင်း

ကောင်ပင်များမူလပေါက်သည်ဒေသမှာ မြန်မာနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံအနှံ့အပြားဌ ဥယျာဉ်များနှင့် လမ်းဘေးဝဲယာဌ အများအပြားစိုက်ပျိုးကြသည်။ ကောင်ပင်သည် ရာသီအလိုက် အရွက်ကြွေသောအပင်မျိုးဖြစ်သည်။ ပင်စည် ဖြောင့်မတ်ရှည်လျားသော သစ်ပင်ကြီးမျိုးဖြစ်သည်။ အရွယ်ရောက်သည့် အပင်ကြီးများသည် အမြင့် ပေ ၄၀မှ ၅၀ အထိနှင့် ပင်စည် မှာ ရင်ဘို လုံးပတ် ၅ ပေခွဲအထိ ကြီးအောင်ပေါက်နိုင်သည်။